
www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း၏
# စီးပွားရေးအမြင်




BURMESE CLASSIC .com

ဒုတိယအကြိမ်

တင်စိုး(ဘောဂဂုဏ်)

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်

၄၀၀၄၂၀၀၄၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၄၀၀၄၃၀၀၅၁၀

မျက်နှာဖုံးဒီဇိုင်း

နေမင်း (Knowledge Bridge)

ကွန်ပျူတာစာစီ

ရွှန်ပွင့်ကွန်ပျူတာ

ထုတ်ဝေသည့်အကြိမ်၊ ကာလ

ပထမအကြိမ်၊ ရွှန်လ၊ ၁၉၇၄ ခုနှစ်
ဒုတိယအကြိမ်၊ ရွှန်လ၊ ၂၀၁၀ ခုနှစ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဒေါ်ဝင်းမာတင် (ရွှန်ပွင့်စာပေ)
အမှတ် (၇၇/ဒီ)၊ ဓမ္မပါလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးတင်အောင်ကျော်(စွယ်တော်ပုံနှိပ်တိုက်)
အမှတ် ၁၄၇၊ ၅၁ လမ်း၊ ရန်ကုန်မြို့။

တန်ဖိုး

၂၀၀၀ ကျပ်

၃၃၀.၉၅၉၁

တင်စိုး(ဘောဂဗေဒ)

ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးအမြင် / တင်စိုး(ဘောဂဗေဒ)။

ရန်ကုန်၊

ရွှန်ပွင့်စာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၀။

၁၆၄ - စာ၊ ၂၁ × ၁၃.၅ စင်တီ။

(၁) ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးအမြင်


# မာတိကာ


- စာရေးသူ၏ ကိုယ်ရေးအကျဉ်း ၁၆
- စာရေးသူ၏ အမှာစာ ၁၉

၁။ ဗိုလ်ချုပ်အောင်ဆန်းသည် စီးပွားရေးပညာရှင်တစ်ယောက်လော ၂၅

၂။ ဗိုလ်ချုပ်အောင်ဆန်းနှင့် မာက်စ်ဝါဒ ၂၉

၃။ ဗိုလ်ချုပ်အောင်ဆန်းနှင့် လယ်ယာမြေပြဿနာ ၄၁

၄။ စက်မှုထူထောင်ရေး ၆၀

၅။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ငွေကြေးဖောင်းပွမှုပြဿနာ ၆၅

၆။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အလုပ်လက်မဲ့ပြဿနာ ၈၇

၇။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အရင်းအနှီးရရှိရေးပြဿနာ ၉၅

၈။ ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းသော ဆိုရှယ်လစ်စီးပွားရေးပုံစံ ၁၀၃

၉။ ဗိုလ်ချုပ်အောင်ဆန်း၏ အနာဂတ်မြန်မာနိုင်ငံ စီးပွားရေးပုံစံ၏
ခြေရာခံရာဇစ်မြစ် (သို့မဟုတ်)
မြန်မာ့လူ့ဘောင်တိုးတက်ဖြစ်ပေါ်မှုအပေါ်
ဗိုလ်ချုပ်အောင်ဆန်း၏ သုံးသပ်ချက် ၁၂၂

၁၀။ အာရှနိုင်ငံများအချင်းချင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ၁၃၆

၁၁။ နိဂုံး (သို့မဟုတ်) မြန်မာများ စည်းကမ်းပိုရှိရေး ၁၅၀


www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

"ရုပ်ရှင်ရုံများနှင့် ဇာတ်ရုံများသည် လူတို့၏စီးပွားရေး အခြေအနေကို ဖော်ပြသည့် ညွှန်ကိန်းအမှန်များမဟုတ်၊ အခြားတိုင်းပြည်တွင် ဟုတ်နိုင်စေကာမူ ဗမာပြည်တွင် မဟုတ်နိုင်ကြောင်းကို သူတို့သိပါ၏လော. . . ယနေ့ ရန်ကုန်နှင့် မြို့ကြီးအနည်းငယ်တွင်သာ ရှိသော ရုပ်ရှင်နှင့် ဇာတ်ရုံထောင်သူများ၊ မှန်မှန်ကြည့်သူများသည် ယေဘုယျအားဖြင့် အလယ်အလတ်နှင့် အထက်တန်းလွှာ လူတန်းစားများသာ ဖြစ်ကြပြီး ဆင်းရဲသားအများစုမှ ရုပ်ရှင်နှင့် ဇာတ်ပွဲလာကြည့်သူ အနည်းစုမှာလည်း နက်ဖန် မည်သို့ပင်ဖြစ်လာစေကာမူ ၎င်းတို့၏ မလောက်မငှ ချို့တဲ့သော စားဝတ်နေရေး ဒုက္ခများကို ယာယီမေ့ပျောက်ထားလို၍ 'စိတ်ဆင်းရဲစရာတွေ ခဏမေ့စေတော့'ဟူသည့် အပန်းဖြေနည်းမျိုးဖြင့် လာကြည့်ကြခြင်းဖြစ်ကြောင်း သူတို့သိပါ၏လော . . ."

ဗိုလ်ချုပ်အောင်ဆန်း

(၁၆၊ ၅၊ ၄၆)

www.burmeseclassic.com

www.burmeseclassic.com



“ငွေကြေးဖောင်းပွမှု အခြေအနေကို ကျွန်ုပ်တို့ ကိုင်တွယ်ကြသောအခါ ကျွန်ုပ်တို့အနေဖြင့် ပြုပြင်မှုပိုပြီး အစွန်းတဖက်မှ အခြားအစွန်းတဖက်သို့ မရောက်အောင် သတိထားရန် လိုပေသည်။ အကြောင်းမှာ အခြားအစွန်း တစ်ဖက်သို့ ရောက်သွားလျှင် ငွေကြေးဖောင်းပွမှုမှ ငွေကြေးကျုံ့တွမှု ပြဿနာ ပေါ်လာနိုင်သောကြောင့် ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း

(၇၊ ၆၊ ၄၇)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




"ကျွန်တော်တို့ တိုင်းပြည်ပြန်လည်ထူထောင်ကြမယ်ဆိုလို့ ရှိရင်လဲ National Planning ခေါ်တဲ့ အဲဒီ စီမံကိန်းမျိုးတွေနဲ့မလုပ်ဘဲနဲ့ ဘယ်နည်းနဲ့မှ ကျွန်တော်တို့ တိုင်းပြည်ဟာ မကြီးပွားနိုင်ဘူး"

ဗိုလ်ချုပ်အောင်ဆန်း

(၁၃၊ ၆၊ ၄၇)

www.burmeseclassic.com

www.burmeseclassic.com



"စီးပွားရေးစနစ်ကို စီစဉ်တဲ့အခါမှာ တိုင်းပြည်
အခြေအနေ အမျိုးမျိုးကို ထောက်ဆပြီး လုပ်ရမယ်"

ဗိုလ်ချုပ်အောင်ဆန်း
(၁၇-၄-၄၇)

www.burmeseclassic.com

www.burmeseclassic.com



“ပြည်သူပိုင်လုပ်ငန်း လုပ်ခြင်းမှာ စိတ်သဘော
ဖြူဖြောင့်စွာနှင့် မှန်ကန်သော အချိန်ရောက်မှ လုပ်ရမည်”

ဗိုလ်ချုပ်အောင်ဆန်း
(၇-၆-၄၇)

www.burmeseclassic.com

www.burmeseclassic.com



## တင်စိုး(ဘောဂဗေဒ)၏ ကိုယ်ရေးအကျဉ်း

### မွေးဇာတိ၊ ပညာရေး

၁၉၄၅ - မွန်ပြည်နယ် ကျိုက္ခရောမြို့နယ်၊ ကလိုင်းကနိုင် ကျေးရွာတွင် မွေးဖွား။
၁၉၆၂ - ကျိုက္ခရော အ-ထ-က မှ ၁၀ တန်း(တက္ကသိုလ်ဝင်တန်း)အောင်။
၁၉၆၄ - မော်လမြိုင်ကောလိပ်မှ B.A Part(A) တန်းအောင်။
၁၉၆၆ - ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ B.A (Hons) (Econ)ဘွဲ့ရ။
၁၉၇၃ - ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ M.A (Economics)ဘွဲ့ရ
၁၉၇၇ ဂျပန်နိုင်ငံသို့ ပညာသင်သွားပြီး ၁၉၈၀ ထိ ပညာဆည်းပူးခဲ့။ ၁၉၇၇ စက်တင်ဘာလတွင် အိုဆကာ နိုင်ငံခြားဘာသာသင် တက္ကသိုလ်မှ အခြေခံ ဂျပန်စကားနှင့်စာပေလက်မှတ်ရရှိခဲ့။
၁၉၇၉ - အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုအသင်း၊ တိုကျို(KAK)မှ ဦးစီးကျင်းပသည့် နိုင်ငံခြားသားများသာ ယှဉ်ပြိုင်ခွင့်ရှိသည့် ဂျပန်ရေးရာဗေဒ စာတမ်းပြိုင်ပွဲ (Japanology Essay eontest)တွင် ပထမဆုရခဲ့ပြီး ဂျပန်ရေးရာဗေဒပညာရှင်(Japanologist)ဖြစ် ဂုဏ်ပြုဖော်ပြခြင်းခံခဲ့ရ။
၁၉၈၀ - ဖေဖော်ဝါရီလတွင် တိုကျိုတက္ကသိုလ်မှ ဘွဲ့လွန် သုတေသီပညာ ရှင်လက်မှတ် (EPGRF)ရရှိခဲ့။
၁၉၈၄ - ရန်ကုန်တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့။
၁၉၈၆-၉၀ - ဩစတြေလျနိုင်ငံသို့ ပညာသင်သွား၊ ဩစတြေလျနိုင်ငံ၊ ဆစ်ဒနီတက္ကသိုလ်မှ ၁၉၉၁ ခုနှစ်တွင် စိုက်ပျိုးရေးဘောဂဗေဒဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့(Ph.D)ရရှိခဲ့။

### အလုပ်အကိုင်

၁၉၆၆ - ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဘောဂဗေဒဌာနတွင် နည်းပြဆရာအဖြစ် စတင်တာဝန်ထမ်းဆောင်။
၁၉၆၉-၇၃ - မမြို့စစ်တက္ကသိုလ်၊ ဘောဂဗေဒဌာနတွင် နည်းပြဆရာအဖြစ် လုပ်ကိုင်ခဲ့။
၁၉၉၀ - စင်္ကာပူနိုင်ငံ IEAS မှ ထုတ်ဝေသည့် Myanmar Dilemmas and Options စာအုပ်တွင် ပါဝင်ရေးသားခဲ့။
၁၉၉၃ - ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဘောဂဗေဒဌာန၊ တွဲဖက်ပါမောက္ခဖြစ်။
၁၉၉၄ - ပါမောက္ခဌာနမှူး ရာထူးတိုးမြှင့်ခံခဲ့ရ။ အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်များ၊ ဆီမီနာများ၊ ဆင်ပိုဇီယမ်များတွင် နိုင်ငံတော်က စေလွှတ်သော ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် သွားရောက်၍ စာတမ်းများ ဖတ်ကြားတင်သွင်းခဲ့။ စာတမ်း၊ ဆောင်းပါးအချို့အား နိုင်ငံတကာအဆင့်ရှိဂျာနယ်၊ စာစောင်များတွင် ပုံနှိပ်ဖော်ပြခြင်းခံခဲ့ရ။
၂၀၀၅ - ပါမောက္ခ/ဌာနမှူးရာထူးမှ အငြိမ်းစားယူ။
၂၀၀၆ - ဂျပန်နိုင်ငံ ကိုဘဲတက္ကသိုလ်(Kobe University)တွင် ဧည့်ပါမောက္ခ (Visiting Professor)အဖြစ် သွားရောက်လုပ်ကိုင်ခဲ့။
* ယခုအခါ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူရှိ International Islamic University Malaysia ဘောဂဗေဒဌာနတွင် ဧည့်ပါမောက္ခအဖြစ် ကမ်းလှမ်းမှုကို ကျန်းမာရေးအခြေအနေကြောင့် လက်မခံခဲ့ပေ။ ရန်ကုန်လုပ်သားများကောလိပ်နှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် (NDC) တို့တွင် ဧည့်ပါမောက္ခအဖြစ် ကာလကြာရှည်စွာ လုပ်ကိုင်ခဲ့။ ဝန်ကြီးဌာနများ(ဖိတ်ကြားချက်အရ)နှင့် ပူးပေါင်း၍ သုတေသနများ ဆောင်ရွက်ခဲ့၊ ဘာသာရပ်စာပေပို့ချခြင်းနဲ့ ဟောပြောပို့ချမှုများ လုပ်ကိုင်ပေးခဲ့။

### စာပေရေးရာ

၁၉၆၄ - ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ဘောဂဗေဒဂုဏ်ထူးတန်း နောက်ဆုံးနှစ်ကျောင်းသားဘဝကတည်းက တင်စိုး(ဘောဂဗေဒ) အမည်ဖြင့် ဆောင်းပါးများ စတင်ရေးခဲ့။ တက္ကသိုလ်တေသား၊ တက္ကသိုလ်မောင်

www.burmeseclassic.com

www.burmeseclassic.com



လူငယ် စသော ကလောင်အမည်များဖြင့် ဝတ္ထုတိုနှင့် ကဗျာများလည်း ရေးသားခဲ့။ ဒေါက်တာဘွဲ့ရပြီး နောက်ပိုင်းတွင် ဒေါက်တာတင်စိုး အမည်ဖြင့် စီးပွားရေးဆိုင်ရာဆောင်းပါးများ ရေးသားခြင်း၊ ဟောပြော ပွဲများတွင် ဟောပြောဆွေးနွေးခြင်းများ ပြုလုပ်လျက်ရှိ။

၁၉၇၀ - ရန်ကုန်တက္ကသိုလ် နှစ် ၅၀ ပြည့် ရွှေရတုသဘင်ကာလတွင် "ကဗျာ ၅၀၊ နှစ် ၅၀" ကဗျာစာအုပ်ကို ထုတ်ဝေခဲ့။ ၎င်းအပြင် အဆင့်မြင့်ပညာ ဦးစီးဌာနက ထုတ်ဝေသော တက္ကသိုလ်ပညာပဒေသာစာစောင်၊ ပညာလောကစာစောင်တို့တွင်လည်း ဘာသာရပ်ဆိုင်ရာဆောင်းပါးများ စာတမ်းများ ရေးသားခဲ့။

၂၀၁၀ - **ဒေါက်တာတင်စိုး** ကလောင်အမည်ဖြင့် ရေးသားသော **"ဘာလဲဟဲ့ ဒေါက်တာဘွဲ့"** စာအုပ်ဖြင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ကြီးမှူး၍ ရွေးချယ်သော ၂၀၀၈ ခုနှစ်၊ ပဉ္စမအကြိမ် သုတစွယ်စုံစာပေ **သုတစွယ်စုံ(လူငယ်)စာပေဆု** ကို ချီးမြှင့်ခံရ။

* ဇနီး(ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန-ငြိမ်း)နှင့်အတူ သား တစ်ဦး၊ သမီးတစ်ဦး ထွန်းကားခဲ့။ ယခုအခါ ကျန်းမာရေး ပြန်ကောင်း လာသောကြောင့် စာပေများ ပြန်လည်ရေးသားနိုင်ရန် ကြိုးစားနေပြီး ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိ။

●



## စာရေးသူ၏ အမှာ

ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်သည်။ မြန်မာ့နိုင်ငံရေးတွင် သူမတူအောင် ထူးချွန်သော နိုင်ငံရေးသုခမိန် တစ်ယောက်ဖြစ်သကဲ့သို့ စစ်ရေးတွင်လည်း ပြောင်မြောက်သော စစ်သေနာပတိတစ်ဦး ဖြစ်သည်။ ထက်မြက်ခြင်း၊ အမြော်အမြင်ရှိခြင်း၊ ဇွဲလုံ့လရှိခြင်း၊ သတ္တိဗျတ္တိရှိခြင်း၊ သည်းခံခြင်း၊ ကြင်နာတတ်ခြင်းစသော ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များနှင့် ပြည့်စုံသော ခေါင်းဆောင်ကောင်း တစ်ယောက်လည်း ဖြစ်ပါသည်။ ထို့ကြောင့် တစ်ခေတ်တစ်ယောက်ပင်ပေါ်ထွန်းခဲ့သော စွယ်စုံတော်သူတစ်ဦးဟုဆိုလျှင် လွန်မည်မထင်ပါ။

သို့သော် ဤ"ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးအမြင်" စာအုပ်ကို ရေးသားရာ၌ အမျိုးသားခေါင်းဆောင်တစ်ယောက်အဖို့ အဖက်ဖက်မှပြည့်စုံရမည်၊ စွယ်စုံရမည်၊ မတတ်သည်မရှိ၊ မသိသည်မရှိ၊ ခြောက်ပစ်ကင်း သဲလဲစင်ရမည်ဟူသော သဘောမျိုး၊ ခံယူချက်မျိုးဖြင့် ဗိုလ်ချုပ်အောင်ဆန်းတွင် မရှိသော အစွမ်းအစ အရည်အချင်းတို့ကို ရှိလေအောင် တမင်ဖြည့်စွက် သွတ်သွင်းလိုသည့်ဆန္ဒဖြင့် ရေးသားခြင်း လုံးဝမဟုတ်ပါ။

ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို စာရေးသူသည် မူလတန်းကျောင်းသားဘဝမှစ၍ ကျောင်းတွင် သင်ကြားခဲ့ရဖူးပါသည်။ ထိုစဉ်ကမူ အသိဉာဏ် မရင့်သန်သေးသဖြင့် ဗိုလ်ချုပ်အား အထင်ကြီးလေးစား ကိုးကွယ်မိသည်မှလွဲ၍ သူ၏အရည်အသွေးများကို အကဲမဖြတ်တတ်သေးပါ။ စာရေးသူ တက္ကသိုလ်ရောက်သည်အထိပင် ဗိုလ်ချုပ်အား ထူးချွန်သော



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးခေါင်းဆောင်၊ ပြောင်မြောက်သော စစ်သေနာပတိအဖြစ်သာ အကဲဖြတ်မိခဲ့သည်။ သို့သော် တက္ကသိုလ်တွင် စီးပွားရေးပညာကို စနစ်တကျ သင်ယူခဲ့ရပြီး၊ အတော်အတန်တတ်မြောက်လာသောအခါတွင်မှ ဗိုလ်ချုပ်၏ စီးပွားရေးနှင့်စပ်ဆိုင်သော အရည်အသွေး၊ အစွမ်းအစတို့ကို တစတစ သုံးသပ်မိလာသည်။ စာရေးဝါသနာပါသည့်အလျောက် ဗိုလ်ချုပ်၏စီးပွားရေး အရည်အသွေး အစွမ်းအစကို ဆောင်းပါးတစ်ပုဒ်၊ စာတစ်စောင်အဖြစ် ရေးမည်ဟုရည်ရွယ်ရင်း သူ၏ရေးသားချက်များ၊ ဟောကြားချက်များ၊ မိန့်ခွန်းများကို လက်လှမ်းမီသရွေ့ နှိုက်နှိုက်ချွတ်ချွတ် လေ့လာကြည့်သောအခါတွင်မှ ဆောင်းပါးတစ်ပုဒ်၊ စာတစ်စောင်သာမက စာတစ်အုပ်အဖြစ် မှတ်တမ်းတင်လျှင်ပင် ပြည့်စုံပါမည်လောဟု သံသယ ဝင်လာမိလောက်အောင် ထူးခြားသည့် ဗိုလ်ချုပ်၏စီးပွားရေးအမြင်၊ အယူအဆ၊ ခန့်မှန်းချက်များကို တွေ့မြင်လာရပေသည်။ ထို့ကြောင့် ရှိသည့် အရည်အသွေးအစွမ်းအစကို ရှိသည့်အတိုင်း ဖော်ထုတ်လိုသော ဆန္ဒအတိုင်း ကြိုးစားရင်း ဤစာအုပ်ကို ရေးသားခြင်းသာ ဖြစ်ပေသည်။

သို့သော် ဤစာအုပ်နှင့်ပတ်သက်၍ စာရေးသူ ဝန်ခံတောင်းပန်လိုသော အချက်များ ရှိပေသည်။ ပထမဆုံးအချက်မှာ ဗိုလ်ချုပ်ကျဆုံးသောနှစ်တွင် စာရေးသူ၏အသက်မှာ နှစ်နှစ်သားအရွယ် လူမမယ်မျှသာ ရှိသေးရာ ထိုခေတ်အခြေအနေကိုလည်းကောင်း၊ ဗိုလ်ချုပ်၏ အကြောင်းကိုလည်းကောင်း ငါတွေ့မရှိဘဲ စာတွေ့သာ သိခဲ့ရပါသည်။ အခြားတစ်ချက်မှာလည်း စာရေးသူသည် စီးပွားရေးပညာရှင်တစ်ဦး မဟုတ်ဘဲ စီးပွားရေးကို ဝါသနာထုံလေ့လာနေသူတစ်ဦးသာ ဖြစ်ပေသည်။ ထို့ကြောင့် မပြည့်စုံ မကုံလုံသေးသော စီးပွားရေးပညာ ဗဟုသုတဖြင့် စာတွေ့အပေါ် အခြေခံကာ ရေးသားထားသော ဤစာအုပ်သည် ဗိုလ်ချုပ်၏ စီးပွားရေးအရည်အချင်းကို အပြည့်အဝ မှန်ကန်အောင် ဖော်ပြနိုင်စွမ်းရှိချင်မှရှိမည် ဟူသောအချက်ကို ဝန်ခံလိုပါသည်။ ဗိုလ်ချုပ်တွင် နိုင်ငံရေး၊ စစ်ရေးစွမ်းရည်များသာမက ပြောင်မြောက်သော စီးပွားရေးဆိုင်ရာ အရည်အသွေးကောင်းလည်း ရှိကြောင်းကို မီးမောင်းထိုးပြခြင်းလောက်သာ ဖြစ်ချင်ဖြစ်နေပေမည်။ မည်သို့ပင်ဖြစ်စေ၊ အမျိုးသား ခေါင်းဆောင်ကြီးတစ်ဦးတွင်ရှိသော အစွမ်းအစ





အရည်အသွေးသည် နိုင်ငံရေးနှင့်ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ မှတ်တမ်းတင်ထားခြင်းမှာမူ မမှားဟု ယူဆသဖြင့်လည်းကောင်း၊ ယုတ်စွအဆုံး ဤစာအုပ်သည် ဗိုလ်ချုပ်၏စီးပွားရေး အရည်အချင်းကို ဖော်ပြသော မှတ်ကျောက်မဖြစ်စေကာမူ ဗိုလ်ချုပ်၏ စီးပွားရေးနှင့်ပတ်သက်သော အရေးအသား၊ အပြောအဟောနှင့် မိန့်ခွန်းတို့ကို စုစည်းဖော်ပြထားခြင်းမျိုး ဖြစ်လျှင်ပင် နောင်လာနောက်သားတို့အဖို့ အကျိုးမယုတ်နိုင်ဟု ယူဆမိသဖြင့်လည်းကောင်း၊ ကြိုးစား၍ ဤစာအုပ်ကို ရေးသားလိုက်ခြင်း ဖြစ်ပေသည်။ ဤစာအုပ်နှင့်ပတ်သက်၍ ချွတ်ယွင်းချက်မှန်သမျှသည် စာရေးသူ၏ ချွတ်ယွင်းချက်သာဖြစ်၍ တတ်သိနားလည်သူများက ပြုပြင်ပေးလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဒုတိယအချက်မှာ ဤစာအုပ်ကို "ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးအမြင်"ဟု အမည်တပ်ကာ ဗိုလ်ချုပ်အောင်ဆန်းတစ်ယောက်တည်း၏ စီးပွားရေးအယူအဆ သဘောမျိုးဖြင့် တင်ပြထားခြင်းဖြစ်ပေသည်။ အမှန်မှာ မြန်မာ့လွတ်လပ်ရေးရရှိအောင် တော်လှန်ရေးဆင်နွှဲခဲ့ရာ၌ လည်းကောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေး ရခဲ့ခြင်းတွင်လည်းကောင်း ဗိုလ်ချုပ်အောင်ဆန်း တစ်ယောက်တည်းကြောင့် မဟုတ်ပါ။ ဗိုလ်ချုပ်နှင့်အပေါင်းပါ ခေါင်းဆောင်ကြီး၊ ငယ်၊ လတ်များနှင့် လုပ်သားပြည်သူ တစ်ရပ်လုံးကြောင့် မြန်မာ့လွတ်လပ်ရေးရခဲ့ခြင်း ဖြစ်ပေသည်။ ဗိုလ်ချုပ်သည် မည်သည့်ကိစ္စမဆို မိမိလုပ်ဖော်ကိုင်ဖက်ခေါင်းဆောင်များ၊ ပြည်သူ့ကိုယ်စားလှယ်များ ပြည်သူများနှင့် မတိုင်ပင်ဘဲ၊ အကြံဉာဏ်ဆန္ဒမယူဘဲ၊ သူတို့၏သဘောထားကို မသိဘဲ လုပ်မည်မဟုတ်ပေ။ လုပ်၍လည်း ဖြစ်မည်မဟုတ်ပေ။ ထို့ကြောင့် အခြားအယူအဆများနည်းတူ ဗိုလ်ချုပ်ပြောခဲ့ရေးခဲ့သည့် စီးပွားရေး အယူအဆများတွင်လည်း ဗိုလ်ချုပ်တစ်ဦးတည်း၏ အယူအဆများသာမက မိမိနှင့် လုပ်ဖော်ကိုင်ဖက်ခေါင်းဆောင်များ၊ ရဲဘော်ရဲဘက်များ၏ အကြံဉာဏ်များနှင့် အယူအဆများလည်း ပါဝင်ကောင်းပါဝင်နေမည်မှာ မလွဲပေ။

အစိုးထဲမှ၊ အဖွဲ့အစည်းထဲမှ မဟုတ်သော တသီးပုဂ္ဂလပညာရှင်များထံမှလည်း အကူအညီ ယူကောင်းယူမည် ဖြစ်သည်။ ပုံစံအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေး၊ စီးပွားရေးစသည့် နိုင်ငံကိစ္စနှင့် ပတ်သက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်ကျော် ဦးချစ်မောင်ထံမှ မကြာခဏ အကြံဉာဏ်များ တောင်းခံလေ့ရှိကြောင်းနှင့် ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီး၏ ပထမဆုံးအကြိမ် ထုတ်ပြန်သည့် "Anti-Fascist People's Freedom League Statement" ကြေညာစာတမ်းကိုလည်း ဂျာနယ်ကျော်ဦးချစ်မောင်အားပင် ရေးခိုင်းခဲ့၍ ဦးချစ်မောင်က အစအဆုံးရေးပေးခဲ့ရကြောင်း၊ ၎င်းသည် အဖွဲ့ကြီး၏ တရားဝင်ကြေညာစာတမ်းဖြစ်လာကြောင်းတို့ကို သိရပေရာ* အလားတူပင် အခြားပညာရှင်များ၊ ကန့်လန့်ကာနောက်ကွယ်မှ ပုဂ္ဂိုလ်များ စသည်တို့၏ အကြံဉာဏ်နှင့် အကူအညီများကိုလည်း ယူမည်ဟု မှန်းဆကြည့်နိုင်ပေသည်။ ယင်းကဲ့သို့သော ပုဂ္ဂိုလ်များကို မေ့ထားလျှင် တရားမည်မဟုတ်ပေ။ ထို့ကြောင့် ဤစာအုပ်ပါ စီးပွားရေးအယူအဆများသည် ဗိုလ်ချုပ်အောင်ဆန်း တစ်ယောက်တည်း၏ အယူအဆနှင့်အမြင်များ ဟုတ်ချင်မှ ဟုတ်ပေမည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် ခေါင်းဆောင်မှုအပိုင်းတွင် အထွဋ်အထိပ်နေရာမှ တာဝန်ယူရှေ့ဆောင်ခဲ့သူ တစ်ဦးဖြစ်နေ၍လည်းကောင်း၊ ပင်ကိုယ်ဉာဏ်၊ ပင်ကိုယ်အမျှော်အမြင် ရင့်သန်ထက်မြက်ပြီး ပင်ကိုယ်အယူအဆအပေါ် အခြေခံကာ (တစ်ခါတစ်ရံ မှန်သည်ထင်လျှင် မိုက်မိုက်ကန်းကန်းပင်) လုပ်ကိုင်တတ်၍လည်းကောင်း၊ သူပြောခဲ့သော မိန့်ခွန်းနှင့် သူရေးသားခဲ့သော အရေးအသားများတွင် သူ၏အယူအဆ၊ သူ၏အမြင်သာ အများဆုံးပါဝင်မည်ဟု ချင့်တွက်ကြည့်နိုင်ပေသည်။ ထို့ကြောင့် ဤစာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းတစ်ဦးတည်းကို ရှေ့တန်းတင်ထားခြင်း ဖြစ်ပေသည်။ သို့သော် ဤစာအုပ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း တစ်ဦးတည်းကိုသာမက ဤစာအုပ်ပါ အယူအဆများနှင့် ပတ်သက်ပါဝင်သမျှ ပုဂ္ဂိုလ်အားလုံးနှင့် လွတ်လပ်ရေးအတွက် ကျဆုံးခဲ့သူ အာဇာနည်အားလုံးကို ဂုဏ်ပြုအပ်ပါသည်။

တတိယအချက်မှာ ဗိုလ်ချုပ်၏မိန့်ခွန်းနှင့် ရေးသားချက်၊ အထောက်အထားများပေါ် မူတည်၍ စာရေးသူ၏ထင်မြင်ချက် ဝေဖန်သုံးသပ်ချက်များကို ထည့်သွင်းထားခြင်းနှင့် ပတ်သက်ပေသည်။ အချို့နေရာများ၌

* ဂျာနယ်ကျော် မမလေး၏ "သူလိုလူ" (ပဉ္စမအကြိမ်ရိုက်)၊ ပုဂံစာအုပ်တိုက်၊ ရန်ကုန် (၁၉၆၇)၊ စာ - ၅၁၅ နှင့် နောက်ဆက်တွဲ ဂ။





ဗိုလ်ချုပ်၏အယူအဆ အမြင်များနှင့်ပတ်သက်၍ မပြည့်စုံဟုထင်လျှင် မပြည့်စုံကြောင်း၊ မမှန်နိုင်ဟုထင်လျှင် မမှန်နိုင်ကြောင်း ဝေဖန်သုံးသပ်ထားပါသည်။ ဤသို့ ဝေဖန်သုံးသပ်ရာ၌ စာရေးသူသည် ဗိုလ်ချုပ်ထက်တတ်၍ တော်၍ ဆရာကြီးလုပ်ကာ ဝေဖန်သုံးသပ်ထားခြင်းဟု မယူဆစေလိုပါ။ ဗိုလ်ချုပ်အား သေးသိမ်စေလိုသော၊ ရှုတ်ချလိုသော ဆန္ဒစေတနာလည်း စိုးစဉ်းမျှ မရှိပါ။ ရှိလည်း မရှိဝံ့ပါ။ ဗိုလ်ချုပ်နှင့် စာရေးသူသည် လုံးဝမနှိုင်းသာ မယှဉ်သာအောင် မိုးနှင့်မြေပမာ ကွာခြားသည်ဟု ရိုးသားစွာ ဝန်ခံပါသည်။ မြန်မာတစ်နိုင်ငံလုံးက မမော်ဝံ့၊ မလှန်ဝံ့ဘဲ ပြားပြားဝပ်နေအောင် ကျွန်ပြုခဲ့သော အင်္ဂလိပ်တို့၏လက်အောက်မှ အကွဲကွဲအပြားပြား ဖြစ်နေသည့် လူထုလူတန်းစားပေါင်းစုံကို စုစည်း စည်းရုံးဦးဆောင်ကာ မြန်မာ့လွတ်လပ်ရေးရသည်အထိ လက်ရုံးရည်၊ နှလုံးရည်ဖြင့် အောင်မြင်စွာ တော်လှန်တိုက်ခိုက်ခဲ့ရာမှ မြန်မာကသာမက ကမ္ဘာကပါ လေးစားချစ်ခင်ခဲ့ရသော သုခမိန် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား ပညာဗဟုသုတ မပြည့်စုံသေးသော စာရေးသူက ဝေဖန်ခြင်းမှာလည်း မနိုင်ဝန်ထမ်းရသော ကြီးလေးသော အလုပ်ကြီးတစ်ခုဖြစ်ကြောင်းကိုလည်း ရိုးသားစွာ ဝန်ခံအပ်ပါသည်။ သို့သော် ဗိုလ်ချုပ်ကိုချစ်စိတ်၊ ကြည်ညိုစိတ်၊ အားကျစိတ်၊ အတုယူလိုစိတ် စသည်တို့၏ စေ့ဆော်မှုကြောင့် ဤစာအုပ်ကိုရေးသားရန် ဆုံးဖြတ်ခဲ့ပြီး ကြိုးစားရေးသားခဲ့ခြင်း ဖြစ်ပေရာ တတ်သမျှမှတ်သမျှ လေ့လာထားသမျှ စာပေအမြင်ဉာဏ်ဖြင့် သုံးသပ်ဝေဖန်ထားခြင်းသာ ဖြစ်ပေသည်။

ထို့ကြောင့် ယင်းသို့ သုံးသပ်ဝေဖန်မှုတွင် အမှားအယွင်းလွဲချော်မှုများ တွေ့ခဲ့လျှင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ချို့ယွင်းချက် မှားယွင်းချက်မဟုတ်ဘဲ ပညာဉာဏ်နှင့် အတွေးအခေါ်နုသေးသော စာရေးသူ၏ ချို့ယွင်းချက်၊ မှားယွင်းချက်သာဖြစ်၍ ခွင့်လွှတ်ရန်နှင့် စာရေးသူကိုသာ ဝေဖန်အပြစ်တင်ရန် ဖြစ်ပေသည်။

နောက်ဆုံးအချက်မှာ ဤစာအုပ်တစ်အုပ်တည်းဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးအယူအဆ၊ အမြင်များ ပြည့်စုံပြီဟု မယူဆစေလိုခြင်း ဖြစ်ပါသည်။ ဤစာအုပ်ပါ အချက်အလက်များသည် ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးအယူအဆ၊ စီးပွားရေးအမြင်နှင့် ပတ်သက်၍



www.burmeseclassic.com

www.burmeseclassic.com



နိဒါန်း သို့မဟုတ် အဖွင့်မျှသာ ဖြစ်ကောင်းဖြစ်ပေမည်။ အကြောင်းမှာ ဗိုလ်ချုပ်နှင့်ပတ်သက်၍ စာရေးသူအကဲဖြတ်ရန် ဉာဏ်မမီသော အယူအဆများ ရှိနေဦးမည်ဖြစ်ရုံမက ဗိုလ်ချုပ်သည် နိုင်ငံရေးလုပ်ရင်း အသေစောခဲ့သူဖြစ်ပေရာ အကယ်၍ ယခုထက်တိုင် အသက်ရှင်နေဦးမည်ဆိုလျှင် နိုင်ငံစီးပွားရေးတည်ဆောက်မှု လက်တွေ့အတွေ့အကြုံမှတစ်ဆင့် မမျှော်မှန်းနိုင်လောက်သော သူ၏စီးပွားရေးအယူအဆ၊ သဘောတရားများကို ကျွန်ုပ်တို့ဆက်လက်တွေ့ရှိနိုင်ဦးမည် ဖြစ်သောကြောင့်ပင် ဖြစ်ပေသည်။

မည်သို့ပင် ဖြစ်စေကာမူ ဤစာအုပ်ကို ပြုစုရာ၌ ဗိုလ်ချုပ်အောင်ဆန်းတွင် နိုင်ငံရေးအရည်အချင်းသာမက စီးပွားရေး အရည်အသွေးပါရှိကြောင်း ဖော်ထုတ်လိုသော ဆန္ဒသာဖြစ်လေရာ ယင်းသို့ ဖော်ထုတ်ရာ၌ အကြောင်းအမျိုးမျိုးကြောင့် မပြည့်စုံစေကာမူ အနည်းဆုံး ဗိုလ်ချုပ်၏စီးပွားရေး အယူအဆများ အမြင်များကို တစ်စုတစ်ရုံးတည်း၊ တထိုင်တည်း၊ လေ့လာနိုင်ရန် စုစည်းဖော်ပြနိုင်ခွင့်ရှိလျှင်ပင် အကျိုးမယုတ်နိုင်ဟု ယူဆသဖြင့် ၎င်းရည်မှန်းချက်အောင်မြင်လျှင်ပင် ဤစာအုပ်ပြုစုရကျိုးနပ်ပြီဟု ယူဆပေသည်။

ဤစာအုပ်ဖြင့် အမျိုးသားခေါင်းဆောင်ကြီးနှင့်အတူ မြန်မာ့လွတ်လပ်ရေးအတွက် အသက်စတေးခဲ့ရသော ကြီး၊ လတ်၊ ငယ် ခေါင်းဆောင်အားလုံး၊ မြန်မာ့လွတ်လပ်ရေးတွင် ပါဝင်ပတ်သက်သူ၊ ထင်ပေါ်သူ၊ မထင်ပေါ်သူ အားလုံးကို ဂုဏ်ပြုဦးညွှတ်ရင်း စီးပွားရေးပညာကို သင်ပေးခဲ့သော အနန္တဂိုဏ်းဝင် ဆရာသမားများအား ပူဇော်ကန်တော့ အပ်ပါသည်။ ဤစာအုပ်နှင့်ပတ်သက်၍ အကြံပေး၊ ဝေဖန်၊ ဆွေးနွေးစာများကို (ဤစာအုပ်ထုတ်ဝေသည့်တိုက်မှတစ်ဆင့်ဖြစ်စေ၊ စာရေးသူအား တိုက်ရိုက်ဖြစ်စေ) ပေးပို့ပါက ကျေးဇူးတင်ဝမ်းမြောက်စွာဖြင့် လက်ခံမည်ဖြစ်ပါကြောင်း။

တင်စိုး(ဘောဂဗေဒ)
(ဒေါက်တာတင်စိုး)



## ဗိုလ်ချုပ်အောင်ဆန်းသည်
## စီးပွားရေးပညာရှင်တစ်ယောက်လော

ဗိုလ်ချုပ်အောင်ဆန်းသည် စီးပွားရေးပညာရှင်တစ်ယောက်လောဟု မေးလျှင် . . .

တက္ကသိုလ်(တက္ကသိုလ်ကျောင်းသား မောင်အောင်ဆန်းဘဝ)တွင် နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ယူခဲ့ဖူး၍ နိုင်ငံရေးဘောဂဗေဒကို ဘေဘုယျအားဖြင့် သင်ခဲ့ရစေကာမူ ဘောဂဗေဒဘာသာရပ်ကို စနစ်တကျ ဇောက်ချမသင်ယူခဲ့ဖူး၍လည်းကောင်း . . .

သူ့ဘဝတစ်လျှောက်လုံးသည် စစ်ရေးနှင့်နိုင်ငံရေး နယ်ပယ်၌သာ ကျင်လည်ခဲ့ရ၍လည်းကောင်း . . .

ဗိုလ်ချုပ်အောင်ဆန်းသည် စီးပွားရေးပညာရှင် တစ်ယောက်မဟုတ်ပါ ဟူသောအထင်နှင့် အဖြေကိုသာ အဆောတလျင်ပေးမည့်သူများမည်မှာ သေချာပေသည်။ သူ့အား "စစ်သေနာပတိ"နှင့်။ "နိုင်ငံရေးသုခမိန်"အဖြစ်သာ လူသိများကြသည် မဟုတ်ပါလော။ သို့သော် . . .

လူတို့၏ပင်ကိုယ် အစွမ်းအစ၊ အရည်အချင်းသည် ဆန်းကျယ်လှပေသည်။ တစ်ခါတစ်ရံ မိမိတွင်ရှိသည်ဟု မိမိထင်သော (သို့မဟုတ် အခြားသူများကပါ ထင်သော) အစွမ်းအစ အရည်အချင်းသည် လက်တွေ့တွင် ပေါ်မလာဘဲ မရှိဟုထင်ရသော အစွမ်းအစအရည်အချင်းသည် ပေါ်လာတတ်သည်။ တစ်ခါတစ်ရံ ကာလ၊ ဒေသ၊



www.burmeseclassic.com

www.burmeseclassic.com



ပယောဂ အခြေအနေများကြောင့် အစွမ်းအစအရည်အချင်းပေါင်းစုံသည် တစ်ကြိမ်တည်း ပေါ်လာတတ်သကဲ့သို့ တစ်ခါတစ်ရံတွင်မူ တစ်ခုစီတစ်ခုစီ ပေါ်လာတတ်သည်။ ထိုထက် ထူးဆန်းသည်မှာ မထင်မမြင် နိုင်စွမ်းသော (သို့မဟုတ် မိမိလူ့ဘဝသက်တမ်းတွင် မပေါ်တော့ဟုထင်ရသော) အစွမ်းအစ အရည်အချင်းမျိုးသည် မမျှော်လင့်သော တစ်ချိန်ချိန်တွင် အမှတ်မထင်ပေါ်လာတတ်ခြင်း ဖြစ်သည်။ ထို့ကြောင့် သင်သည့်ပညာကတစ်မျိုး၊ ထူးချွန်ကျော်ကြားလာသည့် နယ်ပယ်က တခြား၊ မိမိမျှော်မှန်းချက်က တစ်မျိုး၊ ဖြစ်လာသည်က တစ်လွဲ စသည်ဖြစ်ရပ်များ ကမ္ဘာပေါ်တွင် အမြောက်အများ တွေ့ရခြင်း ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ လူ့အစွမ်းအစအရည်အချင်းကို ကန့်သတ်၍မရ၊ မှန်းဆရန်မလွယ်ပေ။ မထင်သည်များ ဖြစ်တတ်သကဲ့သို့ မမြင်စွမ်းသည်တို့လည်း ပေါ်လာတတ်သည့်သာဓက မြောက်မြားစွာ ရှိပေသည်။ ပုံစံအချို့ ထုတ်ပြရလျှင် . . .

၁၈ ရာစုတွင်ပေါ်ခဲ့၍ ဘောဂဗေဒနယ်ပယ်တွင် ယနေ့တိုင် ကမ္ဘာကျော်နေသော ဖရန်စစ်ကျူနေဆိုသူ ပြင်သစ်အမျိုးသားသည် ဘောဂဗေဒပညာကို ငယ်စဉ်က မသင်ကြားခဲ့ဖူးသကဲ့သို့ သူ့ကိုယ်သူလည်း ဘောဂဗေဒပညာရှင်အဖြစ် ကျော်ကြားမည့်သူ ဖြစ်လိမ့်မည်ဟု သိခဲ့သူမဟုတ်ပေ။ ငယ်စဉ်ကတည်းက ဆေးပညာကို လိုက်စားခဲ့ပြီး ဘုရင့်သမားတော်ရာထူးအထိ ဆေးဆရာဝန်ဘဝဖြင့် ရာထူးအဆင့်ဆင့်တက်ခဲ့ရာ အသက် ၆၀ အရွယ်အထိတိုင်ခဲ့သော်လည်း ဆေးပညာနယ်ပယ်တွင် ကမ္ဘာကျော်လောက်အောင် ထူးချွန်အောင်မြင်မှု မရခဲ့ပေ။ အသက် ၆၀ ကျော်အရွယ်တွင် ဘောဂဗေဒကိုလေ့လာရာ စီးပွားရေးစနစ်တစ်ခု၏ လည်ပတ်ပုံကို "စီးပွားရေးဇယား"အမည်ဖြင့် ဖော်ထုတ်နိုင်ခဲ့ရာမှ ကမ္ဘာကျော်ဘောဂဗေဒပညာရှင်တစ်ဦးအဖြစ် ကျော်ကြားခဲ့သည်မှာ ယနေ့တိုင်ပင်။

အလားတူပင် သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒကို မျိုးစေ့ချပေးခဲ့သူ ကမ္ဘာကျော် ကားလ်မာက်(စ်)သည် အစပထမတွင် (ဖခင်ဆန္ဒအရ)





ဥပဒေပညာသင်ကြားခဲ့သော်လည်း ရှေ့နေဖြစ်မလာခဲ့။ နောက်ပိုင်းတွင် ဒဿနိကဗေဒကို ပြောင်းလဲသင်ယူပြီး ပါရဂူဘွဲ့ရခဲ့ကာ သတင်းစာဆရာ၊ နိုင်ငံရေးသမား စသည့်ဘဝများတွင်လည်း ပြောပလောက်အောင် ထူးချွန်အောင်မြင်မှု မရခဲ့ပေ။ ပြည်နှင်ဒဏ်ခံဘဝဖြင့် အင်္ဂလန်ရောက်ပြီး လန်ဒန်မြူစီယမ်တွင် စာပေများကို ဆက်လက်လေ့လာရာမှ "အရင်းကျမ်း"ကဲ့သို့ ကမ္ဘာကျော်စေခဲ့သည့် စာအုပ်များ ရေးသားနိုင်ခဲ့မှုနှင့်အတူ အတွေးအခေါ်နှင့် နိုင်ငံရေးဘောဂဗေဒ နယ်ပယ်တွင် ထူးချွန်ကျော်ကြားခဲ့ပေသည်။

၁၉၆၉ ခုနှစ်တွင် ဘောဂဗေဒ နိုဘယ်လ်ဆုရခဲ့သူ တင်ဘာဂင်သည် မူလက ရူပဗေဒပညာရှင်ဖြစ်ခဲ့သော်လည်း ရူပဗေဒနယ်ပယ်တွင် မထူးချွန်ဘဲ ဘောဂဗေဒနယ်ပယ်တွင် ကောင်းကျိုးပေးခဲ့သကဲ့သို့ ၁၉၇၂ ခုနှစ်တွင် ဘောဂဗေဒနိုဘယ်လ်ဆု ဆွတ်ခူးခဲ့သူ (၁၉၂၁ ခုနှစ်တွင် မွေးဖွားခဲ့သည့်) ဂျိုးဇက်ကက်နက်အဲရိုးသည်လည်း ၁၉၄၆ ခုနှစ်အထိ စစ်သား(ဗိုလ်ကြီး)တစ်ယောက် ဖြစ်ခဲ့သည်။ စစ်သားဘဝဖြင့် မကျော်ကြားဘဲ ဘောဂဗေဒနယ်ပယ်တွင် နိုဘယ်လ်ဆုရသည်အထိ ကျော်ကြားထူးချွန်ခဲ့သည်။

သို့သော် . . . ဗိုလ်ချုပ်အောင်ဆန်းသည် ဘောဂဗေဒဘာသာရပ်ကိုလည်း အထူးဇောက်ချ မသင်ဖူးခဲ့။ သေသည်အထိလည်း ဘောဂဗေဒ(စီးပွားရေး)ဖြင့် ကျော်ကြားခဲ့သူ မဟုတ်ပေရာ၊ ဗိုလ်ချုပ်အောင်ဆန်းအား ထိုထိုသော ပုဂ္ဂိုလ်များနှင့် နှိုင်းယှဉ်နိုင်ပါမည်လော။ နှိုင်းယှဉ်နိုင်-မနိုင်၊ သင့်-မသင့်ကိုမူ စာရေးသူ မဆုံးဖြတ်လိုပါ။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် အခြေအနေအရ နိုင်ငံရေးနှင့်စစ်ရေးကိုသာ လုပ်ခဲ့ရပြီး ယင်းတို့တွင်သာ ဘဝတစ်ခုလုံးကို မြှုပ်နှံထားခဲ့ပေရာ သူ၏ စီးပွားရေးဆိုင်ရာ အစွမ်းအစအရည်အချင်းများကို နိုင်ငံရေးနှင့်စစ်ရေးက (အခြေအနေအရ) ဖုံးလွှမ်းသွားခြင်း သို့မဟုတ် ဖုံးလွှမ်းနေခြင်းကြောင့်သာ ဗိုလ်ချုပ်သည် စီးပွားရေးနယ်ပယ်တွင် မထင်ပေါ်ခြင်းဖြစ်သည်ဟု စာရေးသူ ဆိုချင်ပါသည်။ သူ၏ရေးသားချက် ဟောပြောချက်



www.burmeseclassic.com

www.burmeseclassic.com



များသည် ၎င်းအတွက် သာဓကပင်ဖြစ်ပေသည်။ သူ၏ရေးသား ပြောကြားချက်များကို နိုက်နိုက်ချွတ်ချွတ်လေ့လာကြည့်လျှင် ဗိုလ်ချုပ်အောင်ဆန်းတွင် ခေတ်စီးပွားရေးပညာရှင်တစ်ဦး၌ ရှိသင့်ရှိအပ်သော အရည်အသွေး အစွမ်းအစများရှိကြောင်း မည်သူမျှ ငြင်းဆိုနိုင်မည်မထင်ပေ။

ခေတ်စီးပွားရေး ပညာရှင်တစ်ဦးတွင် ရှိသင့်ရှိအပ်သော အရည်အသွေး(အရည်အချင်း)များကား အဘယ်နည်း။

အနိမ့်ဆုံးအားဖြင့် ပေါ်ပေါက်ဆဲ စီးပွားရေးသဘောတရားများ၊ အကြောင်းအချက်များ၊ အဆက်အစပ်များကို ခြုံငုံလေ့လာတတ်မြောက်ခြင်း၊ ၎င်းတို့ကို ပကတိအခြေအနေများတွင် ဓမ္မဓိဋ္ဌာန်ကျကျ နှိုင်းယှဉ်ချိန်ထိုးကြည့်တတ်ခြင်း၊ အခြေအနေတစ်ရပ်ရပ်တွင် ရှိသော စီးပွားရေးသဘောတရား အကြောင်းအချက် အဆက်အစပ်တို့အား အသုံးချ၍ မှန်ကန်သော ယူဆချက်များဖြင့် အနီးဆုံးတိကျနိုင်မည့် အနာဂတ်ပုံစံသို့မဟုတ် ကြိုတင်ခန့်မှန်းမှုပြုနိုင်ခြင်း၊ ထိုးထွင်းမြော်မြင်တတ်ခြင်းစသည်တို့သည် ခေတ်စီးပွားရေး ပညာရှင်တစ်ယောက်တွင် ရှိသင့်ရှိအပ်သော အရည်အချင်းများ ဖြစ်ပေသည်။

စီးပွားရေးနှင့်ဆိုင်သော ယင်းကဲ့သို့ အရည်အချင်း အစွမ်းအစမျိုး ဗိုလ်ချုပ်အောင်ဆန်းတွင် ရှိပါသလော။ ရှိ၏ မရှိ၏ဟူသော အဖြေကို ရှေ့ဆက်ဖော်ပြမည့် ဆောင်းပါးများကို ဖတ်ပြီးလျှင် စာဖတ်သူကိုယ်ပိုင် ဆုံးဖြတ်နိုင်လိမ့်မည်ဟု ယုံကြည်ပေသည်။

ဤဆောင်းပါးများကို ရေးသားရာ၌ အရင်းခံအထောက်အထားများဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်တိုင်ရေးသားချက်များ၊ ဟောပြောချက်များ၊ မိန့်ခွန်းများ စသည်တို့ကို အဓိကကိုးကားပြီး အခြားပုဂ္ဂိုလ်များက ဗိုလ်ချုပ်အကြောင်း ရေးသားထားကြသော တဆင့်ခံအထောက်အထားများ ဖြစ်ကြသည့် စာအုပ်၊ စာတမ်း ဆောင်းပါးတို့ကို သာမညသာ ကိုးကားပါသည်။

●



## ဗိုလ်ချုပ်အောင်ဆန်းနှင့် မာက်စ်ဝါဒ

ဗိုလ်ချုပ်အောင်ဆန်းသည် ဆိုရှယ်လစ်တစ်ယောက်ဟု သူ့ကိုယ်သူ မကြွေးကြော် မကျေညာခဲ့ဘူးသော်လည်း သူ၏အရေးအသားများနှင့် မိန့်ခွန်းများကို အသေအချာလေ့လာလျှင် ဆိုရှယ်လစ်ဝါဒကိုလွန်စွာသဘောကျနှစ်ခြိုက်ကြောင်း တွေ့ရပေမည်။ ဤသို့ ဖြစ်ရခြင်းတွင် အခြေခံအကြောင်းရင်း နှစ်ချက်ကြောင့်ဟု ဆိုနိုင်ပေသည်။ ပထမအကြောင်းရင်းမှာ ဗိုလ်ချုပ်သည် မာက်စ်ဝါဒ၏သြဇာမှ မကင်းခဲ့ခြင်းနှင့် ဒုတိယအကြောင်းရင်းမှာ - သူ့နိုင်ငံရေး သက်တမ်းတစ်လျှောက်တွင် ကမ္ဘာ့အရင်းရှင်စနစ်ကြီး၏ အမြင့်ဆုံးအဆင့်ဖြစ်သည့် ဖက်ဆစ်စနစ်ကြီး၏ ဝိရောဓိ၊ ပဋိပက္ခများ၊ အနိဋ္ဌာရုံများ ဆိုးကျိုးများကို မျက်မြင်ဓိဋ္ဌကြုံတွေ့ခဲ့ရရုံသာမက ယင်းတို့၏ဒဏ်ကို မြန်မာနိုင်ငံကပါ အလူးအလိမ့်ခံခဲ့ရကာ လွတ်လပ်သော မြန်မာနိုင်ငံအဖို့ အရင်းရှင်လမ်းကြောင်းဖြင့်တိုးတက်ဖွံ့ဖြိုးအောင်[၁] လုပ်လျှင် ကောင်းကျိုးထက် ဆိုးကျိုးကိုသာပေးစွမ်းနိုင်မည်ဖြစ်ကြောင်းကို သဘောတရားအရရော လက်တွေ့ဖြစ်ရပ်များအရပါ သိမြင်မျှော်ခေါ် နိုင်ခဲ့သောကြောင့် ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

"အခုခေတ်မှာတော့ ကားလ်မာက်(စ်)ဆိုတဲ့ ပုဂ္ဂိုလ်စသည့် မာက်စ်ဝါဒီတွေရဲ့ သဘောတရားဟာ တဖြည်းဖြည်းခေတ်စားလာ

၁ Capitalist way of development



www.burmeseclassic.com

www.burmeseclassic.com



တယ်[၂]"ဟု ဖွင့်ဟဝန်ခံသည်အထိ ဗိုလ်ချုပ်သည် မာက်စ်ဝါဒအပေါ် သဘောကျခဲ့သည်။ သို့သော် ဗိုလ်ချုပ်သည် မာက်စ်ဝါဒကို သဘောကျစေကာမူ မာက်စ်ဝါဒ ဟူသရွေ့ကို မျက်စေ့မှိတ် လက်ခံသူမဟုတ်ဘဲ "အဲဒီဝါဒ (မာက်စ်ဝါဒ)ဟာလဲ အဆုံးစွန် တရားမဟုတ်သေးဘူး။ ရှာတုန်း၊ ဖွေတုန်း၊ တိုးတက်တုန်းဘဲ[၃]"ဟူသော ဝေဖန်သုံးသပ်မှု ပြုနိုင်ခဲ့ရုံမက လက်တွေ့တွင်လည်း မာက်စ်ဝါဒတစ်ယောက် ဖြစ်မလာခဲ့ပေ။ သို့သော် ဗိုလ်ချုပ်သည် မှန်သည့်နည်းလမ်း၊ မှန်သည့်အယူအဆဆိုလျှင် မည်သူ၏နည်းလမ်း၊ မည်သူ၏အယူအဆပင် ဖြစ်စေကာမူ မိမိအခြေအနေနှင့် ကိုက်ညီလျှင် ဝေဖန်သုံးသပ်သော စိတ်ဖြင့် လက်ခံတတ်ကြောင်း တွေ့ရပေသည်။ မာက်စ်ဝါဒဟူသရွေ့ကို ဗိုလ်ချုပ်က အကြွင်းမဲ့ လက်မခံခဲ့စေကာမူ လူ့ဘောင်သမိုင်း တိုးတက်ဖြစ်ပေါ်ပုံကို သုံးသပ်ဆန်းစစ်ရာ၌ အသုံးပြုခဲ့သော မာက်စ်၏နည်းလမ်း[၄] ကိုမူ ဗိုလ်ချုပ်က လက်ခံခဲ့သည်။ ထိုနည်းလမ်းသည် ဆိုရှယ်လစ်ဝါဒီအများစုက လက်ခံထားသော ဓမ္မဓိဋ္ဌာန်ကျသည့် နည်းလမ်းတစ်ခုဖြစ်ပေရာ ထိုနည်းလမ်းကို ဗိုလ်ချုပ်ကလည်း ဝေဖန်သုံးသပ်ဆန်းစစ်မှုပြုရာတွင် အရေးကြီးသော လက်နက်တစ်ခုသဖွယ် အသုံးပြုခဲ့ကြောင်း တွေ့ရပေသည်။ ပုံစံအားဖြင့် လူတန်းစားနှင့် လူတန်းစားပဋိပက္ခပေါ်ပေါက်လာပုံကို သုံးသပ်ဝေဖန်ရာ၌ ၎င်းနည်းလမ်းအမြင်ဖြင့် တိုတိုရှင်းရှင်းနှင့် အဓိပ္ပာယ်ပေါ်အောင် ဗိုလ်ချုပ်က အောက်ပါအတိုင်း တင်ပြခဲ့သည်။

"လူရယ်လို့ ဖြစ်လာရင် စားရမယ်၊ ဝတ်ရမယ်၊ နေရမယ်၊ အဲဒီ အစား၊ အဝတ်၊ အနေအထိုင်နဲ့ ပတ်သက်ပြီး လူရဲ့ လိုတဲ့ဝတ္ထုပစ္စည်း၊ အသုံးအဆောင်တွေကို ရှာကြတဲ့အခါကျတော့ လူသုံးကုန်ပစ္စည်းထုတ်လုပ်ငန်းစနစ်[၁] ပေါ်လာတယ်။ အဲဒီစနစ်တွေပေါ်လာတဲ့အခါ လူအချင်းချင်း ပေါင်းသင်းမှုစနစ်ဟာလဲ ပေါ်လာတယ်။ လူတန်းစား ခြားနားလာကြတယ်။ အဲဒီလိုခြားနား လာကြရာက အကျိုးချင်းကွဲပြားပြီး ပဋိပက္ခဖြစ်လာကြတယ်"ဟု မာက်စ်နှင့် မာက်စ်ဝါဒကို ရည်ညွှန်းကိုးကားမှု ပြုခဲ့ကြောင်း တွေ့ရသည်။ (၁၉၄၇ ခု၊ မေလ ၁၉-ရက် ဂျူဗလီဟောတွင် ကျင်းပသော ဖ-ဆ-ပ-လ ပဏာမပြင်ဆင်မှုညီလာခံ မိန့်ခွန်းမှ)။

၎င်းအပြင် ဖက်ဆစ်စနစ် ပေါ်ပေါက်လာခြင်း အကြောင်းရင်းနှင့် ပေါ်ပေါက်လာပုံကို သုံးသပ်ရာ၌လည်းကောင်း၊ အရင်းရှင်စနစ်၏ ဥပဒေသများ[၂]ကို သုံးသပ်ရာ၌လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် ကားလ်မာက်စ်ကဲ့သို့ပင် သမိုင်းကြောင်းကို ရုပ်ဝါဒအခြေခံပေါ် မူတည်၍သာ အဓိကတင်ပြထားကြောင်း တွေ့ရသည်။ တစ်နည်းအားဖြင့် အရင်းရှင်စနစ်ကို ဝေဖန်သုံးသပ်ရာ၌ ဗိုလ်ချုပ်အောင်ဆန်းသည် ကားလ်မက်စ် အသုံးပြုခဲ့သော အညမညနည်း[၃] ကိုသာ အသုံးပြုခဲ့

---

၂ ၁၉၄၇ ခု၊ မေလ ၁၉ ရက်နေ့ ဂျူဗလီဟောတွင် ကျင်းပခဲ့သော ဖ-ဆ-ပ-လ ပဏာမ ပြင်ဆင်မှုညီလာခံ မိန့်ခွန်းမှ ကောက်နှုတ်ချက်။

၃ ၁၉၄၇ ခု၊ မေလ ၁၉ ရက်နေ့ ဂျူဗလီဟောတွင် ကျင်းပခဲ့သော ဖ-ဆ-ပ-လ ပဏာမ ပြင်ဆင်မှုညီလာခံ မိန့်ခွန်းမှ ကောက်နှုတ်ချက်။

၄ Marxist Methodology





---

၁ ယခုခေတ်အခေါ် ရောင်းကုန်ပစ္စည်း ထုတ်လုပ်မှုစနစ် (commodity Production)ဟု ဆိုလိုဟန်တူသည်။ ရောင်းကုန်ပစ္စည်းထုတ်လုပ်မှုသည် မြေရှင်ပဒေသရာဇ်စနစ်လောက်တွင်မှ ပေါ်ပေါက်လာသည်။ ၎င်းမတိုင်မီကမူ ရိုးရိုးကုန်စည်ထုတ်လုပ်မှုစနစ်သာ ရှိခဲ့သည်။ ရိုးရိုးကုန်ထုတ်လုပ်မှု စနစ်မှာမူ ကုန်ထုတ်လုပ်သူသည် မိမိနှင့်မိမိ၏မိသားစုစားလောက်ရုံ သို့မဟုတ် မိမိအတွက် အခြားလိုအပ်သောပစ္စည်းများနှင့် လဲလှယ်နိုင်ရုံလောက်သာ ထုတ်လုပ်သဖြင့် လူလူချင်းခေါင်းပုံဖြတ်မှုမရှိပေ။ ရောင်းကုန်ပစ္စည်းထုတ်လုပ်မှုမှာမူ ရောင်းရန်ရည်ရွယ်၍ ထုတ်လုပ်ခြင်း ဖြစ်သည်။ မူလတစ်စုံတရာသော အသပြာပမာဏ(M)ကို ရင်းနှီးမြှုပ်နှံပြီး ရောင်းကုန်ပစ္စည်းများ(C)ကို ထုတ်လုပ်ကာ ၎င်းပစ္စည်းတို့ကို မူလမြှုပ်နှံသော အသပြာထက် ပိုများသော အသပြာ(M)ဖြင့် ရောင်းချကာ အမြတ်(P)ရအောင် ထုတ်လုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် ရောင်းကုန်ပစ္စည်း ထုတ်လုပ်လာချိန်မှစ၍ လူလူချင်း ခေါင်းပုံဖြတ်မှု ပေါ်လာပေသည်။

၂ Laws of Capitalism

၃ Dialectics



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း တွေ့ရပေသည်။ ဂုဏ်နှင့်ပတ်သက်၍ မူရင်းအာဘော် မပျက်စေရန် ဗိုလ်ချုပ်အောင်ဆန်း ဝေဖန်သုံးသပ်ပြထားခဲ့သည့် အင်္ဂလိပ်ဘာသာဖြင့်ပင် ပထမဖော်ပြပြီးမှ စာရေးသူ၏ ဘာသာပြန်ချက်ကိုဆက်လက် ဖော်ပြပါမည်။ ဖက်ဆစ်စနစ် ပေါ်ပေါက်လာရခြင်း အကြောင်းရင်းနှင့် ပေါ်ပေါက်လာပုံ၊ အရင်းရှင်စနစ်၏ဥပဒေသများ အသက်ဝင်လှုပ်ရှားနေပုံတို့နှင့် ပက်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက . . .

"Fascism is the worst product of capitalism the world has ever seen. It is the most reactionary jingosim, imperialism and, indeed, rule of Finance Capital. How is it that the growth of such a monstrosity of humanity and history has been made possible? The answer lies in the very laws of capitalist society.

"Capitalsim, being based on anarchic production for profit and resultant inequalities in distribution of wealth, is no longer able to solve the problems that it itself sets. Instead it has called forth irreconcilable antagonism between man and man, race and race, nation and nation, which is greatly intensified and extended in depth and range, by the very culture that it breeds (the culture of profit motive, greed and hate) and by the very technique it has forget __ science! As the contradictions and crisis of capitalism deepen further and further, it grows more and more desperate, and thus it resorts to all sorts of strategems, subtarfuges and stupidities. Unable to solve the crisis





of "over-production" which it creates, it destroys goods and machinery, exploits workers and home market more intensively while it also hunts furiously for foreign markets and colonies. Desiring to get more profit and yet more profit, it get less and less, and therefore it set in motion unbridled competition amongst the capitalists of the same country and between one state and another, leading progressively to the climination of one by the other and formation of trusts, cartels and such form of monopoly nationally and internationally which again intensify competitions, seek more fields and pastures new and attempt to exploit or rob existing ones harder and harder until it calls in sharp divisions and struggle between capital and labour, between state and state, between imperialist countries and colonial countries, and finally leads to a series of local wars extending at last to a large part of the world and affecting it to its very foundation. This is how, roughly, the laws of capitalist development operate. But this is what capitalist society does not want to do. Instead it seeks to prop itself up by various artificial devices and means. Thus we came to have Imperialism and Fascism, the two expressions of the same phenomenon in different forms __ Finance Capital."[၁]

---

၁ "Problems for Burma's Freedom" Presidential Address delivered at the first congress of A.F.P.F.L, Jan. 20, 1946.



www.burmeseclassic.com

www.burmeseclassic.com



(ဖက်ဆစ်စနစ်ဟူသည် ကမ္ဘာက ယနေ့အထိ တွေ့ဖူးသမျှသော အရင်းရှင်စနစ်၏ အဆိုးရွားဆုံးသော ထုတ်ကုန်တစ်မျိုး ဖြစ်သည်။ ၎င်းသည် အဖောက်ပြန်ဆုံး မျိုးချစ်မျက်ကန်း[၁] နယ်ချဲ့စနစ်ဖြစ်ပြီး၊ စင်စစ် ၎င်းသည် ဘဏ္ဍာအရင်း[၂]၏ မလွဲမသွေသောဥပဒေတစ်ခုလည်း ဖြစ်သည်။ ဤမျှလူမဆန်သော စနစ်နှင့် သမိုင်းသည် မည်သို့ပေါ်လာရသနည်း ၎င်းအတွက် အရင်းခံသည် အရင်းရှင်လူ့အဖွဲ့အစည်း၏ ဥပဒေသပင် ဖြစ်သည်။

အမြတ်ရရေးအဘွက် အထိမ်းအကွပ်မဲ့ ကုန်ထုတ်လုပ်မှုနှင့် ၎င်း၏အကျိုးဆက်ဖြစ်သော ဥစ္စာမနခွဲဝေမှု မညီမျှမှုတို့ပေါ် အခြေခံသော အရင်းရှင်စနစ်သည် ၎င်းကိုယ်တိုင်ချမှတ်ခဲ့သည့် ပြဿနာများကို ဆက်လက်ဖြေရှင်းနိုင်စွမ်း မရှိတော့ပေ။ ၎င်းအစား အရင်းရှင်စနစ်သည် လူတစ်ဦးချင်းအကြား၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုးအကြား၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား ညှိနှိုင်းခေါ်စပ်၍မရသော ဝိရောဓိ[၃] များကိုသာ ပေါ်ပေါက်စေခဲ့သည်။ ၎င်းဝိရောဓိများသည် အရင်းရှင်တို့ အစပြုခဲ့သော အစဉ်အလာလေ့ထုံးစံ (၎င်းအစဉ်အလာလေ့တို့မှာ အမြတ်ရလိုရေး စေ့ဆော်မှု[၄] လောဘနှင့်မုန်းတည်းမှုတို့ဖြစ်၍)နှင့် ၎င်းတို့အသုံးပြုခဲ့သော နည်းနိသျှ(သိပ္ပံ)တို့ကြောင့် ပြင်းထန်သည်ထက်ပြင်းထန်လာပြီးနောက် နက်နဲမှုတွင်ရော၊ အကျယ်အဝန်းတွင်ပါ ကျယ်ပြန့်လာသည်။ အရင်းရှင်စနစ်၏ ဝိရောဓိနှင့် အကြပ်အတည်းကပ်များ နက်ရှိုင်းလာသည်နှင့်အမျှ ၎င်းအဘို့ ပို၍ပို၍ အခြေအနေဆိုးဝါးလာသောကြောင့် လိမ်လည်လှည့်ဖျားမှု၊ အခြေအနေဆိုးမှ ကလိန်ကျလွတ်မြောက်စေမှုနှင့် ညစ်ပတ်မှုမျိုးစုံတို့ကို လုပ်လာတော့သည်။ အရင်းရှင်စနစ်သည်

---

၁ Jingoism.

၂ Finance Capital.

၃ Antagonism.

၄ Profit motive.





၎င်းဖန်တီးလိုက်သော ကုန်ပိုထုတ်လုပ်မှု[၁] အကြပ်အတည်းကို မဖြေရှင်းနိုင်ရာမှ ကုန်ပစ္စည်းနှင့်စက်ကိရိယာများကို ဖျက်စီးခြင်း၊ အလုပ်သမားများနှင့် ပြည်တွင်းဈေးကွက်အပေါ် ခေါင်းပုံဖြတ်မှုကို ပိုမို၍ ညှစ်ထုတ်ယူခြင်း စသည်တို့ကိုပြုလုပ်နေသည့် တချိန်တည်းတွင်ပင် နိုင်ငံခြားဈေးကွက်များနှင့် ကိုလိုနီများကိုလည်း မဖြစ်ဖြစ်သည့်နည်းဖြင့် မနားမနေ ရှာဖွေကြရသည်။

အမြတ်များသထက်များစွာရအောင် ကျိုးပမ်းရင်း အရင်းရှင်စနစ်အဖို့ ၎င်းနှင့်ဆန့်ကျင်ဘက်အမြတ် နည်းသထက်နည်းစွာ ရသောကြောင့် ထိန်းချုပ်မရသော ပြိုင်ဆိုင်မှုများသည် တစ်နိုင်ငံတည်းရှိ အရင်းရှင်များအချင်းချင်း အကြားတွင်လည်းကောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံကြားတွင်လည်းကောင်း ဖြစ်ပေါ်လာစေခဲ့သည်။ ၎င်းပြိုင်ဆိုင်မှုက အရင်းရှင် တစ်ဦးက အခြားတစ်ဦးအား ပပျောက်သွားအောင် ပြိုင်ဆိုင်ဖြုတ်ချခြင်း၊ ထရပ်(စ်)[၂]၊ ကာတယ်[၃]နှင့် အလားတူ လက်ဝါးကြီးအုပ်[၄] အဖွဲ့အစည်းကြီးများကို ပြည်တွင်းပြည်ပတွင် ဖြစ်ပေါ်စေပြီး၊ ၎င်းတို့ကတစ်ဖန် ပြိုင်ဆိုင်မှုနယ်ပယ်နှင့် စားကျက်သစ်များ ရှာဖွေခြင်းတို့ကို ပိုမိုပြင်းထန်စေကာ အရင်းနှင့်လုပ်အား[၅]တို့အကြား၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံကြား၊ နယ်ချဲ့နိုင်ငံများနှင့် ကိုလိုနီနိုင်ငံများအကြား ခွဲခြားမှုနှင့်အားပြိုင်မှု[၆]တို့ ပေါ်ပေါက်သည့်တိုင် တစ်ဦးပေါ်တစ်ဦး ခေါင်းပုံဖြတ်သွေးစုတ်မှု သို့မဟုတ် လုယက်ယူငင်မှုတို့ကို နက်ရှိုင်းစွာ ပေါ်ပေါက်လာစေသည်။ နောက်ဆုံးတွင် ပြည်တွင်းစစ်များဖြစ်ပေါ်လာပြီး၊ ၎င်းပြည်တွင်းစစ်မီးသည် ကမ္ဘာတစ်လွှားသို့ ကူးစက်ပြန့်နှံ့ကာ အရင်းရှင်စနစ်၏အခြေခံကို ယိမ်းယိုင်လာစေတော့သည်။ ဤကား အရင်းရှင်ဖွံ့ဖြိုးတိုးတက်မှု ဥပဒေသ၏ သက်ဝင်လှုပ်ရှားမှု အကြမ်းဖျင်း ဖြစ်သည်။ သို့သော် ၎င်းသည် အရင်းရှင်လူ့အဖွဲ့အစည်းက မဖြစ်လို (မလုပ်လို) သောအရာ ဖြစ်သည်။ ၎င်းအစား အရင်းရှင်တို့သည် အခြေအမြစ်

---

၁ Over-production;

၂ Trust

၃ Cartel

၄ Monopoly

၅ Capital and Labour

၆ Division and Struggle



www.burmeseclassic.com

www.burmeseclassic.com



မခိုင်မာသော ဟန်ပြကောင်းသည့် နည်းလမ်းပေါင်းစုံဖြင့် အရင်းရှင်စနစ်ကို ကျားကန် မြှုပြင်ရန် ကြိုးပမ်းရာမှ နယ်ချဲ့စနစ်နှင့် ဖက်ဆစ်စနစ်ဟူသော စနစ်ဆိုး နှစ်ရပ်ကို ကျွန်ုပ်တို့ ဆုံကြုံမြင်တွေ့လာရခြင်းဖြစ်သည်။ အမှန်မှာ ၎င်းစနစ်နှစ်ရပ်သည် ဖြစ်ရပ်တစ်ခုတည်း (ဘဏ္ဍာအရင်း)ကို အသွင်ကွဲပြားစွာဖြင့် ဖော်ပြသော ဖော်ပြချက်နှစ် ရပ်သာဖြစ်သည်။)

ဖော်ပြပါ ကောက်နုတ်ချက်များကိုကြည့်လျှင် ဗိုလ်ချုပ်အောင်ဆန်း၏ တွေးခေါ်မျှော်မြင်မှုတွင် မာက်စ်နှင့် မာစ်ဝါဒ၏ ဩဇာမကင်းဟု ကောက်ချက်ချနိုင်ပေသည်။ သို့မဟုတ်လျှင်လည်း ဗိုလ်ချုပ်သည် မာက်စ်ဝါဒကို ယောင်ဝါးဝါးမဟုတ်ဘဲ ကျေညက်ပိုင်နိုင်သူတစ်ဦးဟု စိတ်ချလက်ချ ဆိုနိုင်ပေသည်။

သို့သော် ဗိုလ်ချုပ်သည် မာက်စ်၏ နောက်လိုက်တစ်ယောက်မဟုတ်ပေ။ မာက်စ်ဝါဒသဘောတရားသည် သူ့အပေါ် မည်မျှပင်ဩဇာသက်ရောက်နေစေကာမူ (သို့မဟုတ် မာက်စ်ဝါဒကို ကျေညက်အောင်လေ့လာရာမှ သဘောကျနှစ်ချိုက်စေကာမူ) ဗိုလ်ချုပ်သည် မာက်စ်ဝါဒကို လက်ခံရာ၌ မာက်စ်ဝါဒအားလုံးကို လက်ခံခြင်းမဟုတ်ဘဲ သမိုင်းကြောင်းဆိုင်ရာ တိုးတက်မှုကို သုံးသပ်ဆန်းစစ်ရာ၌ အသုံးပြုခဲ့သော မာက်စ်၏နည်းလမ်းကိုသာ အသုံးချခဲ့ခြင်း ဖြစ်ပေသည်။ ၎င်းနည်းလမ်းကို အသုံးချကာ သုံးသပ်ဆန်းစစ်ရာ၌ပင် ဗိုလ်ချုပ်အောင်ဆန်းသည် ကာလဒေသအခြေအနေနှင့် မျက်မြင်ဒိဋ္ဌ ပကတိအခြေအနေများကိုမူ မမေ့လျော့ခဲ့ပေ။ ထို့ကြောင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်အပေါ် အခြေခံခဲ့သည်ကို လက်ခံခဲ့စေကာမူ မြန်မာ့ ကံကျေးချစနစ်ကို သုံးသပ်ဆန်းစစ်ခဲ့ရာ၌ ဗိုလ်ချုပ်အောင်ဆန်းက . . .

"The economic divisions of the feudal society were not therefore so sharply differentiated as in other countries. The humanizing influence of





Buddhism over all sections of the people; the fact of every one possessing land of its own; the university of free education for all, men and women; the co-operaive basis of agricultural economy and village life in those days (for in those days in all matters, whether of cultivation or irrigation and what not, it required the co-operative effort of all in the community); the necessity for women to share the out-door economic life of their husbands and family jointly; the absence of large scale trading internal or external (agriculture then was purely for domestic consumption, each agricultural family being almost self-sufficient in the matter of food and clothes with some cottage industries to add, and getting a few other things it needed by exchanging surplus produce of tis own, etc .,) which in turn accounted for the absence of a large trading class in feudal Burma, and also for lack of proper communications from place to place which again made centralised authority and control not so easy and not so tight; these and other factors combined to make, I think, Burmese feudalism to be perhaps the most enlightened of world feudalism."[၁]

ဟု တင်ပြခဲ့ဖူးပါသည်။

(၎င်း၏ အဓိပ္ပာယ်မှာ ထို့ကြောင့် (မြန်မာနိုင်ငံ) မြေရှင်လူ့အဖွဲ့အစည်း၏ စီးပွားရေး ခွဲခြားမှုများမှာ အခြားနိုင်ငံများနှင့် လွန်စွာကွဲပြား

၁ "The Resistance Movement" Address delivered the meeting of East and West Associaton held on August 29, 1945, at the City Hall of Rangoon မှ ကောက်နုတ်ချက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ဗုဒ္ဓဘာသာ၏ လူသားဝါဒသြဇာသည် လူတိုင်းအပေါ် လွှမ်းမိုး နေခြင်း၊ လူတိုင်းမြေပိုင်ရှိခြင်း၊ ကျားမမရွေး အခမဲ့ပညာသင်နိုင်ကြခြင်း၊ ထိုစဉ်က လယ်ယာစီးပွားရေးနှင့် ကျေးလက်ဘဝတွင် စုပေါင်းဆောင်ရွက်မှု အခြေခံရှိခြင်း၊ (အကြောင်းမှာ ထိုစဉ်က စိုက်ပျိုးထုတ်လုပ်မှုတွင် ဖြစ်စေ၊ ဆည်မြောင်းနှင့် အလားတူကိစ္စတွင်ဖြစ်စေ၊ အလုပ်ကိစ္စအားလုံးတွင် လူ့အဖွဲ့အစည်းရှိ လူအားလုံး စုပေါင်းဆောင်ရွက်ရန် လိုအပ်ခဲ့သည်) မိန်းမများအဖို့ မိမိတို့၏ ခင်ပွန်းနှင့်မိသားစုတို့နှင့် စုပေါင်း၍ ပြင်ပစီးပွားရှာမှုကိစ္စ ဆောင်ရွက်နိုင်ခြင်း၊ ပြည်တွင်းရောပြည်ပနှင့်ပါ ကြီးကျယ်စွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု မရှိခြင်း၊ (ထိုစဉ်က လယ်ယာစိုက်ပျိုးရေး ထုတ်လုပ်မှုမှာ အိမ်တွင်းစားသုံးမှုအတွက်သာ ဖြစ်သည်။ လယ်ယာသမား မိသားစုတိုင်းအဖို့ မိမိတို့အတွက် လိုအပ်သော အစားအစာ အဝတ်အထည်တို့ကို ကိုယ်တိုင်ထုတ်လုပ်နိုင်ပြီး၊ အခြား လိုအပ်မှုအနည်းအကျဉ်းကိုလည်း မိမိတွင် ပိုလျှံသောပစ္စည်းနှင့် လဲလှယ်ခြင်းဖြင့် ရရှိနိုင်သည်) ၎င်းကြောင့် မြန်မာ့မြေပိုင်ရှင်စနစ်တွင် ကြီးမားသော ကုန်သည်(ကုန်သွယ်)လူတန်းစား မရှိခဲ့ခြင်း၊ တစ်နေရာမှတစ်နေရာသို့ သွားလာရန် လမ်းပန်းဆက်သွယ်ရေး မကောင်းသဖြင့် ဗဟို ချုပ်ကိုင်မှုမှာလည်း မလျှော့လွန်းမတင်းလွန်းသော စနစ်ဖြစ်ခဲ့ခြင်းစသော အချက်များနှင့် အခြားအချက်များကြောင့် ကျွန်တော့်အထင်တွင် မြန်မာ့မြေရှင်ပဒေသရာဇ်စနစ်သည် ကမ္ဘာ့မြေရှင်ပဒေသရာဇ်များအနက် အဆင့်အတန်းအမြင့်ဆုံးဟု ဆိုချင်ပါသည်)။

ဗိုလ်ချုပ်သည် မာက်စ်ထံမှ ကောင်းနိုးရာရာများကို လက်ခံသကဲ့သို့ လက်ခံနိုင်ဖွယ်ရှိသော အခြားခေါင်းဆောင်များ၏ အယူအဆ သဘောတရားနှင့်လုပ်ရပ်များကိုလည်း မမေ့မလျော့ခဲ့ဘဲ လက်ခံသင့်လျှင် လက်ခံခဲ့သည်။ ပုံစံအားဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရလျှင်ရချင်း ဆိုရှယ်လစ်စနစ်ကို ထူထောင်လိုသော ဗမာကွန်မြူနစ်များ၏ မျှော်မှန်းချက်မှာ ထိုစဉ်က အခြေအနေနှင့် မဖြစ်နိုင်ကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းက "စီးပွားရေးစနစ်ကို စီစဉ်တဲ့နေရာမှာ တိုင်းပြည်အခြေ





အနေအမျိုးမျိုးကို ထောက်ဆပြီး လုပ်ရမယ်။ တရုတ်ပြည်တပိုင်းကို အုပ်ချုပ်နေတဲ့ ကွန်မြူနစ်ခေါင်းဆောင် မော်စီတုံးကိုယ်တိုင်က တရုတ်ပြည်ကြီးဟာ လက်ငင်းအခြေအနေအားဖြင့် ဆိုရှယ်လစ်နိုင်ငံ ထူထောင်နိုင်တဲ့ အခြေအနေမရှိသေးဘူး၊ ဆိုရှယ်လစ်နိုင်ငံထူထောင်နိုင်တဲ့ အခြေအနေရောက်အောင် နှစ်ရှည်လများ ကြာမှ ရောက်နိုင်မယ်။ အဲဒီအတောအတွင်းမှာဆိုရင် လယ်သီးစားခ ပေးရေးဆိုတဲ့ကိစ္စမျိုးတွေဟာ ဆက်လက်တည်မြဲနေအုံးမှာပဲ ဆိုတာကို သူကိုယ်တိုင် ပြောခဲ့တယ်"[1]ဟု သက်သေထူ ဖြေကြားခဲ့ပေသည်။ ၎င်းပြင် အကြောင်းတစ်ခုကို စာရင်းအင်းနှင့်တင်ပြတိုင်း ယုံလွယ်တတ်ခြင်းတွင် အန္တရာယ်ရှိကြောင်းကို သတိပေးရာ၌လည်း ဗိုလ်ချုပ်က လီနင်ကို ကိုးကား၍ "လီနင်ရဲ့ အထုပ္ပတ္တိကို ဖတ်ဖူးသူများ သိပါလိမ့်မယ်" လီနင်သည် စာရင်းအင်းကို ကောင်းစွာ တတ်ကျွမ်းတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး တစ်ယောက် ဖြစ်ပါသည်။ လီနင်အသက်ရှင်စဉ်က ပြောဖူးသည်မှာ သူသည် စာရင်းအင်းဂဏန်း သင်္ချာတွေပါရှိတဲ့ စာအုပ်မှတ်တစ်ပါး အခြား စာအုပ်များကို ဖတ်လေ့ဖတ်ထမရှိဟု ပြောပါသည်။ သို့သော် လီနင်သည် စာရင်းအင်းအထောက်အထားရှိတိုင်း အမှန်ဟူ၍ အရမ်းကာရော လက်မခံဖို့ မပြတ်သတိပေးစကား ပြောကြားခဲ့ပါသည်"[2] ဟု သင်ခန်းစာယူသင့်သည်ကို မည်သူ့ထံမှမဆိုယူရန် လမ်းညွှန်ပြခဲ့ပေသည်။ အလားတူပင် မိမိအား ကျွန်ပြုထားသူများ ဖြစ်စေကာမူ ချီးမွမ်းစရာရှိလျှင် ဝန်မလေးဘဲ အင်္ဂလိပ်ခေါင်းဆောင်များနှင့် လူမျိုးများ၊ အင်္ဂလန်ပြည်တို့အကြောင်းလည်း မိန့်ခွန်းအတော်များများတွင် ထည့်သွင်းမိန့်ကြားခဲ့ပေသည်။

---

၁ ၁၉၄၇ ခု၊ ဧပြီလ ၁၇ ရက်နေ့ညတွင် မြန်မာနစ်သစ်ကူးမိန့်ခွန်းအဖြစ် အသံလွှင့်ရုံမှ တိုင်းပြည်သို့ အသံလွှင့်ပြောကြားခဲ့သော မိန့်ခွန်းမှကောက်နုတ်ချက်။

၂။ ၁၉၄၇ ခု၊ ဇွန်လ ၇ ရက်နေ့တွင် "ဆိုရန်တိုဗီလာ"တွင် ကျင်းပသည့် (၆ ရက်နေ့ စကျင်းပ)ပြန်လည်ထူထောင်ရေး ကွန်ဖရင့်၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အခြားခေါင်းဆောင်များနှင့် ပုဂ္ဂိုလ်ကျော်များ၏ အရေးအသား အတွေးအခေါ်နှင့် လုပ်ရပ်များသည် ဗိုလ်ချုပ်၏ "ကြားဆရာ"များသာဖြစ်ပြီး ဗိုလ်ချုပ်၏သင်ဆရာနှင့် မြင်ဆရာများမှာမူ မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ ပကတိ မိဋ္ဌအခြေအနေများသာ ဖြစ်သည်ဟု ဆိုရပေမည်။ တစ်နည်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် မာက်စ် လီနင်ဝါဒသမားမဟုတ်သကဲ့သို့ မော်စီတုံး ဝါဒသမားလည်း မဟုတ်သော "မျိုးချစ်ဆိုရှယ်လစ်"[၁] တစ်ဦးသာ ဖြစ်ပေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်အထိ ဗိုလ်ချုပ်အောင်ဆန်း အသက်ထင်ရှားရှိနေမည်ဆိုလျှင် မြန်မာနိုင်ငံတွင် မည်သည့်ဆိုရှယ်လစ်စီးပွားရေးပုံစံ[၂] မျိုးဖြစ်မည်၊ ဆိုရှယ်လစ်စီးပွားရေး တည်ဆောက်မှုအစဉ်[၃] မည်သို့ရှိမည် စသည်တို့ကိုမူ သီးခြားဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြထားပါသည်။ မျိုးချစ်ဆိုရှယ်လစ်ဟု ဆိုစေကာမူ ဗိုလ်ချုပ်သည် အမြင်ကျဉ်းသော မျိုးချစ်ဖြစ်လာခြင်း၏ အန္တရာယ်ကိုလည်းကောင်း၊ လွတ်လပ်ရေး ရလာသောအခါ အာရှ သို့မဟုတ် အရှေ့အာရှ (သို့မဟုတ် အင်ဒိုချိုင်းနား) ဘုံဒေသဖြစ်ရေး၏ အရေးပါပုံကိုလည်းကောင်း၊ အိမ်နီးချင်းဖြစ်စေ၊ အိမ်ဝေးချင်းဖြစ်စေ၊ မည်သည့်နိုင်ငံနှင့်မဆို အခြေခံအကျိုးတူ၊ အခွင့် အရေးတူ အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ရေး လိုအပ်ပုံကိုလည်းကောင်း၊ မကြာခဏဆိုသကဲ့သို့ ဖွင့်ထုတ်သတိပေးခဲ့ဖူးသဖြင့် ဗိုလ်ချုပ်သည် အမြင်ကျဉ်းသော မျိုးချစ်ဆိုရှယ်လစ်တစ်ယောက်ကား မဟုတ်ပေ။ အမြင်ကျယ်၍ ကမ္ဘာနှင့်မြန်မာ့အခြေအနေကို မျက်ခြေမပြတ် သုံးသပ်လေ့လာရင်း အများလည်း မနာစေ၊ ကိုလည်းသာစေဟူသော သဘောမျိုးသက်ရောက်သည့် မျိုးချစ်ဆိုရှယ်လစ် တစ်ယောက်ဟုသာ ဆိုရမည်ဖြစ်ပေသည်။

●

---

၁ Nationalist Socialist ၂ Socialist Economic Model ၃ Process



## ဗိုလ်ချုပ်အောင်ဆန်းနှင့် လယ်ယာမြေပြဿနာ

လယ်ယာစိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအဖို့ လယ်ယာစိုက်ပျိုးရေး မတိုးတက်ဘဲ နိုင်ငံစီးပွားရေး တိုးတက်ရန်မဖြစ်နိုင်သောကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် အခါအခွင့်သင့်တိုင်း မြန်မာ့လယ်ယာမြေကို ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိ၏မျှော်မှန်းချက်ကို မိန့်ခွန်းအတော်များများတွင် ထည့်သွင်းပြောကြားခဲ့ပေသည်။ လယ်ယာမြေပြဿနာနှင့် ပတ်သက်၍ ဗိုလ်ချုပ်၏ မိန့်ခွန်းများကို ခြုံငုံလေ့လာလိုက်လျှင် . . .

(က) လယ်ယာမြေ ပြန်လည်ထူထောင်ရေး

(ခ) လယ်ယာဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ရေးနှင့်

(ဂ) လယ်ယာအတွက် ရေရှည်ရည်မှန်းချက် ဟူသော အပိုင်းကြီး ၃ ပိုင်းကို တွေ့ရပေမည်။

ထိုအပိုင်း ၃ ပိုင်းတွင် တစ်ပိုင်းစီအတွက် ဗိုလ်ချုပ်ရည်မှန်းခဲ့သော လုပ်ရပ်အစီအစဉ်တို့ကို မဖော်ပြမီ လယ်ယာမြေနှင့် ပတ်သက်၍ အရေးကြီးသော အချက်တစ်ချက်ကို ဖော်ပြလိုပေသည်။ ၎င်းအချက်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ လယ်ယာပေါ်လစီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်အောင်ဆန်း၏ လယ်ယာပေါ်လစီ

"လယ်ယာမြေ ပိုင်ဆိုင်မှုကိစ္စမှာဆိုလည်း လယ်ယာမြေလုပ်တဲ့ လူတွေ လယ်ယာမြေရအောင် အခြေခံတွေ ချရလိမ့်မယ်။ လယ်မြေဧက အမြောက်အများပိုင်တဲ့ လယ်ရှင်ကြီးစနစ်ကို ဥပဒေအရကန့်သတ် ချုပ်ချယ်ပစ်ရလိမ့်မယ်။ နောက်ပြီး ဘယ်လိုကိုယ်ပိုင် လယ်ယာမြေမျိုးဖြစ်ဖြစ်၊ ဘယ်နှစ်ဧကထက် မပိုစေရ၊ အစရှိသည်အားဖြင့် ဥပဒေအရ ကန့်သတ်ရလိမ့်မယ်။ ဒီလိုမှမလုပ်ရင် လယ်ပိုင်ရှင်စနစ်ကြီးဟာ ရှိနေတာကို မဖျက်နိုင်ရုံတင်မဟုတ်ဘူး၊ ပြန်ဖြစ်အောင်လုပ်တာ ဖြစ်လိမ့်မယ်။ လယ်ယာမြေများကို အမှန်အားဖြင့်ဆိုရင် နောက်ဆုံးတိုင်းပြည်ပိုင် (အစိုးရနှင့်သမဝါယမအဖွဲ့ပိုင်) လုပ်နိုင်ရင်ကောင်းမှာပဲ။ သို့သော်လည်း အဲဒီဟာ မလုပ်မီ လယ်ယာမြေလုပ်သူတိုင်း မြေလက်ရှိရအောင် လုပ်နိုင်ရမယ်။ ဒီအခါမျိုးမှာ အစိုးရက အလယ်အလတ်တန်းနှင့် အောက်တန်းကျတဲ့ တောင်သူလယ်သမားတွေကို တတ်နိုင်သမျှ ကူညီရလိမ့်မယ်။ အဲဒီလို စီးပွားရေးအခြေခံတရားတွေကို ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမှာ ထည့်ဖို့လိုလိမ့်မယ်"[၁]

ဟူသော မိန့်ခွန်းသည် ဗိုလ်ချုပ်၏ လယ်ယာပေါ်စလီကို ထင်ရှားစွာ ဖော်ပြနေသည်ဟု ဆိုရပေမည်။ ၎င်းမိန့်ခွန်းကို ခြုံလိုက်လျှင် လယ်ယာလုပ်သူသာ လယ်ယာမြေပိုင်ရေးနှင့် လယ်ယာမြေအမြောက်အများကို တစ်သီးပုဂ္ဂလိက ပိုင်ဆိုင်သည့်စနစ် (လယ်ရှင်ကြီးစနစ်) ဖျက်သိမ်းရေးသည် ဗိုလ်ချုပ်၏အဓိက လယ်ယာမြေပေါ်လစီဖြစ်ကြောင်း တွေ့ရပေမည်။ ဤအချက်သည် လယ်ယာပြန်လည် ထူထောင်ရေးနှင့် လယ်ယာဖွံ့ဖြိုးတိုးတက်အောင် လုပ်ရေးတို့တွင် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးအချက်အဖြစ် ဗိုလ်ချုပ် ယူဆခဲ့ဟန်တူကြောင်း လယ်ယာမြေနှင့် ပတ်သက်၍ ဗိုလ်ချုပ်၏ ပြောကြားရေးသားချက်များကို ဆက်လက်လေ့လာလျှင် တွေ့ရပေမည်။

၁ ၁၉၄၇ ခု၊ မေလ ၁၉ ရက်နေ့တွင် မိန့်ကြားခဲ့သော ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံမိန့်ခွန်းမှ ကောက်နှုတ်ချက်





## လယ်ယာမြေ ပြန်လည်ထူထောင်ရေး

နယ်ချဲ့အင်္ဂလိပ်တို့၏ ဖျက်ဆီးခြင်းကိုသာမက ဖက်စစ်ဂျပန်တို့၏ ဖျက်ဆီးခြင်းကိုပါ ခံခဲ့ရသော မြန်မာနိုင်ငံအဖို့ လယ်ယာမြေ၏ ပျက်စီးမှုမှာ များပြားလှသည်နှင့်အညီ ၎င်းပြန်လည်ထူထောင်ရေး ပြဿနာမှာလည်း မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးအတွက် မဖြစ်မနေလုပ်ရမည့် တာဝန်ကြီးတစ်ရပ် ဖြစ်ပေသည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ ကြိမ်ဖန်များစွာ ပြောကြားသတိပေးခဲ့ဖူးလေသည်။ သို့သော် လယ်ယာမြေ ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်သော ဗိုလ်ချုပ်၏ ဟောပြောလမ်းညွှန်မှုများတွင် နည်းပညာဆိုင်ရာ အသေးစိတ်လမ်းညွှန်မှုများ မပါဘဲ ပေါ်လစီဆိုင်ရာလမ်းညွှန်မှုများကိုသာ တွေ့ရလေသည်။ မည်သို့ပင်ဖြစ်စေ ထိုယေဘူယျလမ်းညွှန်မှုများတွင် အရေးပါသော အချက်တို့ကို တွေ့မြင်နိုင်ပေသည်။

လယ်ယာမြေ ပြန်လည်ထူထောင်ရေး၏ အဓိကရည်မှန်းချက်မှာ မြန်မာ့လယ်ယာမြေသည် စစ်မဖြစ်မီအဆင့်သို့ အမြန်ဆုံးရောက်ရှိရေး ဖြစ်သည်။ ထိုအဆင့်သို့ရောက်အောင် ထူထောင်ရာ၌ ဦးတည်ရမည့် တိုးတက်မှုပုံစံ[၁]နှင့် ပတ်သက်၍ ဗိုလ်ချုပ်၏ ရည်မှန်းချက်များကို (မိန့်ခွန်းများမှ ထုတ်နှုတ်) လေ့လာကြည့်လျှင် . . .

မြန်မာ့လယ်ယာသည် ဗြိတိသျှခေတ်တွင် ဖြစ်ပေါ်တိုးတက်ခဲ့သော တစ်ဖက်စောင်းနင်း ဖွံ့ဖြိုးတိုးတက်မှု[၂] ဘက်ညီဖွံ့ဖြိုးတိုးတက်မှု[၃] ရစေရန်လည်းကောင်း၊ နိုင်ငံခြားဈေးကွက်တွင် ဈေးနှုန်းလှုပ်ရှားတိုင်း မြန်မာ့ပြည်တွင်း စီးပွားရေးကို မထိခိုက်စေရန်လည်းကောင်း၊ စပါးတစ်မျိုးတည်းကိုသာ အဓိကအားကိုးစိုက်ပျိုးနေသော တစ်သီးစိုက်[၄] အခြေအနေမှ သီးနှံစုံခွဲခြားစိုက်ပျိုးရန်[၅] လိုသည်ဟူသောအချက်။

၁ Pattern of development

၂ Lop-sided

၃ Balanced-growth

၄ Mono-crop

၅ Diversification



www.burmeseclassic.com

www.burmeseclassic.com



ပြည်တွင်းလယ်ယာ ပြန်လည်ထူထောင်မှု လျင်မြန်စွာ အောင်မြင်ရေးနှင့် လယ်ယာဖွံ့ဖြိုးတိုးတက်ရေး တည်မြဲစေရန်နှင့် အရှိန်ရစေရန်အတွက် ပြည်တွင်းတွင် စိုက်ပျိုးနေသော သို့မဟုတ် စိုက်ပျိုးထုတ်လုပ်နေသော လယ်ယာထွက်ပစ္စည်းများ၊ နိုင်ငံခြားမှတင်သွင်းခြင်းကို ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းဖြင့် ပြည်တွင်းလယ်ယာစိုက်ပျိုးရေးကိုသာမက၊ လယ်ယာနှင့်ပတ်သက်သော အခြောကိုင်စက်မှုလုပ်ငန်းများ၊ ပေါ်ပေါက်ထွန်းကားစေရန် အကာအကွယ်ပေးရေးပေါ်လစီ[၁]ကို ကျင့်သုံးရန် လိုသည်ဟူသောအချက်။

သွင်းကုန်တန်ဖိုးထက် ပို့ကုန်တန်ဖိုးကို ပိုမိုတိုးတက်စေခြင်းဖြင့် ပို့ကုန်အပိုအလျှံ[၂] (ဗိုလ်ချုပ်စကားအရ ထွက်ကုန်ဖက်က ငွေပိုရအောင်) ရရှိအောင် ပြုလုပ်ခြင်းဖြင့် ပြည်တွင်းစက်မှုထူထောင်ရေးအတွက် လိုအပ်မည့် နိုင်ငံခြားငွေ ရှာဖွေရန်ဟူသောအချက်။

လယ်ယာဖွံ့ဖြိုးရေးအတွက် အထောက်အကူ ဖြစ်စေရန် သမဝါယမ ချေးငွေအသင်းများ၊ စုပေါင်းရောင်းဝယ်ရေး အသင်းများ ဖွဲ့စည်းရမည်ဟူသောအချက်။

လယ်ယာတွင် သီးနှံစုံခွဲခြားစိုက်ပျိုးခြင်းဖြင့် အများအပြားထွက်အောင် လုပ်ရာ၌ ကုန်ထွက်အရေအတွက်များရုံမက ကုန်ထွက် အရည်အသွေးလည်းမြင့်ရန် ဗိုလ်ချုပ်စကားအတိုင်း ဆိုရလျှင် "အများအပြားထွက်အောင်လုပ်သည့် ပစ္စည်းသည် ကောင်းမွန်ဖို့လည်း အရေးကြီးပါသည်။ အခြားတနည်းဆိုသော် လယ်ယာစိုက်ပျိုးရေးကို သင့်မြတ်စွာထွက်ရှိမှုသဘောဖြင့် စီမံသင့်ပါသည်" ဟူသော အချက် စသည့် အဓိကအချက်ကြီးများကို တွေ့ရှိရပေသည်။

လယ်ယာကို ပြန်လည်ထူထောင်နိုင်ရေးတွင် ဗြိတိသျှကိုလိုနီစနစ်ကြောင့် ပေါ်ပေါက်လာသော သီးစားပြဿနာနှင့် ကြွေးမြီတင်ခြင်းပြဿနာကို ဦးစွာဖြေရှင်းရမည် ဖြစ်ပေသည်။ ဗိုလ်ချုပ်၏ "လယ်လုပ်သူလယ်ပိုင်ရေးနှင့် လယ်ရှင်ကြီးစနစ် ဖျက်သိမ်းရေး" မူဝါဒသည် သီးစား

၁ Protectionist Policy ၂ Export Surplus





စနစ်ကို ဖျက်သိမ်းရေးအတွက် လမ်းညွှန်ဖြစ်ပြီး ကြွေးမြီပြဿနာနှင့်ပတ်သက်၍မူ "လယ်ယာစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးအဖြစ်ဖြင့် လယ်သမားများ ကြွေးမြီပြဿနာနှင့် အတိုးနှုန်းသက်သာစွာဖြင့် လယ်ယာလုပ်ကိုင်နိုင်ရေးအတွက် ငွေချေးငှားခြင်း နည်းစနစ် စသည်တို့ကို စဉ်းစားရပါလိမ့်မည်"[၁] ဟူသော စကားအရ နိုင်ငံအစိုးရက ကြွေးမြီပြဿနာကို နည်းလမ်းရှာဖြေရှင်းကာ စိုက်ပျိုးစရိတ် ချေးငွေများပေးခြင်းဖြင့် ဖြေရှင်းရမည်ဟူသော လမ်းညွှန်မှုကို တွေ့ရပေသည်။ သို့သော်လယ်ယာ ပြန်လည်ထူထောင်ရေးတွင် နိုင်ငံအစိုးရဘက်မှ တာဝန်ရှိသကဲ့သို့ တောင်သူလယ်သမား ဘက်မှလည်း တာဝန်ရှိကြောင်းကိုလည်းကောင်း တောင်သူလယ်သမားများသို့ ထုတ်ပေးသော ချေးငွေများသည် နိုင်ငံတော်ငွေများ၊ အများပြည်သူတို့၏ ငွေများဖြစ်၍ ၎င်းတို့ကို အချိန်မီပြန်လည်ဆပ်ရန် အရေးကြီးကြောင်းနှင့် ဘဏ္ဍာငွေမလုံလောက်လျှင် ပြန်လည်ထူထောင်ရေးလုပ်ရန် မလွယ်ကူကြောင်းကိုလည်းကောင်း "ဒီအမတော်ကြေးဟာ အစိုးရက ထုတ်ပေးတာမဟုတ်ဘူး၊ တိုင်းပြည်အခွန်တော်က ထုတ်ပေးတာ၊ အမတော်ကြေးပြန်မပေးလျှင် အမတော်ကြေးဟာ ဘယ်သူ့ငွေလဲ။ ဒါကြောင့် (ဒီငွေပြန်မဆပ်ရင် တိုင်းပြည်ပဲ နစ်နာမှာပဲ)"[၂] ဟု လည်းကောင်း၊ "အခွန်တော်ကို မပေးပဲ နေသူများကို မြန်မာပြည်အား လွတ်လပ်ရေးမရအောင် တိုက်ခိုက် တားဆီးနေသောသူများဟု ဆိုရပေလိမ့်မည်။ တရားမျှတသော သီးစားခများကို မပေးဘဲနေသူများသည်လည်း မြေရှင်တို့အား အခွန်တော် မထမ်းဆောင်နိုင်အောင် ဖန်တီးပေးရာကျသဖြင့် မြန်မာပြည်၏ လွတ်လပ်ရေးကို သွယ်ဝိုက်သောနည်းဖြင့် တားဆီးနေသူများဟု ဆိုရပေလိမ့်မည်။ တောင်သူလယ်သမားတို့ ရင်ဆိုင်နေရသော အခက်အခဲများကို ကျွန်ုပ်တို့ကိုယ်တိုင် သိရှိ၏။ တောင်သူလယ်သမားတို့ကလည်း

၁ ၁၉၄၇ ခု၊ ဇွန်လ ၇ ရက် ပြန်လည်ထူထောင်ရေး မိန့်ခွန်းမှ ကောက်နုတ်ချက်

၂ ၁၉၄၇ ခု၊ ဧပြီလ ၁၇ ရက် နှစ်သစ်ကူး(ရေဒီယို ၁၈ရက်)မိန့်ခွန်းမှ ကောက်နုတ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ထိုအခက်အခဲတို့မှ သက်သာခွင့်ရရှိရန် ကျွန်ုပ်တို့အား ကူညီစေလိုသည်ကိုလည်း ကျွန်ုပ်တို့သိ၏။ ကျွန်ုပ်တို့ကလည်း အစွမ်းကုန်ကူညီလိုသောဆန္ဒရှိ၏။ သို့သော် ငွေမရှိက ကျွန်ုပ်တို့ မည်သို့မျှ တတ်နိုင်မည် မဟုတ်ပေ။ ယမန်နှစ်က အမတော်ကြေးအဖြစ် ငွေပေါင်း သုံးကုဋေနီးပါးကို တောင်သူလယ်သမားတို့အား ထုတ်ချေးခဲ့၏။ ဤထုတ်ချေးငွေမှာ စစ်မဖြစ်မီက ထုတ်ချေးခဲ့သောငွေထက် အဆပေါင်း ၅၀ ကျော် ၆၀ မျှ ပိုမိုနေသည်ဖြစ်ရာ စစ်မဖြစ်မီက နိုင်ငံတော်အစိုးရ၏ ရရှိသော အခွန်ဘဏ္ဍာတော်ငွေ၏ ခြောက်ပုံတစ်ပုံမျှမက များပြားပေသည်။ အမတော်ကြေးငွေမှာ ဤမျှမက လိုအပ်သည်ကို ကျွန်ုပ်တို့သိလည်း သိ၏။ နောက်ထပ်လည်း ထုတ်ချေးလို၏။ သို့ရာတွင် ချေးပြီး ငွေများကို ပြန်မရပါက ထုတ်ချေးခဲ့ပြီးသော အမတော်ငွေများကိုပင်လျှင် ဤနှစ်အဖို့ ထုတ်ချေးရန် ခဲယဉ်းပေလိမ့်မည်။ ငွေတစ်ကျပ် ပြန်မဆပ်လျှင် ဤနှစ်အဖို့ ထုတ်ချေးငွေတစ်ကျပ် လျော့သွားသည်မည်ပေသည်။ ထုတ်ချေးပြီးသော အမတော်ကြေးကို ပြန်မရပါက နောင်နှစ် ပြန်လည်ထုတ်ချေးနိုင်မည်မဟုတ် ဟူသော အချက်ကို တိုင်းပြည်က ယတိပြတ်သိရှိထားစေလိုသည်”[၁]ဟုလည်းကောင်း မမေ့မလျော့သတိပေးခဲ့သည်။

ဖော်ပြပါ မိန့်ခွန်းများအရ မြေရှင်စနစ်ကို ဖျက်သိမ်းစေကာမူ မြေကို ပုဂ္ဂလိက ပိုင်ဆိုင်ခွင့် ဆက်လက်ပေးထားမည့် သဘောကိုလည်းကောင်း၊ မြေယာဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကမြေပိုင် ခွင့်ပေးထားခြင်း၏ အခန်းကဏ္ဍကို အသိအမှတ်ပြုသည့်သဘောကို လည်းကောင်း တွေ့ရှိရပေသည်။ ပြန်လည်ထူထောင်ရေးကာလတွင် တစ်စုံတစ်ရာသော အချိန်အတိုင်းအတာအထိ သီးစားခ ရှိဦးမည်။ သို့သော် “တရားမျှတသော သီးစားခ” ဟု ဗိုလ်ချုပ်က ဆိုထားခဲ့သဖြင့် ထိုသီးစားခသည် နိုင်ငံအစိုးရဖြစ်စေ၊ သို့မဟုတ် အစိုးရက တာဝန်ပေးထားသော အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ လယ်ရှင်နှင့် လယ်ငှား(လယ်လုပ်) နှစ်ဦး

၁ ၁၉၄၇ ခု၊ မတ်လ ၂၁ ရက်ည ၈ နာရီ ၃၀ တွင် မြန်မာ့အသံမှအသံလွှင့်ခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်





နှစ်ဖက် မနစ်နာအောင် မျှမျှတတ ညှိနှိုင်း၍ သီးစားခနှုန်းကို သတ်မှတ်ပေးမည်ဟု ယူဆရပေသည်။ ဤအဆင့်တွင်မူ မြေရှင်များထံမှ မြေယာများကို သိမ်း၍ အစိုးရက သီးစား ချထားခြင်းမျိုးကို မျှော်လင့်ရန် မဖြစ်နိုင်သေးဟု ယူဆပေသည်။

နိုင်ငံအစိုးရက မည်မျှပင် ကူညီစေကာမူ မြေယာဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကတာဝန်ရှိသူမှာ တောင်သူလယ်သမားများသာ ဖြစ်သည် ဟူသော အချက်ကို အလေးအနက်ထားကြောင်း တွေ့ရပေသည်။

သို့သော် မြေခွန်ပေးရေးကိစ္စတွင်လည်းကောင်း၊ အမတော်ကြေးပြန်ဆပ်ရေးကိစ္စတွင်လည်းကောင်း၊ တောင်သူလယ်သမားများဘက်မှ မပျက်ကွက်ရန် ဗိုလ်ချုပ်ကတိုက်တွန်းစေကာမူ ၎င်းသည် လက်တွေ့လုပ်ရန် မလွယ်ကူလောက်အောင် လေးနက်ခါးထစ်မဟုတ်ဘဲ ချွင်းချက်ရှိနိုင်ကြောင်းကိုလည်း မေ့မထားခဲ့ပေ။ “တောင်သူလယ်သမားတို့ လယ်သီးစားခပေးရာ၌ အခက်အခဲ မရှိစေရန်အတွက်လည်း လယ်သီးစားခ လျှော့နိုင်သမျှလျှော့ပေါ့၍ နှုန်းထားသတ်မှတ်ခဲ့ပြီး လယ်ပျက်များအတွက် အခွန်တော်ကို လျှော့ပေါ့ရန်လည်း အထူးအရေးယူထားပြီးပြီ။ စိုက်ပျိုးရေးပျက်စီးခြင်းကြောင့် အခွန်တော်ကိုဖြစ်စေ၊ အမတော်ကိုဖြစ်စေ ပေးနိုင်သောစွမ်းအား အကယ်ပင် မရှိခဲ့ပါလျှင် အခွန်တော်အရာရှိများက တရားမျှတစွာဖြင့် သက်သက်ညှာညှာ ဆောင်ရွက်ကြရန် ကျွန်ုပ်ညွှန်ကြားထားပြီးပါပြီ။ ဤသို့ မစွမ်းဆောင်နိုင်သည့်ကိစ္စများ၌ တောင်သူလယ်သမား အသီးသီး အသကအသကတို့သည် မိမိတို့၏အမှုကို သက်ဆိုင်ရာ အရေးပိုင်ထံ လျှောက်ထားပါလေ။ အရေးပိုင်တို့၌ ထိုကိစ္စကို အပြီးတိုင်အောင် ဆောင်ရွက်ရန် အခွင့်အာဏာ လုံးဝရှိပါသည်”[၁] ဟူသော ဗိုလ်ချုပ်၏ မိန့်ခွန်းမှာ ခေတ်ရှေ့ပြေး အယူအဆများပါဝင်နေသည်ဟု ဆိုရပေမည်။ အကြောင်းမှာ မဖွံ့ဖြိုးသေးသော လယ်ယာဖွံ့ဖြိုးတိုးတက်ရေးအတွက် တီထွင်သော လယ်သမားများ

၁ ၁၉၄၇ ခု၊ မတ်လ ၂၁ ရက်ည ၈ နာရီ ၃၀ တွင် မြန်မာ့အသံမှအသံလွှင့်ခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်စေရန် စိုက်ပျိုးရေးစရိတ်ချေးငွေများ ထုတ်ပေးရာ၌ သဘာဝအပျက်အစီးကြောင့်ဖြစ်စေ၊ နည်းပညာ အခက်အခဲကြောင့်ဖြစ်စေ၊ ပျက်စီးဆုံးရှုံးမှု ပေါ်ပေါက်ခဲ့လျှင် လျှော်ပစ်နိုင်သော ချေးငွေမျိုး အရေးကြီးကြောင်းကို ၁၉၆၇ ခုနှစ် နယူးဒေလီမြို့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့်၌ နိုင်ငံပေါင်းစုံကိုယ်စားလှယ်အများစုက ညွှန်ပြပြောဆိုခဲ့သည်ကို တွေ့ရသောကြောင့် ဖြစ်ပေသည်။

လယ်ယာမြေ ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ နောက်ဆုံး မှတ်သားဖွယ်ရာကောင်းသော အချက်တစ်ချက်ကိုလည်း ဗိုလ်ချုပ်က လမ်းညွှန်ခဲ့သည်။ ၎င်းမှာ မြိုးမြဲ့ချွေတာရေး၊ အလုပ်ကြိုးစားလုပ်ရေး၊ စနစ်တကျခွဲဝေဖြန့်ဖြူးရေးနှင့် စီမံကိန်းဖြင့် အကောင်အထည်ဖော်ရေးတို့ပင် ဖြစ်သည်။

"အဲဒီအကြောင်းတွေကြောင့် သူတို့(အင်္ဂလိပ်တို့) အတော့်ကိုပဲ ကြီးပွားရေးလုပ်ငန်းတွေ ထိခိုက်နေတော့ကာ နဂိုအခြေအနေကို လေး၊ ငါး၊ ဆယ့်ကိုးနှစ် ဆိုသလိုနဲ့ အမြန်ဆုံးရောက်အောင်ဆိုပြီးတော့ သူတို့ ဘာကြိုးစားနေသလဲ၊ အင်္ဂလိပ်ပြည်မှ ထွက်တဲ့ပစ္စည်း၊ အင်္ဂလိပ်ပြည်မှာ လုပ်တဲ့ ပစ္စည်းတွေကို အင်္ဂလိပ်တွေက မဝယ်နိုင်ဘူး၊ ဘာပြုလို့လဲ၊ ဥပမာ - အဝတ်အထည်ကို အင်္ဂလန်ပြည်က လုပ်ပေမယ့် အင်္ဂလိပ်လူမျိုးတွေကို တစ်နှစ်ကို နှစ်ထည် သုံးထည် အစရှိသည်အားဖြင့် လိုသလောက်ထက် ပိုပြီး မဝတ်ရအောင် ကူပွန်ဆိုတာတွေ ပေးပြီးတော့ ဆိုင်တွေမယ် ရောင်းတယ်။ ဒီကူပွန်ရမှ ဝယ်နိုင်တယ်။ အဲဒီတော့ ဒီလို ဝယ်နိုင်တော့ကာ၊ အဲဒီလိုပေးပြီးတော့ ရောင်းတဲ့ အဝယ်ခိုင်းတဲ့ ပိုတာတွေမှန်သမျှကို ဘာလုပ်သလဲဆိုရင် နိုင်ငံခြားကိုထုတ်ပြီးရောင်းတယ်။ နိုင်ငံခြားကတစ်ခါ ဘီလပ်ကိုသွင်းတဲ့ ပစ္စည်းတွေကျတော့လဲဘဲ အရင်ကလိုအတိုင်း မသွင်းဘဲနဲ့ လျှော့လျှော့ပေါ့ပေါ့ တင်သွင်းပြီးနောက် အဲဒီနိုင်ငံခြားက သွင်းတဲ့ အချို့ကုန်ပစ္စည်းတွေနဲ့ ပတ်သက်ပြီး ချွေချွေတာတာ အရင်ကထက် အများကြီးလျှော့ပေါ့ပြီး အသုံးခိုင်တယ်။ အဲဒီလို





ချွေတာပြီး အခုနေအခါမယ် လုပ်မှ နောက် ၄၊ ၅၊ ၆၊ ၇၊ ၁၀ နှစ် အစရှိသဖြင့် အဲဒီလိုရှိလာတဲ့အခါကျမှ အင်္ဂလိပ်ပြည်ဟာ အရင်နဂိုအခြေအနေကို ပြန်ရောက်နိုင်မည့်အကြောင်း ရှိတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ နေမယ်ဆိုရင်တော့ သူတို့မရနိုင်ဘူး"[၁]

ဟူသော ဗိုလ်ချုပ်၏မိန့်ခွန်းက မြိုးမြဲ့ချွေတာရေး၊ အလုပ်ကြိုးစားလုပ်ရေးတို့အတွက် သာဓကများသာမက၊ လယ်ယာ (သို့မဟုတ် စီးပွားရေးတစ်ခုလုံး)မှ ပို့ကုန်တိုးတက်အောင်လုပ်ရေး၊ ပြည်တွင်း၌ထုတ်လုပ်သော ကုန်ပစ္စည်းများနှင့် နိုင်ငံခြားမှသွင်းသည့် ကုန်စည်များ ပြည်တွင်းတွင် ပြိုင်ဆိုင်မှု မဖြစ်အောင် ကာကွယ်ခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးရေး စသည်တို့အတွက် ဂရုပြုသင့်သော နည်းပေးလမ်းညွှန်မှု တစ်ခုဖြစ်ကြောင်းကိုလည်း တွေ့ရပေသည်။

စီမံကိန်းဖြင့် လုပ်ကိုင်ဆောင်ရွက်ရေးနှင့် ပတ်သက်၍လည်း ဗိုလ်ချုပ်အောင်ဆန်းက . . .

"အဲဒီအတိုင်းဘဲ ဆိုဗီယက်ယူနီယံဆိုတဲ့ တိုင်းပြည်ကြီးဟာ တော်လှန်ရေး စစ်ပြီးတဲ့နောက် ပထမရှေးဦးစွာ စစ်အတော်အတွင်းမှာတော့ ဝါးကွန်မြူနစ်ဇင်[၂] ဆိုတာ ဒီအတောအတွင်းမှာလုပ်တဲ့ ကွန်မြူနစ်စနစ်ဆိုပြီးတော့ လုပ်တယ်။ အဲဒီပြီးတဲ့နောက် စစ်ပြီးတဲ့အခါမှာလဲ (နယူးအီကော်နော်မစ် ပေါ်လစီ)[၃] ခေါ်တဲ့ စီးပွားရေးစနစ်သဘောမျိုးပဲ လုပ်ရတယ်။ အဲဒီလိုလုပ်ပြီးတဲ့နောက်မှတခါ ငါးနှစ်စီမံကိန်းတွေ ဆိုပြီးတော့ ငါးနှစ်စီမံကိန်းတွေ ဆိုဗီယက်ယူနီယံမှာ လုပ်ခဲ့တယ်။ အဲဒီလို ငါးနှစ်စီမံကိန်းတွေ လုပ်ခဲ့စဉ်အခါတုန်းက ဒီတစ်နိုင်ငံလုံးရဲ့ အခြေအနေ အားလုံးကို ချိန်ပြီးကြည့်တော့ တစ်တိုင်းပြည်လုံးကောင်းဖို့ အမြဲတမ်းကောင်းဖို့ကို ရှေ့ရှုကြည့်ပြီးတော့ လုပ်ရတဲ့အခါ ဖြစ်တဲ့အတွက် လူတွေဟာ စားချင်တိုင်း ပထမမစားရဘူး၊ ဝတ်ချင်တိုင်း မဝတ်ရဘူး၊

---

၁ ၁၉၄၇ ခု ဇူလိုင် ၁၃ ရက်နေ့တွင် မိန့်ကြားသည့် "တိုင်းပြုပြည်ပြုလွှတ်တော်" မိန့်ခွန်းမှ ကောက်နုတ်ချက်

၂ War Communism

၃ New Economic Policy



www.burmeseclassic.com

www.burmeseclassic.com



နေချင်တိုင်း မနေရဘူး၊ အဲဒီလို ဖြစ်ရတယ်။ ဒီတော့ ကျွန်တော်တို့ တိုင်းပြည် ထူထောင်ကြမယ်ဆိုလို့ ရှိရင်လဲ (National Planning) ခေါ်တဲ့ အဲဒီစီမံကိန်းမျိုးတွေနဲ့ မလုပ်ဘဲနဲ့ ဘယ်နည်းနဲ့မှ ကျွန်တော်တို့တိုင်းပြည် ဟာ မကြီးပွားနိုင်ဘူးဆိုတာ ခင်ဗျားတို့ သတိရှိစေချင်ပါတယ်"

ဟု မိန့်ကြားသတိပေးချက်တွင်လည်း စီမံကိန်းဖြင့် အကောင် အထည်ဖော်ရန် အရေးကြီးရုံမက ခြိုးခြံချွေတာရေး၊ အလုပ် ကြိုးစား လုပ်ရေးတို့ အရေးကြီးပုံကို ဖော်ညွှန်းပြထားပေသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ ပြန်လည်ထူထောင်ရေး ရည်မှန်းချက်များနှင့် ပတ်သက်၍ အသေးစိတ်လမ်းညွှန်မှုများ၊ ပုံစံများ မပါဝင်ဘဲ ယေဘုယျလမ်းညွှန်မှုများတွင်ပင် ယနေ့တိုင် လိုက်နာသင့် သော မရိုးနိုင်သေးသည့်အချက်များ ပါဝင်နေသည်ဟု ဆိုရပေသည်။

## လယ်ယာဖွံ့ဖြိုးတိုးတက်အောင်လုပ်ရေး

အမှန်မှာ လယ်ယာပြန်လည် ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက် အောင် လုပ်ရေးတို့မှာ ခွဲခြားရန်မလွယ်သော ဒွန်တွဲဖြစ်စဉ်တစ်ခု ဖြစ်ပေ သည်။ သို့သော် လေ့လာရလွယ်ကူရန်အတွက် ခွဲခြားဖော်ပြထားပါ သည်။ လယ်ယာပြန်လည်ထူထောင်ရေး အဆင့်တွင် ဖော်ပြခဲ့သော လုပ်ရပ်နှင့်မျှော်မှန်းချက် အတော်များများသည် လယ်ယာဖွံ့ဖြိုး တိုးတက်အောင် လုပ်ရေးတွင်လည်း မလုပ်မဖြစ်သော အချက်များ ဖြစ် ပေသည်။

သို့သော် လယ်ယာ ပြန်လည်ထူထောင်ရေး အချိန်ရလာသော အခါ လယ်ယာဖွံ့ဖြိုးတိုးတက်ရေး အချိန်အဟုန်ရရန်နှင့် ယင်းဖွံ့ဖြိုး တိုးတက်မှုနှုန်းကို ထိန်းသိမ်းသွားနိုင်ရေးတို့အတွက် ဗိုလ်ချုပ်၏ လမ်း ညွှန်ချက်အချို့မှာ စီးပွားရေးသဘောအရ အရေးပါကြောင်း တွေ့ရပေ သည်။ ပထမဆုံးအချက်မှာ လယ်ယာမြေကို ပြန်လည်ဖွဲ့စည်းမှုနှင့် ပတ်သက်နေပေသည်။ "လယ်ယာမြေများကို အမှန်အားဖြင့်ဆိုရင်





နောက်ဆုံး တိုင်းပြည်ပိုင် (အစိုးရနှင့်သမဝါယမအဖွဲ့ပိုင်) လုပ်နိုင်ရင် ကောင်းမှာဘဲ" ဟူသော ဗိုလ်ချုပ်စကားအရ လယ်ယာကိုပုဂ္ဂလိကပိုင် ခွင့်ပေးခြင်းသည် အချိန်အကန့်အသတ်နှင့်သာဖြစ်ပြီး လယ်ယာ၏ အဆုံးအစွန် ရည်မှန်းချက်မှာ နိုင်ငံတော် လယ်ယာ(နိုင်ငံပိုင်လယ်ယာ) ဖြစ်ပေါ်ရေး ဖြစ်ပေသည်။ သို့သော် ထိုရည်မှန်းချက်သို့ ရောက်ရန်မှာ ပကတိအခြေအနေက ခွင့်မပြုသေးသဖြင့် လယ်ယာမြေကို အုပ်ချုပ် ရေးအရလည်းကောင်း၊ နည်းပညာသဘောအရလည်းကောင်း ပြန် လည်ဖွဲ့စည်းရပေမည်။ လိုအပ်သောပြင်ဆင်မှုများ၊ လိုအပ်သော အခြေ အနေများ မပြည့်စုံဘဲ နိုင်ငံပိုင် လယ်ယာသော်လည်းကောင်း၊ ဆိုရှယ် လစ်စနစ်သော်လည်းကောင်း တည်ထောင်၍ မဖြစ်ကြောင်းကို ဗိုလ်ချုပ် အောင်ဆန်းက -

" - အခုဖြစ်နေတဲ့ ဗမာပြည်ရဲ့အခြေအနေမှာဆိုရင် လယ်ပိုင်ရှင် စနစ်ဆိုတာ ရှိနေအုံးမှာဘဲ - သို့သော်လည်း ဒီလယ်ပိုင်ရှင် စနစ်ပယ် ဖျက်ပြီးရင် တမျိုးတမည် ဖြစ်ချင်ဖြစ်မယ်။ အဲဒီတော့ကာ ကျွန်တော်တို့ ဒီစီးပွားရေးစနစ်ကို စီစဉ်တဲ့နေရာမှာ တိုင်းပြည်အခြေအနေ အမျိုးမျိုး ကို ထောက်ဆပြီး လုပ်ရမယ်။ တရုတ်ပြည်တပိုင်းကို အုပ်ချုပ်နေတဲ့ ကွန်မြူနစ်ခေါင်းဆောင် မော်စီတုံးကိုယ်တိုင်က တရုတ်ပြည်ကြီးဟာ လက်ငင်းအခြေအနေအားဖြင့် ဆိုရှယ်လစ်နိုင်ငံ ထူထောင်နိုင်တဲ့အခြေ အနေ ရောက်အောင် နှစ်ရှည်လများကြာမှ ရောက်နိုင်မယ်။ အဲဒီလို အတောအတွင်းမှာ ဒီမိုကရေစီနိုင်ငံသာ ထူထောင်ပြီး အဲဒီအခြေအနေ အတွင်းမှာဆိုရင် လယ်သီးစားခ ပေးရေးဆိုတဲ့ ကိစ္စမျိုးတွေဟာ ဆက် လက် တည်မြဲနေအုံးမှာဘဲ ဆိုတာကို သူကိုယ်တိုင်က ပြောခဲ့တယ်။

"ဒီတော့ကာ ကျွန်တော်တို့ ဗမာပြည်မှာလဲ အခုဆူပွက်နေကြတဲ့ ကွန်မြူနစ်ဘွေကိုယ်တိုင် ဗမာပြည်ကို အုပ်ချုပ်တဲ့အခါမှာလဲ ဆိုရှယ်လစ် ဝါဒကို ဘယ်နည်းနဲ့မှ ချက်ချင်းထူထောင်နိုင်မှာ မဟုတ်သေးဘူး။ အဲဒီ လို ဆိုရှယ်လစ်ဝါဒ မထူထောင်နိုင်သမျှ ကာလပတ်လုံး၊ လယ်ရှင်နဲ့ လယ်သမားဆိုတာ ရှိနေဦးမှာဘဲ၊ အဲဒီလိုရှိနေသမျှ လယ်သီးစားခပေး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကိစ္စမျိုးရှိနေဦးမှာဘဲ၊ ပေါ်နေဦးမှာဘဲ"[၁] ဟု သတိပေးခဲ့ဖူးသည်။

ဤသို့ဖြင့် လယ်ယာမြေ တိုးတက်အောင် လုပ်ရေးအတွက် လယ်ယာမြေကို စနစ်တကျ ပြန်လည်ဖွဲ့စည်းရန်မှု အရေးကြီးကြောင်း လောက်ကိုသာ ဗိုလ်ချုပ်အောင်ဆန်းက ညွှန်ပြခဲ့သော်လည်း လယ်ယာမြေကို မည်သည့်ပုံစံဖြင့် ပြန်လည်ဖွဲ့စည်းမည်၊ အဆင့်ဆင့်ပြန်လည်ဖွဲ့စည်းမည်လော၊ တစ်ပြိုင်နက်ဖွဲ့စည်းမည်လော၊ သမဝါယမလယ်ယာနှင့် နိုင်ငံပိုင်လယ်ယာအဆင့်သို့ မျှော်မှန်းချက်ထားရုံမက စက်မှု တပ်ဆင်ရေးကိုပါ ဦးတည်ရည်မှန်းခဲ့သဖြင့် လယ်ယာမြေကို ပြန်လည်ဖွဲ့စည်းရာတွင် လယ်လုပ်ကွက်ငယ်လေးများအစား လယ်လုပ်ကွက်ကြီးများဖြစ်အောင် ပေါင်းစည်းရေးပေါ် အခြေခံဖွဲ့စည်းမည်ဟု ခန့်မှန်းနိုင်သော်လည်း ယင်းကို မည်သည့်နည်းဖြင့် အကောင်အထည်ဖော်မည်၊ လယ်ယာတွင် စက်မှုတပ်ဆင်ရာ၌လည်း အကြီးစားစက်မှုလော၊ အသေးစားစက်မှုလောစသည့် နည်းဗျူဟာဆိုင်ရာ နည်းပညာဆိုင်ရာ ပြဿနာများစွာအတွက်မူ ဗိုလ်ချုပ်၏ ပြောဟောမှုများကို မတွေ့ရပေ။ ထို့ကြောင့် လယ်ယာမြေပြန်လည်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ လက်တွေ့ အကောင်အထည်ဖော် လုပ်ဆောင်ရန်အတွက် ဗိုလ်ချုပ်၏ လမ်းညွှန်မှုများ မပြည့်စုံရုံမက အငြင်းပွားစရာဖြစ်ပေါ်နိုင်သောအချက်တို့ကိုလည်း တွေ့နိုင်ပေသည်။

ဒုတိယအချက်အနေဖြင့် လယ်ယာကုန်ထွက်တိုးရေး၊ အထူးသဖြင့် တစ်ဧကအထွက်နှုန်း တိုးရေးသည် မြန်မာနိုင်ငံအဖို့ မရှိမဖြစ်လိုအပ်ချက်တစ်ရပ် ဖြစ်နေပေရာ၊ ၎င်းအတွက် ခေတ်မီ စက်ပစ္စည်းကိရိယာများ တပ်ဆင်ရေးနှင့် စိုက်ပျိုးရေးနည်းများကို ပြုပြင်ရေးတို့ လိုအပ်ပေသည်။ သို့သော် စက်ကိရိယာ သုံးတိုင်းလည်း အထွက်တိုးသည်မဟုတ်ဘဲ စက်ကိရိယာကို နေရာမှန်၊ အချိန်မှန် စနစ်တကျ သုံးရန်လိုသည်။ မလိုသည့် ကုန်ထွက်ပစ္စည်းများအတွက် မသုံးမိဘဲ အရေး

၁ ၁၉၄၇ ခု၊ ဧပြီလ ၁၇ ရက်ညတွင် မြန်မာနှစ်သစ်ကူးမိန့်ခွန်းအဖြစ် အသံလွှင့်ရုံမှ တိုင်းပြည်သို့ အသံလွှင့်ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်





တကြီးလိုသည့် ကုန်ထွက်ပစ္စည်းများအတွက်သာ သုံးရန်၊ ကုန်ထွက်တိုးရေးသာမက တိုးသောကုန်ထွက် အရည်အသွေးမြင့်မားရေးပါ အရေးကြီးလှပေသည်။ သို့သော် ခေတ်မီစက်ပစ္စည်းကိရိယာများ တပ်ဆင်ရေးနှင့် ပတ်သက်၍ အဓိကပြဿနာမှာ ၎င်းစက်ကိရိယာများကို ဝယ်ရန်အတွက် ဘဏ္ဍာငွေ လိုအပ်မှုပြဿနာပင် ဖြစ်ပေသည်။ ၎င်းပြဿနာအားလုံးကိုခြုံ၍ ဗိုလ်ချုပ်အောင်ဆန်းက "ရှေးဦးစွာ လယ်ယာကိုင်းကျွန်း ဆန်စပါး စိုက်ပျိုးမှုတွင် စက်ကိရိယာအသုံးပြုရေး တီထွင်မည်။ ထိုကိစ္စအတွက် စုပေါင်းဆောင်ရွက်ရေးစနစ်ကို သုံးရန်လိုလျှင် သုံးရမည်။ အဆိုပါနည်းများကို အသုံးပြုရန်မှာ ယခုလက်ရှိ စိုက်ပျိုးရေးအခြေအနေကို ပိုမိုကောင်းမွန်လာမှုအတွက် လိုသလောက်အထိ သုံးရပေလိမ့်မည်။ ကုန်ထွက်တိုးတက်လာအောင် ပြုလုပ်ခြင်းသည် ဆင်းရဲခြင်းအတွက် မလွဲနိုင်သော ဆေးမျိုးမဟုတ်သည်ကို ကျွန်တော် သိပါသည်။ မလိုသည့် ကုန်ထွက်ပစ္စည်းများကို တိုးတက်ထွက်အောင်လုပ်ခြင်းသည် အရေးကြီးသောပစ္စည်းများ လိုနေသူများအတွက် အကျိုးမများသည့်အပြင် အဆိုးဖြစ်တတ်ပါသည်။ ကျွန်တော် ဆိုလိုသည်မှာ အများအပြားထွက်အောင် လုပ်သည့်ပစ္စည်းသည် ကောင်းမွန်ဖို့လည်း အရေးကြီးပါသည်။ အခြားတနည်းဆိုသော် လယ်ယာစိုက်ပျိုးရေးကို သင့်မြတ်စွာ ထွက်ရှိမှုသဘောဖြင့် စီမံသင့်ပါသည်။ နောက်ဆုံး အချက်မှာ ၎င်းရာထားချက်တို့ကို အကောင်အထည် ဖြင့်အောင်လုပ်ရန် ငွေကို မည်ကဲ့သို့ရအောင် ရှာရမည်ဆိုသည့်အချက် ပင်ဖြစ်ပါသည်။ ယခုကဲ့သို့ကိစ္စမျိုးမှာ ကျွန်တော်တို့အားလုံးပင် အမြင်မှန်မြင်ပြီး ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုခြင်းအားဖြင့် အလုပ်သဘောကို ကောင်းစွာ သိရှိရပါသည်။ ကျွန်တော်တို့ စီမံကိန်းအားလုံးအတွက် လိုသလောက်ငွေကြေးကို ရနိုင်မည်မဟုတ်ပါ။ သို့အတွက် ကျွန်တော်တို့ လုပ်ရမည်မှာ ရာထားချက်တွေကိုလုပ်၊ နည်းလမ်းတွေရှာ၊ ငွေကြေးကို စီမံကိန်းများအတွက် နေရာတကျ ခွဲဝေပေးဖို့ပင် ဖြစ်ပါသည်"[၁] ဟု ဆန်းစစ်တင်ပြခဲ့ဖူးသည်။

၁ ၁၉၄၇ ခု ဇွန်လ ၇ ရက်နေ့ (ဆိုရန်တိုဗီလာ) တွင် မိန့်ကြားခဲ့သည့် ပြန်လည်ထူထောင်ရေးမိန့်ခွန်းမှ။



www.burmeseclassic.com

www.burmeseclassic.com



၎င်းအလိုအရ လယ်ယာတိုးတက်ရေးတွင် စက်ပစ္စည်းတပ်ဆင်ရေး အရေးကြီးသည်မှန်သော်လည်း တပ်ဆင်သော စက်ပစ္စည်းများသည် အများအပြားထွက်ရှိရန် တစ်ခုတည်းအတွက်သာ ဦးတည်လျှင် အကျိုးရှိမည်မဟုတ်၊ အရည်အသွေး တိုးတက်ရေးကိုပါ ဦးတည်မှ အကျိုးရှိမည်။ တဖန် စက်ပစ္စည်းများကိုလည်းကောင်း ၎င်းတို့အတွက် အသုံးပြုရမည့် ဘဏ္ဍာငွေကြေးများကိုလည်းကောင်း၊ အရည်အတွက်များပြားရေးထက် ရှိသည့်အရေအတွက်ပမာဏကို စနစ်တကျ ခွဲဝေနေရာချထား သုံးစွဲနိုင်ရေးက ပို၍ အရေးကြီးလှပေသည်။ တနည်းအားဖြင့် စက်ပစ္စည်းချည်း နေရာတကာ တပ်ဆင်အသုံးပြုတိုင်း လယ်ယာတိုးတက်မည်ဟု မဆိုနိုင်ဘဲ ရှိသည့်စက်ပစ္စည်းများ မလုံလောက်စေကာမူ ၎င်းတို့ကို စနစ်တကျခွဲဝေသုံးစွဲနိုင်လျှင်ပင် လယ်ယာတိုးတက်မှုအတွက် အထောက်အကူပြုနိုင်သည်။ ဘဏ္ဍာငွေကြေးတွင်လည်း ၎င်းနည်းအတိုင်းပင် ဖြစ်သည် စသောအချက်တို့ကို တွေ့ရပေသည်။ ၎င်းတို့မှာ လယ်ယာကုန်ထုတ်လုပ်ရေးတွင် အနေတော်စီမံကိန်းသဘော[၁]၊ သင့်မြတ်စွာထွက်ရှိမှုသဘော[၂] နှင့် ရင်းနှီးမြှုပ်နှံမှုကို ခွဲဝေအသုံးချမှု[၃] စသည့် လေးနက်သော စီးပွားရေးအယူအဆများနှင့် အကြုံးဝင်နေပေသည်။ ဘဏ္ဍာငွေလိုအပ်မှုနှင့် ပတ်သက်၍မူ ဘဏ္ဍာငွေရနိုင်သည့် ဇစ်မြစ်ကို ဗိုလ်ချုပ်အောင်ဆန်းက -

> "Another argument against the independence of our country is that we have not sufficient finance to rehabilitate and reconstruct our country. Finance is only secondary and not the main thing which we must have in the rehabiliation and reconstruction of a nation. Our country has ample national resources which indeed form the national

၁ Optimum planning

၂ Consistent rate of return

၃ Investment Allocation





> wealth. So long as we have such ample national wealth at our disposal and we are in a position to utilize it to the best interests of our people, the question of shortage of finance should not worry us much. After all, even British herself has to borrow from the United States. We may similarly have to do the same, and if a Bolshevick Russia, outlanded and ostracised for years after her revolution of their country, could get loans for her rehabilitation and reconstruction there should be no difficult in the way of Burma getting loans from other countries."

ဟု ညွှန်ပြခဲ့သည်။

ဗိုလ်ချုပ်အလိုအရ မြန်မာ့စီးပွားရေး ပြန်လည်ထူထောင်ရေးတွင် ဘဏ္ဍာရေးသည် အဓိကမဟုတ်ဘဲ သာမညသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံအဖို့ သဘာဝသယံဇာတ ပေါကြွယ်သဖြင့် ဘဏ္ဍာရေးအတွက် ပူပင်စရာမလိုကြောင်းတို့ကို ထောက်ပြထားသော်လည်း သဘာဝသယံဇာတဆိုသည်မှာ ရှိနေရုံနှင့်မပြီး၊ ၎င်းတို့ကို ဖော်ထုတ်အသုံးချနိုင်ရန် အရေးကြီးရာ၊ ထိုသို့ဖော်ထုတ်ရန်အတွက်လည်း ငွေလိုအပ်လာစရာရှိပေသည်။ ထို့ကြောင့် ဒုတိယနည်းလမ်းအဖြစ် ဗိုလ်ချုပ်က နိုင်ငံခြားမှ ငွေချေးငှားခြင်းဖြင့်လည်း ရနိုင်ကြောင်းကို အင်္ဂလန်နှင့်ဆိုဗီယက်ယူနီယံတို့အား သာဓကပြရင်း တင်ပြထားခဲ့ပေသည်။ သို့သော် ဗိုလ်ချုပ်အလိုရ ဘဏ္ဍာငွေထက် စက်ပစ္စည်းများကို နေရာမှန် အချိန်မှန် အသုံးချရေး၊ ဖြစ်နိုင်သည့် စက်ပစ္စည်းကရိယာများနှင့် သွင်းအားစုများ[၁]ကို ဖြစ်နိုင်သရွေ့ ပြည်တွင်းတွင်(စုပေါင်းစနစ်ဖြင့်) ထုတ်လုပ်ခြင်း၊ လယ်သမားများထဲမှသော်လည်းကောင်း၊ အခြားသူများထဲမှသော်လည်းကောင်း တီထွင်သူများ ပေါ်ထွက်လာအောင် အားပေးခြင်းဖြင့် တီထွင်မှုများ

၁ Inputs



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ဖြစ်ပေါ်အောင်လုပ်ခြင်း စသည်တို့သည် လယ်ယာတိုးတက်ရေးအတွက် ဘဏ္ဍာငွေအလုံအလောက်ရရှိရေးထက် အရေးပါကြောင်းကို သိရပေသည်။

ဗိုလ်ချုပ်အလိုအရ လယ်ယာတိုးတက်ရေးအတွက် လုပ်ရမည့် တတိယအချက်မှာ လယ်ယာကဏ္ဍနှင့် ပတ်သက်၍ "အကာအကွယ်ပေးရေးမူဝါဒ"[၁] ကို ကျင့်သုံးရန်ပင် ဖြစ်ပေသည်။ လယ်ယာကုန်ထွက်ပစ္စည်းများသည် ကြာရှည်မခံ၍လည်းကောင်း၊ လယ်ယာထွက်ပစ္စည်းဈေးနှုန်းများသည် အတက်အကျ များလွန်းသဖြင့်လည်းကောင်း၊ မတိုးတက်သေးသော လယ်ယာအဖို့ မိမိနိုင်ငံတွင် ထုတ်လုပ်သော လယ်ယာကုန်ထွက်များကို နိုင်ငံခြားမှတင်သွင်းပြီး ယှဉ်ပြိုင်စေလျှင် လယ်ယာတိုးတက်မှုကို မည်သည့်နည်းနှင့်မျှ မရနိုင်ကြောင်းကို ဗိုလ်ချုပ်က သဘောပေါက်ခဲ့၍ လယ်ယာတွင် အကာအကွယ်ပေးရေးမူဝါဒကို ကျင့်သုံးရန် တိုက်တွန်းခဲ့ခြင်း ဖြစ်ပေသည်။[၂]

ဖော်ပြခဲ့သည့် အချက်သုံးချက်ကို လက်တွေ့လုပ်နိုင်ပြီးဖြစ်လျှင်သော်လည်းကောင်း၊ သို့မဟုတ် လက်တွေ့လုပ်နိုင်ရန် အခြေအနေများရှိလျှင်လည်းကောင်း၊ လယ်ယာတိုးတက်ရေးနှင့် ပတ်သက်၍ (ဗိုလ်ချုပ်အလိုအရ) အရေးကြီးသောအချက်မှာ စီးပွားရေးမက်လုံး[၃] ပေး၍ ဆွဲဆောင်ခြင်းပင် ဖြစ်ပေသည်။ ဗိုလ်ချုပ်သဘောကျသော စီးပွားရေးမက်လုံးများတွင် ဈေးနှုန်းမက်လုံး၊ ဆန်စပါး ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မှုအတွက် ဆုငွေ၊ တီထွင်မှုများအတွက် အကယ်၍ အကြောင်းတစ်ခုခုကြောင့် စပါးပျက်သွားလျှင် ပြန်ဆပ်ရန်မလိုသည့်ချေးငွေ သို့မဟုတ် ထောက်ပံ့ငွေတို့ အဓိကတွေ့ရပေသည်။[၄] ဤငွေများသည် လယ်ယာ

၁ Protectionism

၂ စာပေဗိမာန်ထုတ် "ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ" (၁၉၄၅-၁၉၄၇)၊ (၁၉၇၁) စာ၊ ၃၈၃-၈၅

၃ Economic incentive

၄ စာပေဗိမာန်ထုတ် "ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ" (၁၉၄၅-၁၉၄၇)၊ စာ၊ ၂၃၄





မြေ တိုးတက်အောင်ပြုပြင်ရန် လယ်ယာစိုက်ပျိုးထုတ်လုပ်ရန် စသည်တို့အတွက် ထုတ်ချေးမည့် ကာလတို ကာလရှည် ချေးငွေများအပြင် နောက်ထပ်ပေးမည့် ငွေများဖြစ်ပေသည်။ လယ်ယာတိုးတက်ရေးတွင် တောင်သူတို့ရရှိသော လယ်ယာထွက်ကုန်ပစ္စည်း ဈေးနှုန်းသည် လွန်စွာအရေးပါကြောင်းကို ဗိုလ်ချုပ်က ညွှန်ပြရင်း လယ်ယာစိုက်ပျိုးထုတ်လုပ်မှု စရိတ်ကာမိရုံမက တောင်သူလယ်သမားမိသားစု စားဝတ်နေမှုအတွက် ထည့်သွင်းစဉ်းစားထားသော ဈေးနှုန်းဖြစ်သင့်သည်ဟု သုံးသပ်တင်ပြခဲ့ပေသည်။[၁]

ဆန်စပါးပိုမိုစိုက်ပျိုးထုတ်လုပ်မှုအတွက် ဆုငွေပေးရေးဟူသော အယူအဆကို ညွှန်ပြခဲ့ခြင်းကို မြန်မာနိုင်ငံတွင် ယနေ့တိုင်လက်တွေ့အကောင်အထည် မဖော်နိုင်သေးစေကာမူ အလေးအနက်စဉ်းစားသင့်သော အယူအဆတစ်ရပ် ဖြစ်သည်ဟု ဆိုချင်ပါသည်။ အကြောင်းမှာ တောင်သူတို့အဖို့ စိုက်ပျိုးစရိတ်ချေးငွေ (အမတော်ကြေး)အမျိုးမျိုးနှင့် ဖော်ပြခဲ့သည့် အာမခံချက်ရှိသည့် ဈေးနှုန်းကို ရရှိရုံမျှမက စပါးပိုမိုထုတ်လုပ်နိုင်မှုအပေါ် ဆုငွေရဦးမည်ဖြစ်သဖြင့် ကိုယ်ကျိုးကြည့်တတ်သည့် လူတို့၏ ပုဂ္ဂလိကသဘောသဘာဝနှင့်ကိုက်ညီ၍ ကုန်ထွက်ပိုသထက်ပိုအောင် ကြိုးစားပြိုင်ဆိုင် ထုတ်လုပ်လာကြမည်ဖြစ်သောကြောင့်ပင် ဖြစ်ပေသည်။ တဆက်တည်းတွင် သူ့ထက်ငါ စပါးပိုမိုထွက်ရေးအတွက် တီထွင်မှုများကိုပင် ပြုလုပ်လာနိုင်စရာ သို့မဟုတ် တီထွင်မှုကို အားပေးရာလည်း ရောက်ပေသည်။ ဤအခြေအနေတွင် တီထွင်ဉာဏ်ရှိသော အမှန်တကယ်လည်း ကြိုးစားတီထွင်နေကြသော လုံ့လဝီရိယရှိသည့် တောင်သူလယ်သမားများအား ထုတ်ချေးလိုက်သော တီထွင်မှုထောက်ပံ့ငွေ(ချေးငွေ)ကို အကြောင်းတစ်ခုခုကြောင့် (ဥပမာ-ရာသီဥတုဆိုးဝါး၍ ပိုးဖျက်၍) စပါးပျက်လျှင်ဆပ်ရန် မလိုဘဲ အစိုးရက လျှော်ပစ်သည့်တီထွင်မှုအားပေးရေး ချေးငွေအတွက် ရှေ့နေလိုက်

၁ စာပေဗိမာန်ထုတ် "ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ" ၁၉၄၅-၁၉၄၇ စာ၊ ၂၃၄



www.burmeseclassic.com

www.burmeseclassic.com



တင်ပြထားခဲ့ခြင်းမှာ[၁]လည်း တီထွင်မှုကို တိုက်ရိုက်အထောက်အကူပြု အားပေးရာရောက်ရုံမက ပိုမိုစိုက်ပျိုးထုတ်လုပ်မှုအတွက်ပါ အထောက်အကူပြုသဖြင့် လယ်ယာတိုးတက်ရေး ဆောင်ရွက်ရာတွင် အကျိုးကြီးမားနိုင်သော အချက်များဖြစ်ပေသည်။ မက်လုံးစနစ်သုံးမျိုးစလုံးသည် လက်တွေ့အကောင်အထည်ဖော်ရန် မဖြစ်နိုင်သော အချက်များ မဟုတ်ရုံမက လက်တွေ့အကောင်အထည်ဖော်လျှင် အကျိုးတကယ်ရှိနိုင်သော ယခုထက်တိုင် ခေတ်ရှေ့ပြေးနေသော အယူအဆများဟု ဆိုနိုင်ပေသည်။ မြန်မာနိုင်ငံတွင် ယခုအထိ ဈေးနှုန်းမက်လုံး တစ်မျိုးတည်းကိုသာ အသုံးပြုနိုင်သေးပေရာ ကျန်သည့်မက်လုံးပေးနည်းနှစ်မျိုးကိုပါ လေ့လာစဉ်းစားသင့်ပေသည်။

လယ်ယာတိုးတက်ရေးအတွက် ဗိုလ်ချုပ်ညွှန်ပြသော နောက်ဆုံးအချက်မှာ လယ်ယာတိုးတက်မှုကို အထောက်အကူပြုသော ဆက်လက် တိုးတက်ရေးကို အားပေးသော ကျောထောက်နောက်ခံ အဆောက်အအုံ[၂] ကောင်းကောင်းရှိရေး သို့မဟုတ် ရှိအောင် ထူထောင်တည်ဆောက်ရေးပင် ဖြစ်ပေသည်။ စီးပွားရေးတိုးတက်မှုတွင် သွင်းအားစုများသည်လည်းကောင်း၊ ကုန်ပစ္စည်းများသည်လည်းကောင်း၊ စီးပွားရေးအတွင်း လွတ်လပ်ချောမွေ့စွာ လည်ပတ်နိုင်ရေးသည် အရေးကြီးသည်ဟု ဗိုလ်ချုပ်က ခံယူထားသူဖြစ်ပေရာ[၃] လယ်ယာတွင်လည်း အလားတူပင် သွင်းအားစုများ၊ လယ်ယာထွက်ပစ္စည်းများ၊ ဖြန့်ဝေမှု၊ တင်ပို့မှု၊ လည်ပတ်မှုတွင် ချောမွေ့လွတ်လပ်ရမည်ကို သဘောပေါက်ခဲ့ပေသည်။[၄]

ထိုသို့ဖြစ်နိုင်ရန်မှာ လမ်းပမ်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်

၁ စာပေဗိမာန်ထုတ် "ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ" (၁၉၄၅-၁၉၄၇) (၁၉၇၁) စာ၊ ၂၃၄-၂၃၅

၂ Infrastructure

၃ Gen Aung San; "Economic Facism in Burma"; The Burma Digest, Vol:1, No.5, May, 1946

၄ Ibid.





ရေး၊ ဆည်မြောင်းတူးမြောင်းစနစ် စသည်တို့ စနစ်တကျထိရောက်ရန်နှင့် စွမ်းဆောင်ရည်ရှိရန် လိုကြောင်း ညွှန်ပြခဲ့ခြင်းမှာ စင်စစ်တွင် မထူးဆန်းပေ။ ကျောထောက်နောက်ခံ အဆောက်အအုံ စနစ်ကျကောင်းမွန်စွမ်းဆောင်ရည်ရှိခြင်းသည် ယခုခေတ်သစ် စီးပွားရေးတိုးတက်မှုတွင် မရှိမဖြစ်သော အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း ခေတ်စီးပွားရေးပညာရှင်တိုင်းက အသိအမှတ်ပြုကြသည် မဟုတ်ပါလော။

●

www.burmeseclassic.com

www.burmeseclassic.com

## စက်မှုထူထောင်ရေး

စက်မှုထူထောင်ရေးနှင့် ပတ်သက်၍မူ ဗိုလ်ချုပ်အောင်ဆန်း၏ ပြောကြားချက်၊ လမ်းညွှန်ချက် များများစားစား မတွေ့ရပေ။

"စက်မှုလက်မှုလုပ်ငန်း ပြဿနာများနှင့် ပတ်သက်၍ဆိုလျှင်လည်း စစ်မဖြစ်မီက အခြေအနေသို့ အဆောတလျင် မည်ကဲ့သို့ရောက်နိုင်ရန်နှင့် အိမ်တွင်းလက်မှုပညာကို လက်တွေ့သဘောအားဖြင့် မည်ကဲ့သို့အားပေးရန် စသည်တို့ကို စဉ်းစားရပါလိမ့်မည်"[၁]

"အရေးကြီးတဲ့စက်မှုလက်မှု လုပ်ငန်းတွေကို အစိုးရက သိမ်းနိုင်ရမယ်၊ သို့မဟုတ် သိမ်းနိုင်အောင် အခြေခံပျိုးထားရမည်"[၂]

"မြန်မာနိုင်ငံ၌ အရေးကြီးသော စက်မှုလုပ်ငန်းအရပ်ရပ်ကို ပြည်သူပိုင်လုပ်ရန် ကျွန်ုပ်ကြံရွယ်ကြောင်း၊ ထိုသို့ပြုလုပ်မှသာ လူတို့၏ စိတ်ကျေနပ်၍ ပျော်ရွှင်စွာနေနိုင်သော အဆင့်အတန်းကို ရရှိမည်ဟု ကျွန်ုပ် စွဲမြဲစွာယုံကြည်ကြောင်း၊ သို့သော် ပြည်သူပိုင်လုပ်ငန်းလုပ်ခြင်းမှာ စိတ်သဘောဖြူဖြောင့်စွာနှင့် မှန်ကန်သော အချိန်ရောက်မှ လုပ်ရမည်ဆိုသော အချက်ကိုသိရှိကြောင်း"[၃] စသည်မျှလောက်ကိုသာ စက်မှု

၁ ၁၉၄၇၊ မတ်လ ၁ ရက်နေ့က မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးများ အသင်း၌ ပြောကြားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းမှ

၂ ၁၉၄၇၊ မေလ ၁၉ ရက်နေ့တွင် မိန့်ကြားခဲ့သော ဖဆပလ ပဏ္ဍာမ ပြင်ဆင်မှု ညီလာခံမိန့်ခွန်းမှ

၃ ၁၉၄၇၊ ဇွန်လ ၇ ရက်နေ့တွင် မိန့်ကြားခဲ့သော ပြန်လည်ထူထောင်ရေးမိန့်ခွန်းမှ





လက်မှုကိစ္စနှင့် ပတ်သက်၍ တိုက်ရိုက်ပြောကြားခဲ့သည်ကို တွေ့ရှိရပေသည်။ ပြန်လည်ထူထောင်ရေးကိစ္စ၊ ပရောဂျက်များကိစ္စနှင့် ပတ်သက်၍ ပြောကြားချက်အချို့ ရှိစေကာမူ စက်မှုလုပ်ငန်းနှင့် တိုက်ရိုက်ပြောကြားခြင်းမဟုတ်ဘဲ၊ ဗြိတိသျှတို့၏ လုပ်ရပ်ကို ဖေန်ခြင်းသာ များပေသည်။

ထို့ကြောင့် ယင်းအချက်အနည်းငယ်ထဲမှ ကောက်ချက်ချလျှင် ပြည့်စုံမှန်ကန်မည် မဟုတ်ပေ။ သို့သော် စက်မှုထူထောင်ရာ၌ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို အားပေးပြီး ယင်းလုပ်ငန်းနှင့်အကြီးစားစက်မှုလုပ်ငန်းကို ဆက်စပ်ပေး၍ အချိုးကျကျတည်ဆောက်သွားမည်ဟု မျှော်မှန်းရပေသည်။ သို့သော် အရင်းအနှီးပြဿနာ၊ ကျွမ်းကျင်သည့် လုပ်သားပြဿနာ စသည့်အဓိကပြဿနာများကို လွတ်လပ်လာမည့် မြန်မာနိုင်ငံသစ်က အတန်ကြာကာလအထိ ရင်ဆိုင်နေရမည်ဖြစ်၍ ကာလတိုတွင် အကြီးစားစက်မှုလုပ်ငန်းများကို ဦးစားပေးဦးမည် မဟုတ်ဘဲ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း သို့မဟုတ် အသေးစားစက်မှုလုပ်ငန်းကိုသာ ဦးစားပေးမည်ဟု ဆိုနိုင်ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဘဏ္ဍာငွေကြေး ပြဿနာနှင့် အရင်းအနှီး စုဆောင်းရေးပြဿနာတို့ကို မကြာခဏ ဖော်ထုတ်ခဲ့သူဖြစ်သည်နှင့်အညီ ယင်းအသေးစား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းငယ်များ အတော်အတန် ထူထူထောင်ထောင်ရှိလာကာ ယင်းလုပ်ငန်းများက အရင်းအနှီးစုဆောင်းနိုင်ခြေ ရှိလာသော အခါမှ အကြီးစားစက်မှုလုပ်ငန်းများအတွက် စဉ်းစားမည်ဟု ယူဆရပေသည်။ တနည်းအားဖြင့် ကာလတိုတွင် အသေးစားစက်မှုလုပ်ငန်းအတွက် အခြေခံတို့ကို ဖန်တီးကာ၊ ကာလရှည်တွင်မူ အသေးစားနှင့် အကြီးစား စက်မှုလုပ်ငန်းတို့ကို ဆက်စပ်ပေးပြီး စီမံကိန်းဖြင့် အကောင်အထည်ဖော် ထူထောင်မည် ဖြစ်ပေသည်။

စက်မှုထူထောင်ရေးနှင့် ပတ်သက်သော မဟာဗျူဟာနည်းဗျူဟာတို့ အကြောင်းကိုလည်းကောင်း၊ ပရောဂျက် ရွေးချယ်ရေးနှင့်ပတ်သက်၍လည်းကောင်း၊ အရင်းအနှီးခွဲဝေမှုနှင့် ပတ်သက်၍လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ် ဘာမျှသိပ်မသိရပေ။ သို့သော် စက်မှုလုပ်ငန်းကြီးများကိုမူ ပြည်သူပိုင်အဖြစ် ထားရှိရန် ရည်ရွယ်ပေသည်။ ရှိပြီးစက်မှုလုပ်ငန်းကြီးများကို ပြည်သူပိုင်သိမ်းနိုင်လျှင်သိမ်း၊ မသိမ်းနိုင်သေးလျှင်လည်း သိမ်းနိုင်မည့် အခြေခံများကို ပျိုးထောင်ထားပေမည်။ သို့သော် ပြည်သူပိုင်လုပ်ငန်းနှင့်ပတ်သက်၍ မှတ်သားဖွယ်ကောင်းသော အချက်တစ်ချက်မှာ "ပြည်သူပိုင်လုပ်ငန်းလုပ်ခြင်းမှာ စိတ်သဘော ဖြူဖြောင့်စွာနှင့် မှန်ကန်သော အချိန်ရောက်မှ လုပ်ရမည်ဆိုသောအချက်ကို သိရှိကြောင်း" ဟူသော ဖော်ပြချက်ပင်ဖြစ်ပါသည်။ ပြည်သူပိုင်လုပ်ငန်းလုပ်ခြင်းနှင့်ပတ်သက်၍ ဆန္ဒစောပြီး အချိန်မကျမီ လုပ်ကိုင်တတ်သော လက်ဝဲစွန်အမှား အချိန်ကျပါလျက် တွေဝေတုံ့ဆိုင်းကာ မလုပ်ဖြစ်တတ်သော လက်ျာစွန်အမှား နှစ်မျိုး၏ အန္တရာယ်နှင့်ပတ်သက်၍ အလေးဂရုပြုရမည်ဟူသော အချက်မှာ နမူနာယူသင့်ပေသည်။ "ပြည်သူပိုင်လုပ်ငန်းလုပ်ခြင်းမှာ စိတ်သဘောဖြူဖြောင့်စွာနှင့် (လုပ်ရမည်)"ဆိုသော စကားမှာလည်း တိုတောင်းစေကာမူ အဖိုးမဖြတ်နိုင်သော စကားတစ်ရပ်ဖြစ်သည်ဟု ဆိုရပေမည်။ ကုန်ထုတ်အရင်းအနှီးများ၊ ကုန်ထုတ်လုပ်ငန်းများအားလုံး ပြည်သူပိုင် ဖြစ်လာချိန်တွင် ယင်းတို့ကို ပြည်သူ့ကိုယ်စား စီမံခန့်ခွဲသူများ၊ ပြည်သူ့ဝန်ထမ်းများက လွှဲပြောင်းအုပ်ချုပ်ရမည်ဖြစ်ရာ ထိုအခါ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်ရေး၊ စိတ်သဘောဖြူဖြောင့်ရေးနှင့် စေတနာဆန္ဒ မှန်ကန်ရေးသာ မရှိလျှင် မည်သည့်နည်းနှင့်မျှ အောင်မြင်နိုင်မည် မဟုတ်ကြောင်းကို လွန်ခဲ့သော ၂၅ နှစ်ကျော်ကပင် ဗိုလ်ချုပ်အောင်ဆန်းအနေနှင့် ကြိုတင် မှန်းဆနိုင်စွမ်း ရှိခဲ့ပေသည်။

အချိန်မကျဘဲလုပ်ခြင်း၊ အချိန်လွန်မှ လုပ်ခြင်းတို့မှကင်းပြီး အရေးကြီးသည့်လုပ်ငန်းကို ဦးစားပေး၍ အချိန်မှန်နှင့် အတိကျလုပ်ရန် လိုကြောင်းနှင့် ပတ်သက်၍လည်း ဗိုလ်ချုပ်အောင်ဆန်းက

"We start on a modest scale in developing form. And we must do first things first and begin





with basic things such as relief, supplies, transport, communications, law and order, education, housing and public health on a progressive scale. And we must for our success apply principles of co-operation wherever necessary and practicable"[၁]

ဟု ညွှန်ပြခဲ့ပေသည်။ ဤစကားအရ အလုပ်တစ်ခုလုပ်ရေးတွင် အချိန်၏အရေးပါပုံကို သိရရုံမက၊ ရေရှည်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုတွင် ကျောထောက်နောက်ခံ အဆောက်အအုံ တိုးတက်အောင်လုပ်နိုင်ရေး၏ အရေးကြီးပုံနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ကိုယ့်အားကိုယ်ကိုး ကိုယ်ထူကိုယ်ထ လုပ်ကိုင်မှုတို့၏ အရေးပါပုံတို့ကိုပါ တွေ့ရှိရပေသည်။

"One of the objectives that we have in our Economic and social policy is to 'encourage private enterprise'. One of the points of our policy in connection with currency and finance is raising foreign loans in the cheapest market without the obligation of making concessions at the expense of national interests".[၂]

ဟူသော ထုတ်ဖော်ပြောကြားခဲ့ချက်အရ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် တစ်စုံတစ်ရာသော ကာလအထိ (သို့မဟုတ် အတန်ကြာအထိ) စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပေးထားမည်ဖြစ်ရုံမက ဘဏ္ဍာငွေကြေး အရင်းအနှီးရရှိရေးအတွက်လည်း နိုင်ငံခြားမှ ငွေချေးခြင်းကိုလည်းကောင်း၊ နိုင်ငံခြားမှအရင်းအနှီး ဆွဲဆောင်ခြင်းကိုလည်းကောင်း၊ အရင်းအနှီးဆွဲဆောင်မှုသော်လည်းကောင်း၊ နိုင်ငံနှင့်အုပ်စုမခွဲခြားဘဲ မည်သည့်နိုင်ငံ၊ မည်သည့်အုပ်စုမှမဆို ပြုလုပ်မည်ဟု

၁ "Problems for Burma's Freedom", Presidential Address delivered to the first Congress of AFPFL, Jan 20, 1946.

၂ "Critique on British Imperialism", Address delivered at the second session of the supremecouncil of AFPFL, on May 16, 1946.



www.burmeseclassic.com

www.burmeseclassic.com



ဆိုနိုင်သော်လည်း အမျိုးသားရေးကို မထိခိုက်စေသော နှောင်ကြိုးမဲ့ ဖြစ်ရမည်ဟူသော ကန့်သတ်ချက်ကိုမူ အလေးအနက်ထားကြောင်း တွေ့ရှိရပေသည်။

စက်မှုလုပ်ငန်းနှင့်ပတ်သက်သော နောက်ဆုံးအချက် တစ်ချက်မှာ "လယ်ယာပြဿနာ" ဆောင်းပါးတွင် ဖော်ပြခဲ့သည့်အတိုင်း စက်မှုလုပ်ငန်းတွင်လည်း ထူထောင်စကာလ နိုင်ငံခြားမှ ဈေးပေါသော စက်မှုကုန်စည်များမှ ပြိုင်ဆိုင်မှု ကင်းစေခြင်းဖြင့် စက်မှုထူထောင်ရေးကို အထောက်အကူပြုနိုင်စေရန်အတွက် "အကာအကွယ်ပေးရေး ပေါ်လစီ"[၁] ကို ကျင့်သုံးမည်မှာ သေချာသော အချက်ပင်ဖြစ်ပေသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ စက်မှုထူထောင်ရေးပေါ်လစီကို ခြုံ၍သုံးသပ်ရလျှင် "ပုဂ္ဂလိက လုပ်ကိုင်သော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းငယ်ကလေးများမှ စတင်ကာ ၎င်းကို အစိုးရက အကာအကွယ်ပေးရေးမူဝါဒ၊ လိုအပ်သော ကုန်ကြမ်းပစ္စည်းများရနိုင်ရေး စသည်တို့ဖြင့် ကူညီအားပေး ထူထောင်ရင်း အခြေတည်မိအောင် ပြုလုပ်မည်။ ယင်း အသေးစားစက်မှုလုပ်ငန်းများ ထူထူထောင်ထောင်ရှိလာသောအခါမှ အကြီးစားစက်မှုလုပ်ငန်းကို အစပျိုးတည်ထောင်မည်။ အကြီးစားဆိုရာ၌ပင် အသေးစားစက်မှုလုပ်ငန်းများထက် လယ်ယာကုန်ထုတ်လုပ်မှုနှင့် ဆက်စပ်အကျုံးဝင်နေမည့် အပေါစား စက်မှုလုပ်ငန်းများဖြင့် စတင်မည်ဖြစ်ပေသည်။ သို့သော် စက်မှုလုပ်ငန်းကြီးများ၏ အဆုံးစွန်ပန်းတိုင်မှာ ပြည်သူပိုင်စက်မှုလုပ်ငန်း ဖြစ်ပေါ်ရေးပင် ဖြစ်ပေသည်။" ဟူသော ကောက်ချက်များကို တွေ့ရှိရပေသည်။

●

---

၁ Protectionist policy



## ဗိုလ်ချုပ်အောင်ဆန်းနှင့် ငွေကြေးဖောင်းပွမှုပြဿနာ

ငွေကြေးပြဿနာနှင့် အလုပ်လက်မဲ့ပြဿနာ (အထူးသဖြင့် ငွေကြေးပြဿနာ) နှင့် ပတ်သက်၍ပြောကြား ရေးသားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းနှင့် ရေးသားချက်များက ဗိုလ်ချုပ်သည် နိုင်ငံရေးဘောဂဗေဒမှလွဲ၍ ဘောဂဗေဒပညာရပ်ဆိုင်ရာ နည်းပညာကို ကျောင်းတွင် ဇောက်ချမသင်ကြားခဲ့ရစေကာမူ၊ စီးပွားရေးလုပ်ငန်း အတွေ့အကြုံရှိခဲ့စေကာမူ၊ နက်နဲသော ဘောဂဗေဒဆိုင်ရာ ဗဟုသုတ ရှိကြောင်း ပြဆိုသော မှတ်ကျောက်များအဖြစ် တွေ့ရှိရပေသည်။

ငွေကြေးဖေါင်းပွမှုနှင့် အလုပ်လက်မဲ့ပြဿနာအပေါ် ဗိုလ်ချုပ်အောင်ဆန်း၏သုံးသပ်ချက်ကို မတင်ပြမီ ငွေကြေးဖောင်းပွမှု ဟူသည် အဘယ်နည်း၊ ငွေကြေးဖောင်းပွမှု အဘယ်ကြောင့်ဖြစ်ပေါ်ရသနည်း စသည့် မေးခွန်းများနှင့်ပတ်သက်သော အဖြေတို့ကို အကြမ်းဖျင်းအားဖြင့် ဦးစွာဖော်ပြလိုပေသည်။

ယေဘုယျအားဖြင့် ငွေကြေးဖောင်းပွမှုဆိုသည်မှာ . . . .

ငွေကြေးတန်ဖိုး[၁] များ သို့မဟုတ် ငွေကြေး၏ ဝယ်နိုင်စွမ်းအား[၂] များ ကျဆင်းနေပြီး ကုန်စည်တို့၏ အထွေထွေဈေးနှုန်းများ[၃] အဆမ

---

၁ Value of Money

၂ Purchasing Power of Money

၃ General (Level of) prices



www.burmeseclassic.com

www.burmeseclassic.com



တန်တက်နေသော အခြေအနေမျိုးကိုဆိုလိုပေသည်။ ပုံစံအားဖြင့်- ၁၉၆၀ ခုနှစ်တွင် ငွေတစ်ကျပ်ဖြင့် ဆန်တစ်ပြည် (၈-ဘူး) ဝယ်နိုင်ပြီး၊ ၁၉၇၀ ခုနှစ်တွင် ငွေတစ်ကျပ်ဖြင့် ဆန်ပြည်ဝက်(၄-ဘူး) သာဝယ်နိုင်သည်ဆိုပါစို့။ အခြားအခြေအနေများ မပြောင်းလဲဟု ယူဆလျှင် (ငွေတစ်ကျပ်၏ ဝယ်နိုင်စွမ်းအားသည် ၁၉၆၀ ခုနှစ်တွင် ဆန်တစ်ပြည်မှ ၁၉၇၀ ခုနှစ်တွင် ဆန်ပြည်ဝက်သာဖြစ်၍) ငွေ၏ ဝယ်နိုင်စွမ်းအားသည် ၁၉၆၀ ခုနှစ်တွင်ထက် ၁၉၇၀ ခုနှစ်တွင် ထက်ဝက် ကျဆင်းသွားခြင်းဖြစ်သည်။ သို့မဟုတ် ငွေတန်ဖိုးထက်ဝက် ကျဆင်းသွားခြင်းဖြစ်သည်။ သို့မဟုတ် ဈေးနှုန်းသည် (၁၉၆၀ ခုနှစ်တွင် ဆန်တပြည်တစ်ကျပ်မှ ၁၉၇၀ ခုနှစ်တွင် ဆန်ပြည်ဝက်တစ်ကျပ်ဖြစ်သွားသောကြောင့်) ၂ ဆမြင့်တက်သွားခြင်း ဖြစ်ပေသည်။ ၎င်းဥပမာမှ ကြည့်လျှင် ၁၉၆၀ ခုနှစ်ခု ငွေတစ်ကျပ်သည် ၁၉၇၀ ခုနှစ်တွင်လည်း ငွေတစ်ကျပ်သာဖြစ်စေကာမူ ဈေးနှုန်းအပြောင်းအလဲကြောင့် ငွေတစ်ကျပ်၏ ဝယ်နိုင်စွမ်းအား (ငွေတစ်ကျပ်၏တန်ဖိုး)မှာ မတူဘဲ ပြောင်းလဲသွားခြင်းဖြစ်ကြောင်း တွေ့ရမည်။ ထို့ကြောင့် ငွေကြေး၏ဝယ်နိုင်စွမ်းအား သို့မဟုတ် ငွေကြေးတန်ဖိုးပြောင်းလဲရခြင်းသည် ဈေးနှုန်းပေါ်တွင် မူတည်နေပေသည်။ ထို့ကြောင့် ငွေကြေးဖောင်းပွမှုသည် အထွေထွေဈေးနှုန်းများ မြင့်တက်နေခြင်းဖြစ်သည်ဟု အဓိကဆိုလိုနိုင်ပေသည်။

ဈေးနှုန်းများ အဘယ်ကြောင့် မြင့်တက်ရသနည်း၊ အဓိကအကြောင်းရင်းမှာ ဝယ်အား[၁] ကိုရောင်းအား[၂] က မလိုက်နိုင်ခြင်းသို့မဟုတ် ကုန်ထုတ်လုပ်မှု[၃] သည် စားသုံးမှု[၄] ကို လိုက်၍ မတိုးတက်ခြင်းကြောင့် ဖြစ်သည်။ ထိုအခြေအနေဖြစ်ပေါ်လျှင် ပစ္စည်းမလုံလောက်၍ ရှားပါးပြီး ဈေးနှုန်းတက်ရပေသည်။ ဤကား သာမန်အခြေအနေတွင် ဖြစ်ပေသည်။ တစ်ခါတစ်ရံတွင်မူ ဝယ်အားရောင်းအား (ကုန်ထုတ်လုပ်မှုနှင့် စားသုံးမှု)နှင့် မဆိုင်ဘဲလည်း ဈေးနှုန်းများတက်နိုင်ပေ

၁ Demand
၂ Supply
၃ Production
၄ Consumption





သည်။ နိုင်ငံရေး လူမှုရေး အခြေအနေများ မငြိမ်သက်၍ (ပုံစံ- စစ်အတွင်းကာလ သို့မဟုတ် အရေးပေါ်ကာလမျိုး)။ လူတို့၏ စိုးရိမ်စိတ်ကြောင့် ဖြစ်လာသော ဝယ်အားရောင်းအား[၁] အခြေအနေမျိုးတွင် ပစ္စည်းပေါ်စေကာမူ ဈေးနှုန်းတက်နေနိုင်သည်။ တဖန် နိုင်ငံရေး၊ လူမှုရေးအခြေအနေ ငြိမ်သက်စေကာမူ ဥစ္စာဓနပိုင်ဆိုင်မှု မညီမျှခြင်းကြောင့် လူနည်းစုလက်ထဲ၌ ဥစ္စာဓနများ စုပြုံရောက်ရှိကာ ထိုလူနည်းစုက ကုန်ထုတ်လုပ်မှုကို ချုပ်ကိုင်ပြီး ဈေးနှုန်းကို ထိန်းချုပ်နိုင်သော အခြေအနေမျိုး (တစ်ဦးချုပ် သို့မဟုတ် လက်ဝါးကြီးအုပ် အခြေအနေမျိုး)[၂] တွင်လည်း ပစ္စည်းပေါ်စေကာမူ ဈေးနှုန်းများ မြင့်မားနေနိုင်ပေသည်။ သို့မဟုတ် ကုန်စည်ဖြန့်ဖြူးမှု စနစ်မကျ၊ မမျှတမှုကြောင့် ကမောက်ကမဖြစ်လျှင်လည်းကောင်း၊ သယ်ယူပို့ဆောင်မှု အဆင်မပြေ ချွတ်ယွင်းမှုရှိလျှင်လည်းကောင်း၊ ကုန်စည်ထုတ်လုပ်သည့်နေရာနှင့် စားသုံးသည့်နေရာ (ကုန်ထုတ်လုပ်ငန်းနှင့် ဈေးကွက်) ဝေးကွာလျှင်လည်းကောင်း၊ ဈေးနှုန်းများ တက်နေနိုင်ပေသည်။ ဖော်ပြပါအခြေအနေတစ်ခုခုကြောင့်လည်းကောင်း၊ အားလုံးကြောင့်လည်းကောင်း၊ ကုန်စည်ဈေးနှုန်းများတက်လျှင် ငွေတန်ဖိုးများ ကျဆင်းမည်ဖြစ်ပေသည်။ ထိုအခြေအနေမျိုးတွင် ပြည်သူအများစုလက်ထဲ၌ ငွေကြေးချို့တဲ့နေပြီး လူနည်းစုလက်ထဲ၌သာ ငွေကြေးများစုပြုံရောက်ရှိနေလျှင် ပြည်သူတို့၏ ဝယ်နိုင်စွမ်းအားနိမ့်ကျကာ ကုန်ထုတ်လုပ်မှုကျဆင်းခြင်း၊ လူနေမှုစရိတ်တက်ခြင်းစသည့် စီးပွားရေး ကမောက်ကမမှု ဖြစ်ပေါ်လာတတ်သည်။ ၎င်းအခြေအနေမျိုးကိုခြုံ၍ ငွေကြေးဖောင်းပွနေသော အခြေအနေ[၃]ဟု ခေါ်သည်။ (*)

ယေဘုယျအားဖြင့် ငွေကြေးဖောင်းပွမှု သုံးမျိုး သုံးစားရှိပေ

၁ Speculative demand and supply
၂ Inequality in Property Ownership Monopoly Situation
၃ Inflationary Situation1
* (The Mc Graus-Hill Dictionary of Modern Economics, PP.259-60)



www.burmeseclassic.com

www.burmeseclassic.com



သည်။ ၎င်းတို့မှာ စရိတ်မြင့်တက်လာမှုကြောင့် ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှု[၁] ဝယ်လိုအားသည် ရောင်းလိုအားထက် လွန်မင်းစွာ များပြားမှုကြောင့် ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှု[၂] နှင့် အလွှာလိုက်ငွေကြေးဖောင်းပွမှု[၃] တို့ ဖြစ်ပေသည်။

ပထမ ငွေကြေးဖောင်းပွမှု အမျိုးအစားမှာ လုပ်ခများတိုးတက်နှုန်းသည် ကုန်ထုတ်စွမ်းအား တိုးတက်နှုန်းထက် မြင့်ရာမှ ဈေးနှုန်းများ တိုးတက်နေချိန်မျိုးတွင် ဖြစ်ပေါ်တတ်ပေသည်။ အလုပ်သမားသမဂ္ဂများသည် လုပ်သားများအတွက် လုပ်ခတိုးတက်ရေး တောင်းဆိုမှုတို့ကြောင့် ဤကဲ့သို့ စရိတ်တက်ငွေဖောင်းပွမှု ဖြစ်ပေါ်ရသည်ဟု လုပ်ငန်းရှင်တို့ ယူဆကြသည်။ ဒုတိယငွေကြေး ဖောင်းပွမှု အမျိုးစားမှာမူ ကုန်ထုတ်လုပ်မှုပမာဏမှာ ကျဆင်းနေချိန် သို့မဟုတ် အကန့်အသတ်နှင့်ဖြစ်နေချိန်တွင် ဝင်ငွေများသူများက အလုအယက်ဈေးကြီးပေးရာမှ ကုန်ဈေးနှုန်းများတက်လာကာ ဝင်ငွေနည်းသူအများစုက ဝယ်ယူစားသုံးမှုလျော့ခြင်း သို့မဟုတ် မပြုနိုင်ခြင်းကြောင့် ဖြစ်ပေါ်ရပေသည် တတိယ ငွေကြေးဖောင်းပွမှုအမျိုးအစားမှာမူ စီးပွားရေး တစ်ခုလုံးတွင် ဝယ်လိုအားမများသော်လည်း၊ ကုန်စည်တစ်မျိုးမျိုး (သို့မဟုတ် ကုန်ထုတ်လုပ်ငန်းတစ်ခုခု၏ ကုန်ထွက်များ) ကို ပိုမိုဝယ်ယူကြသဖြင့် ယင်း ကုန်စည်ဈေးနှုန်းများ တက်ရာမှ ပေါ်ပေါက်လာရပေသည်။

၁၉၃၀ ခုနှစ် နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံတွင် ဒုတိယ ငွေကြေးဖောင်းပွမှုအမျိုးအစား အခြေအနေမျိုး ဖြစ်ပေါ်နေသည်။ ယင်းအခြေအနေသည် နောက်ပိုင်းကာလ (၁၉၄၀ ခု၊ နောက်ပိုင်း) ဂျပန်အဝင် အင်္ဂလိပ်အပြေး မြေလှန်ဖျက်ဆီးမှုများတွင်တစ်ကြိမ်၊ တဖန် ဂျပန်တို့ကို တိုက်ထုတ်ပြီး အင်္ဂလိပ်တို့ပြန်အဝင် တိုက်ခိုက်ဖျက်ဆီးမှုများ၊ လုစ်လျူရှုမှုများ၊ နယ်ချဲ့နှင့် လက်ဝေခံများ၏ အကျိုးပြု ပေါ်လီစီမူဝါဒများနှင့်

၁ Cost-push Inflation

၂ Demand-pull Inflation

၃ Structural Inflation





လုပ်ရပ်များ အစီအစဉ်များကြောင့် တိုင်းပြည်စီးပွားရေးဘဝတစ်ခုလုံး ချွတ်ခြုံကျကာ ပြည်သူတစ်ရပ်လုံး ပြာပုံဘဝရောက်နေချိန်၊ စီးပွားရေးအရ မျှော်လင့်ချက် ကင်းမဲ့နေချိန်ဖြစ်သည်။ ယင်းအခြေအနေကို ၁၉၄၆ ခု၊ ဧပြီလ ၂၅ နေ့တွင် ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ဗိုလ်ချုပ်အောင်ဆန်းက ဝေဖန်တင်ပြရင်း မြန်မာနိုင်ငံတွင် ငွေရှားပါးနေကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ၎င်းနှင့်ပတ်သက်၍ နောက် ၂ ရက်အကြာ (ဧပြီလ ၂၇ ရက်နေ့) တွင် အစိုးရအာဘော် (ဗြိတိသျှအစိုးရကို ဆိုလိုသည်။) ဖြစ်သော "သ နယူးတိုင်းအော့ဘားမား[၁]" က ခေါင်းကြီးပိုင်းမှနေ၍ ဦးအောင်ဆန်းပြောသကဲ့သို့ ဗမာပြည်တွင် ငွေမရှားကြောင်း၊ မရှားရုံမက မည်သည့်ကာလမျှနှင့်ပင် မတူအောင် ငွေပေါနေကြောင်း၊ ငွေမည်မျှ ပေါနေသနည်းဟူမူ ငွေကြေးလည်ပတ်မှုမှ ငွေအမြောက်အမြားကို နုတ်သိမ်းသင့်သည်ဟု အမြော်အမြင်ရှိသော ဘောဂဗေဒပညာရှင်တစ်ဦးက တိုက်တွန်းအကြံပေးထားသည်အထိပင်ဖြစ်ကြောင်း စသည်ဖြင့် ဝေဖန်ရေးသားခဲ့သည်။ တစ်နည်းအားဖြင့် ဦးအောင်ဆန်းသည် ဘောဂဗေဒကို နားမလည်ဘဲ ဝင်မပြောနှင့် ဟူသော သဘောဖြင့် အမည်မဖော်သော ဘောဂဗေဒ

၁ The New Times Of Burma

ငွေရှားပါးလျှင် ငွေတန်ဖိုး သို့မဟုတ် ငွေ၏ ဝယ်နိုင်စွမ်းအားတက်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပေသည်။ သို့သော် ထိုစဉ်က ငွေရှားခြင်းမှာ ကုန်ထုတ်လုပ်မှုအဆမတန် တိုးတက်၍ ကုန်စည်များ ပိုလျှံနေသော ကုန်ထုတ်လုပ်မှုပမာဏနှင့် နှိုင်းယှဉ်လျှင် ငွေကြေးပမာဏ ရှားခြင်းမျိုး မဟုတ်ဘဲ ကုန်ထုတ်လုပ်မှုက တစ်ဖက်က ကျဆင်းနေရုံမက ငွေကြေးအများစုမှာ လူနည်းစုလက်ထဲ စုပြုံရောက်ရှိနေပြီး ပြည်သူအများစုမှာ ဆင်းရဲမွဲတေနေကာ လက်ထဲတွင် ဝယ်စရာ သုံးစရာမရှိဘဲ ရှားပါးနေသော ငွေရှားခြင်းမျိုးဖြစ်သည်။ ထို့ကြောင့် ယင်းအခြေအနေတွင် ငွေတန်ဖိုးတက်နိုင်စရာ အကြောင်းမရှိရုံမက စားသုံးမှုနိမ့်ကျခြင်း (Under-Consumption) အခြေအနေကို ဖြစ်ပေါ်စေကာ ကုန်ထုတ်လုပ်မှုကို ပို၍ပင် ကျဆင်းစေသည်။ (ဗိုလ်ချုပ်ဆိုလိုသော ငွေရှာခြင်းမှာ ယင်းအဓိပ္ပာယ်ဖြင့် ဆိုလိုခြင်းဖြစ်သည်။)



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်တစ်ဦးကို ခုတုံးလုပ်ကာ သရော်လိုက်ခြင်းဟုလည်း ယူဆနိုင်ပေသည်။ ၎င်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းသည် အရည်အသွေးပြည့်ဝသော ဘောဂဗေဒပညာရှင်တစ်ဦးနှင့်မခြား လေးနက်သော ဘောဂဗေဒအယူအဆများဖြင့် အောက်ပါအတိုင်း ပြန်လည်ချေပဖြေကြားခဲ့သည်။ (ဗိုလ်ချုပ်၏ မူရင်းအာဘော်မပျက်စေရန် ဗိုလ်ချုပ် ပြောကြားခဲ့သည့် အင်္ဂလိပ်ဘာသာမူရင်းကို ပထမဖော်ပြ၍ စာရေးသူ၏ ဘာသာပြန်ချက်ကို ဆက်လက်ဖော်ပြထားပါသည်။)။

"... At a Press Conference held on 25th April 1946, I gave a short sketchy review of the situation in our country. I then stated: Money is scarce. Prices of consumer goods are high while those of rice and paddy are relatively too low, Agriculture is in chaos, and harvest and crop yield are not good. The food (rice) situation in Burma is continously deteriorating. Education is in shambles. Salaries, allowances and wages are extremely low everywhere. Reports of

---

ငွေပေါနေလျှင် ယေဘုယျအားဖြင့် ငွေတန်ဖိုး ကျဆင်းသည်။ ငွေ၏ ဝယ်နိုင်စွမ်းအားကျဆင်းသည်။ ထိုကြောင့် ကုန်ထုတ်လုပ်သူတို့အား မက်လုံးမဖြစ်စေဘဲ ရင်းနှီးမြှုပ်နှံမှုကို လျှော့ချတတ်သဖြင့် ကုန်ထုတ်လုပ်မှု ကျဆင်းတတ်သည်။ လည်ပတ်နေသော ငွေပမာဏထဲမှ ငွေအချို့ကို နုတ်သိမ်းပစ်လိုက်ခြင်းဖြင့် ငွေလည်ပတ်မှုပမာဏ လျော့သွားကာ ငွေပမာဏနှင့် ကုန်ထုတ်လုပ်မှုပမာဏ ညီမျှသွားလျှင်လည်းကောင်း၊ ငွေပမာဏက ကုန်ထုတ်လုပ်မှုပမာဏထက် နည်းသွားလျှင်လည်းကောင်း၊ ငွေတန်ဖိုး သို့မဟုတ် ငွေ၏ ဝယ်နိုင်စွမ်းအား ပြန်တက်သည်။ ကုန်ထုတ်လုပ်သူတို့ကို မက်လုံးဖြစ်စေကာ ပိုမိုရင်းနှီးမြှုပ်နှံသည်။ ကုန်ပိုမိုထုတ်လုပ်သည်။ ထိုကြောင့် ကုန်ထုတ်လုပ်မှု တက်သည်ဟု အရင်းရှင် ဘောဂဗေဒ သီအိုရီက ဆိုသည်။ ("နယူးတိုင်း အော့ဖ် ဘားမား" ၏ တင်ပြချက်မှာ ဤအဓိပ္ပာယ်ကို ဆောင်ပေသည်)။





acts of discriminations between servants and employees of Government, and of Government subsidised companies and corporations are frequent. Law and order is seriously jeopardised. Political persecution is getting into stride. Civial liberties are still being severely curtailed, and emergency laws and Defence Act continue. There are growing signs of discontent amongst peasantry and labour. The salaries of teachers have all along been low. Now they have been brought much tawer. Even then, not all teachers are paid. In particular, the vernacular teachers suffer most. The situation amongst peasantry in several districts is getting form bad to worse. They have no sufficient wunsas (food grown by cultivator for domestic consumption), and yet they have to sell whole or part of their wunsas to repay Government loans, to pay taxes and rents and to buy essential commodities. In a number of cases, cultivators have been from their holdings. But Government up to now is following a policy of drift. The situation is thus anything but a happy one.

'To my above rough survey of our national situation, the official organ of Government "The New Times of Burma" wrote on editional rejoinder two days later. They agreed with my finding that the situation in our country is not happy. However,



www.burmeseclassic.com

www.burmeseclassic.com



they did not agree with my diagnosis of the causes of the present situation. To my comment that money is scarce, they made a counter-comment and said: "our observations" ("  " are mine) suggest that there is more money about than even before. So much so that a wise economist has urged that a good deal of it should be taken out of circulation by saving until prices are nearer their per-war value." Here then are two diametrically opposite observations. I "observe" that money is scarce. "The New Times of Burma" observe that it is not so and therefore they say that even a wise economist has urged that a good deal of it should be taken out of circulation. In either case, it must be noted, it is only a case of "observations". Now all that I would like to ask "The New Times of Burma" on what grounds their observations are based. Do they form their observations by seeing the attendances at not very many cinemas and theatres of Rangoon? Do they judge this question of money circulation by paying a stray visit to a local bazar? Do they know that cinemas and theatres are not true indicators, at least in Burma, of the people's economic conditions? Do they know that there are many in this country who cannot think of going to these places by having to struggle for their bare existence from day to day? Do they know that





those who now a days patronize or frequent cinemas and theatres which exist only in Rangoon and a few big towns, belong generally to middle and upper classes and the very few of the many poor who can attend at all are doing so as desperate form of relaxation just to make them forget their un-supportable existences for the while whatever may be the to-morrow that awaits them? I have been through a good many places in this country. I have known personally the actual plight of several people in several places. I also know that when the Japanese currency was abruptly declared null and void by the British Military Administaration, even before the whole country was occupied and before the people in the country side has knowledge of it, commercial adventures from towns dumped all their currencies on the country folks in return for goods and thus aggravated the situation beyond measure. I have already refereed, very brifely no doubt, to this point in my presidential address, delivered at the first congress of A.F.P.F.L. The money certainly is not in the hands of people, whatever may be the argument of "The Naw Times of Burma". After all we know very well that even before the war the greater bulk of the people were very poor while only a few, who were mostly Europeons and foreigners, were rich and in their



www.burmeseclassic.com

www.burmeseclassic.com



hands was accumulated the far larger amount of the wealth of our country. Now this position had become much more accentuated. For the cost of living is four times higher than pre-war level according to the Burma Gazette only twelve days ago and even if we assume that the figures that gave are correct and grant that there is a general fall in prices of essential commoditics (which, however, I doubt for a good many reasons), it is still quite higher. Place this factor along-side of the havoe done by war, shuch as the fall in production, the absence of export returns, large slaughter of cattle, destruction of homes, materials and transport and the after-effects of the war such as bigger corruption, malpractices, maldistribution, increase indecoities, with low prices of the main staple product of our country (rice and paddy) low wages etc, any one who is prepared to face facts must agree, then that money is scarce or, at any rate, not in the hands of the people. We would very much like to know exactly from the authorities concerned what the volume of money in circulation is like. Then we can compare with the pre-war condition, and also we must not forget here a huge amount of dislocations cause in our economy and finance by the Japanese occupation which resulted in pre-war currencies being replaced by the





Japanese currencies which flooded this country and the huge consumption and appropriation of our goods, gold and silver by the Japanese war machines with no return in kind etc. When therefore it is said that there is more money about than ever before, a superficial comparism between the pre-war circulation and the present circulation will not give us a true perspective of things. For even if the amount of money in circulation is larger than that of pre-war period, that cannot mean in our country that there is too much money which must call for attempts to withdraw a good deal of it from circulation. The volume of money in circulation must be judged in relation to the actual cost of living in general and if for instance the cost of living now is over four times higher than before the war, and if the amount of money in circulation now is nearly two times higher than before the war it cannot said that there is more money about than ever. And, as I have pointed out above, we must not forget the intervening factor of the Japanese occupation which upsets the equilibrium of our contry's economy and finances and complicates the present situation all the more. Therefore when we tackle the inflationary situation, it is necessary that we do not over-correct ourselves and swing from one extreme to another. For in that case there will



www.burmeseclassic.com

www.burmeseclassic.com



come about deflation, a deflation which will be far worse off than a usual sort we conceive it to be, in that the prices are still uneven and high, and the income of the people in general is very low, in fact lower even than pre-war level, according to my observation.

"If Government or we desire really to know the true economic and financial position in the country, it is not by superficial observations such as looking at attendances at a few theatres and cinemas or a crowd of people in a bazaar stall struggling to buy daily necessities which for many have to be severely reduced in amount and kind, just enough for the bare subsistence, but by a deeper and more factual survey that we can hope to get a true picture. If at all we must with draw a good deal of money from circulation, it is not by cuts in wages and salaries and allowances (so far adapted by the Government) of middle and poor classes but by curbing the activities of profiteers, hoarders, exporters of money outside of profiteers, hoarders, exporters of money outside of Burma, etc. And also by devising measures to take money out of the keeping the rich few for circulation among the people in general we should rectify the present economic conditioins of the people"(1)

". . . . . ၁၉၄၆ ခု၊ ဧပြီလ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည့်





သတင်းစာရှင်းလင်းပွဲတွင် ကျွန်ုပ်တို့နိုင်ငံ၏ အခြေအနေကို အကြမ်းဖျင်း အတိုချုံး၍ ကျွန်တော်တင်ပြခဲ့ဖူးပါသည်။ ထိုစဉ်က ကျွန်တော့်အနေဖြင့် ငွေရှားပါးနေကြောင်း၊ စားသုံးကုန်စည်တို့၏ ဈေးနှုန်းမြင့်နေပြီး၊ ၎င်းတို့နှင့် နှိုင်းယှဉ်လျှင် ဆန်နှင့် စပါးဈေးနှုန်းများ လွန်စွာ နိမ့်နေကြောင်း၊ လယ်ယာသည် ကမောက်ကမဖြစ်နေပြီး စပါးအောင်မြင်မှုနှင့် စပါးအထွက်တို့ မကောင်းကြောင်း၊ မြန်မာနိုင်ငံ၏ အစားအစာ (ဆန်) အခြေအနေသည် အဆက်မပြတ် ဆုတ်ယုတ်ဆိုးဝါးနေကြောင်း၊ ပညာရေးမှာလည်း ကိုးရိုးကားယားဖြစ်နေကြောင်း၊ လစာများ၊ ခံစားခွင့်များနှင့် လုပ်ခများတို့လည်း နေရာတကာတွင် အလွန်နိမ့်နေကြောင်း၊ အစိုးရနှင့် အစိုးရထောက်ပံ့ခံကုမ္ပဏီနှင့် ကော်ပိုရေးရှင်းများမှ အလုပ်ရှင်များနှင့် အမှုထမ်းများကြား ခွဲခြားမှုပြုသည့် သတင်းများကို မကြာခဏ ကြားနေရကြောင်း၊ တရားဥပဒေနှင့် အမိန့်အာဏာများမှာလည်း ဘေးဒုက္ခပေးနေသည့် အရာသာဖြစ်နေကြောင်း၊ နိုင်ငံရေးအရ ဖိနှိပ်မှုများမှာလည်း လွန်စွာများပြား လွန်ကဲလာကြောင်း၊ ပြည်သူ့လွတ်လပ်ခွင့်များမှာ ယခုတိုင် ပိတ်ပင်ခံနေရပြီး အရေးပေါ်ဥပဒေများနှင့် ကာကွယ်ရေးအက်ဥပဒေက ဆက်လက်တည်တံ့နေသေးကြောင်း၊ အလုပ်သမားနှင့် တောင်သူလယ်သမားများအဖို့ မကျေနပ်မှု လက္ခဏာများ ကြီးထွားလာကြောင်း၊ ကျောင်းဆရာများ၏ လစာများလည်း နည်းပါးမြနည်းပါးနေကြောင်း၊ ယခုအခါ သူတို့က ပို၍ နည်းပါးသည့် အခြေရောက်အောင် ပြုလုပ်ထားကြောင်း၊ ဆရာတိုင်း လခမရကြောင်း၊ အထူးသဖြင့် မူလတန်းဆရာများမှာ အခံရဆုံးဖြစ်ကြောင်း၊ ခရိုင်အချို့ရှိ တောင်သူလယ်သမားတို့၏ အခြေအနေမှာ ဆိုးဝါးမှုမှ အဆိုးဝါးဆုံးဆိုသော အခြေဆိုက်နေကြောင်း၊ သူတို့တွင် ဝမ်းစာအတွက် စပါးအလုံအလောက်မရှိသော်လည်း အစိုးရချေးငွေများ၊ အခွန်အတုတ်များနှင့် မြေငှားခများပေးရန်နှင့် မရှိမဖြစ်သော ကုန်စည်များ ဝယ်ရန်အတွက် မရှိမဲ့ ရှိမဲ့ ဝမ်းစာအားလုံး သို့မဟုတ် အချို့တဝက်ကို ရောင်းချနေရ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ဒေသအချို့တွင် တောင်သူလယ်သမားများသည် မိမိတို့ လယ်မြေများကိုပင် စွန့်လွှတ်နေရကြောင်း၊ သို့သော် ယနေ့တိုင် အစိုးရသည် မရေရာအတည်တကျမရှိသောမူဝါဒ[၁] ကို ကျင့်သုံးနေကြောင်း၊ ထို့ကြောင့် အခြေအနေမှာ ပျော့ရှင်မှုမှလွဲ၍ အားလုံးဖြစ်ပေါ်နေကြောင်း စသည်ဖြင့် ဝေဖန်သုံးသပ်ပြောကြားခဲ့ပါသည်။

"ဖော်ပြပါ ကျွန်တော်၏ တိုင်းပြည်အခြေအနေ အကြမ်းဖျဉ်း ဆန်းစစ်ချက်ကိုတင်ပြပြီး ၂ ရက်အကြာတွင် အစိုးရ[၂]၏ တရားဝင်အာဘော်ဖြစ်သော "နယူးတိုင်း(စ်)အော့ဘားမား" က ခေါင်းကြီးပိုင်းမှနေ၍ ရေးသားဝေဖန်ခဲ့သည်။ ကျွန်ုပ်တို့ တိုင်းပြည်အခြေအနေမှာ ပျော်စရာမရှိဟူသော ကျွန်တော့် ဆန်းစစ်ချက်ကို သူတို့လည်း လက်ခံကြသည်။ သို့သော် လက်ရှိအခြေအနေဖြစ်ပေါ်ရခြင်း အကြောင်းရင်းများကို ကျွန်တော် ဆန်းစစ်ချက်နှင့် ပတ်သက်၍ သူတို့ လက်မခံကြပေ။ ငွေရှားနေသည်ဟူသော ကျွန်တော့်ဝေဖန်ချက်နှင့် ပတ်သက်၍ သူတို့က တန်ပြန်ဝေဖန်မှုပြုရင်း "ကျွန်ုပ်တို့၏ ဆန်းစစ်လေ့လာမှုအရ ယခုအခါငွေသည် မည်သည့်အခါကမျှနှင့်မတူအောင် များပြားပါသည်။ အဘယ်မျှများသနည်းဟူမူ ဈေးနှုန်းများသည် စစ်မဖြစ်မီတန်ဖိုးများနီးပါး ညီမျှသွားစေသည်အထိ (လတ်တလော) လည်ပတ်မှု[၃] မှ ငွေအမြောက်အမြားကို စုဆောင်းခြင်းနည်းဖြင့် နှုတ်သိမ်းသင့်သည်ဟု အမြော်အမြင်ရှိသော ဘောဂဗေဒပညာရှင်တစ်ဦးက အကြံပေးတိုက်တွန်းသည်အထိပင် ဖြစ်ပါသည်" ဟု ရေးသားဖော်ပြထားပေသည်။ ဤသို့ဆိုလျှင် ဆန်းစစ်လေ့လာမှုနှစ်ခုမှာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပေပြီ။ ကျွန်တော်က ငွေရှားနေသည်ဟု ဆန်းစစ်မိသည်။ "နယူးတိုင်း(စ်)အော့ဖ်ဘားမား" ကမူ ငွေမရှားဟု ဆန်းစစ်မိရုံမက အမြော်အမြင်ရှိသော ဘောဂဗေဒပညာရှင်တစ်ဦးက၊ လက်ရှိလည်ပတ်မှုမှ

၁ Policy of drift

၂ ဗြိတိသျှအစိုးရကို ဆိုလိုသည်။

၁ Cirenlation





ငွေကြေး အမြောက်အများကို နှုတ်သိမ်းပစ်ရမည်ဟုပင်ဆိုကြောင်း တင်ပြသည်။ ဤသည်မှာ လေ့လာဆန်းစစ်သော အမြင်ပြဿနာသာ ဖြစ်ကြောင်း သတိချပ်သင့်ပေသည်။ သို့ဆိုလျှင် ကျွန်တော့်အနေဖြင့် "နယူးတိုင်း(စ်)အော့ဘားမား" ကို မေးခွန်းတစ်ခုသာ မေးချင်ပါသည်။ ၎င်းမှာ "နယူးတိုင်း(စ်)အော့ဘားမား" အနေဖြင့် မည်သည့်အခြေအမြစ်များပေါ်မူတည်၍ သူတို့ဆန်းစစ်လေ့လာမှုကို ပြုသနည်းဟူသော မေးခွန်းပင်ဖြစ်ပါသည်။ သူတို့သည် ရန်ကုန်မြို့ပေါ်ရှိ မများလှသော ရုပ်ရှင်ရုံများနှင့် ဇာတ်ရုံများတွင် လာကြည့်ကြသည့် လူများကို ကြည့်၍ သူတို့၏ ဆန်းစစ်လေ့လာမှုကို ပြုသလော။ မြို့တွင်းဈေးတစ်ခုခုကို ခဏတဖြုတ်လျှောက်ကြည့်၍ ဤငွေ လည်ပတ်မှုပြဿနာကို ဆုံးဖြတ်ပါသလော။ ရုပ်ရှင်ရုံများနှင့် ဇာတ်ရုံများသည် လူတို့၏ စီးပွားရေးအခြေအနေကို ဖော်ပြသည့် ညွှန်းကိန်း[၁] အမှန်များ မဟုတ်ကြောင်း (အခြားတိုင်းပြည်တွင် ဟုတ်နိုင်စေကာမူ ဗမာပြည်တွင် မဟုတ်နိုင်ကြောင်း)ကို သူတို့သိပါ၏လော။ ဤနိုင်ငံမှ လူအတော်များများသည် နေ့စဉ်ရက်ဆက်ဆိုသကဲ့သို့ မသေရုံ စားဝတ်နေရေးအတွက်ပင် ရှုန်းကန်လှုပ်ရှားနေရ၍ ဖော်ပြပါနေရာများကို စိတ်ပင်မကူးနိုင်ကြောင်းကို သူတို့သိပါ၏လော။ ယနေ့ ရန်ကုန်နှင့် မြို့ကြီးအနည်းငယ်တွင်သာရှိသော ရုပ်ရှင်နှင့် ဇာတ်ရုံထောင်သူများ၊ မှန်မှန်ကြည့်သူများသည် ယေဘုယျအားဖြင့် အလယ်အလတ်နှင့် အထက်တန်းလွှာလူတန်းစားများသာ ဖြစ်ကြပြီး၊ ဆင်းရဲသားအများစုမှ ရုပ်ရှင်နှင့် ဇာတ်ပွဲလာကြည့်သူ အနည်းစုမှာလည်း နက်ဖန်မည်သို့ပင်ဖြစ်လာစေကာမူ ၎င်းတို့၏ မလောက်မငှ၊ ချို့တဲ့သော စားဝတ်နေရေးဒုက္ခများကို ခဏယာယီ မေ့ပျော်ကထားလို၍ "စိတ်ဆင်းရဲစရာတွေ ခဏမေ့စေတော့" ဟူသည့် အပန်းဖြေနည်းမျိုးဖြင့် လာကြည့်ကြခြင်းဖြစ်ကြောင်းကို သူတို့သိပါ၏လော။ ကျွန်တော့်အနေဖြင့် ဤနိုင်ငံ၏ အတော်များများသို့ ရောက်ဖူးပါသည်။ နေရာဒေသအတော်များများမှ လူအတော်များများ၏

၁ Indicator



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ဘဝကို ကျွန်တော်သိပါသည်။ “ဗြိတိသျှစစ်အုပ်ချုပ်ရေး” က ငွေကြေးအားလုံးကို မသိမ်းပိုက်နိုင်မီနှင့် ကျေးလက်လူထု ဘာမှ မသိလိုက်ရမီ ဂျပန်ငွေစက္ကူများကို အသုံးမဝင် (သို့မဟုတ် တန်ဘိုးမရှိ) ဟု ကျေညာလိုက်ရာတွင် မြို့ပေါ်မှ ကူးသန်းရောင်းဝယ်သူ ကုန်သည်များသည် တောဆင်းကာ ဆင်းရဲသားများထံမှ ရသမျှ ပစ္စည်းများကို သိမ်းကြုံးဝယ်ယူခဲ့မှုကြောင့် ဆင်းရဲသားများ၏ အခြေအနေမှာ မတွေးဝံ့စရာ ဆိုးဝါးခဲ့သည်ကိုလည်း ကျွန်တော်သိပါသည်။ ယင်းအချက်ကို ဖ-ဆ-ပ-လ၊ အဖွဲ့၏ ပထမအကြိမ် ညီလာခံတွင်လည်း ကျွန်တော်၏ ဥက္ကဋ္ဌမိန့်ခွန်းတွင် အတိုချုံး၍ ကိုးကားပြောကြားခဲ့ဘူးသည်။ “နယူးတိုင်း(စ်)အော့ဘားမား” က မည်သို့ပင် ဆင်ခြေပေးစေကာမူ ငွေကြေးသည် လူတို့၏ (လူများစုကို ဆိုလိုသည်) လက်ထဲတွင် အမှန်တကယ် မရှိပါ။ စစ်မဖြစ်မီကတည်းကပင် လူအများစုမှာ ဆင်းရဲမွဲတေနေကြပြီး၊ လူနည်းစု အထူးသဖြင့် ဥရောပတိုက်သားများနှင့် နိုင်ငံခြားသားများသာ ချမ်းသာကြွယ်ဝကာ ကျွန်ုပ်တို့နိုင်ငံဥစ္စာဓန၏ အများစုသည် သူတို့၏ လက်ထဲတွင်သာ စုပြုံရောက်ရှိနေခဲ့ကြောင်း ကျွန်ုပ်တို့ ကောင်းကောင်းသိခဲ့သည်။ ယခုအခါ ဤအခြေအနေသည် ပို၍ပင် ပြင်းထန်များပြားလာသည်ဟု ဆိုရမည်။ အကြောင်းမှာ လွန်ခဲ့သော ၁၂ ရက်က ထုတ်သည့် “ဘားမားဂေဇက်” အရပင်လျှင် လူနေမှုစရိတ်[၁] သည် စစ်မဖြစ်မီက အဆင့်ထက် ၄ ဆ မြင့်တက်လာရုံမက ဖော်ပြပါ ကိန်းဂဏန်းများ မှန်ကန်ပြီး မရှိမဖြစ်ကုန်စည်များ[၂] ၏ ဈေးမှုန်းများ ယေဘူယျ အားဖြင့် ကျဆင်းလာသည်ဟု ယူဆလျှင်ပင် (သို့သော် အကြောင်း အကျိုးအမျိုးမျိုးကြောင့် ဈေးနှုန်းကျဆင်းမှုအပေါ် ကျွန်တော် သံသယ ဖြစ်မိပါသည်) လူနေမှုစရိတ်မှာ မြင့်နေသေးသည်။ ၎င်းအချက်နှင့်အတူ စစ်ကြောင့် ဖြစ်ပေါ်ခဲ့သော ကုန်ထုတ်လုပ်မှု ကျဆင်းခြင်း၊ ပို့ကုန်မှပြန်ရချက်[၃] မရှိခြင်း၊ ကျွဲနွားအမြောက်အမြားကို

၁ Cost of Living ၂ Essential Commodities

၃ Export Returns





သတ်ဖြတ်ခဲ့ခြင်း အိုးအိမ်သယံဇာတပစ္စည်းများနှင့် သယ်ယူပို့ဆောင်ရေးများ ဖျက်စီးခံခဲ့ရခြင်း စသည့် အပျက်အစီးများနှင့် ချစားမှု၊ အလွဲသုံးစားမှု၊ အကျင့်စာရိတ္တပျက်စီးမှု၊ ဖြန့်ဖြူးမှုတွင် ကမောက်ကမဖြစ်နေမှု၊ သူခိုးဓားပြများထူပြောလာမှု၊ မြန်မာနိုင်ငံ၏ အခြေခံထုတ်ကုန် (ဆန်နှင့်စပါး) တို့၏ ဈေးနှုန်းများနိမ့်နေမှု၊ လုပ်ခများနိမ့်နေမှုစသော စစ်အပြီး အကျိုးသက်ရောက်မှုများအားလုံးကို ခြုံ၍စဉ်းစားလျှင် အဖြစ်မှန်ကို ရင်ဆိုင်သူတိုင်းအဖို့ ငွေရှားနေကြောင်း သို့မဟုတ် မည်သည့်နည်းနှင့်ဖြစ်စေ လူတို့၏ လက်ထဲတွင် ငွေမရှိကြောင်းကို လက်ခံသဘောတူရပေမည်။ ကျွန်ုပ်တို့အနေဖြင့် သက်ဆိုင်ရာ အာဏာပိုင်များထံမှ ငွေလည်ပတ်မှုပမာဏ[၁] မည်သို့ရှိသည်ကို သိလိုပါသည်။ သို့မှသာ စစ်မဖြစ်မီ အခြေအနေနှင့် နှိုင်းယှဉ်ကြည့်နိုင်ပေမည်။ ထိုသို့ နှိုင်းယှဉ်ရာ၌လည်း မြန်မာနိုင်ငံကို ဂျပန်တို့ သိမ်းပိုက်ပြီးနောက် စစ်မဖြစ်မီက ငွေကြေးနေရာတွင် ဒလဟောဝင်လာသော ဂျပန်ငွေကြေးများက အစားထိုးခြင်းနှင့် ဂျပန်စစ်ယန္တရားက ကျွန်ုပ်တို့နိုင်ငံမှ ပစ္စည်းဥစ္စာများ ရွှေငွေများတို့ကို အမြောက်အမြား မတရားသုံးစွဲခြင်း သိမ်းပိုက်ခြင်း စသည်တို့ကြောင့် ကျွန်ုပ်တို့၏ စီးပွားရေးနှင့် ဘဏ္ဍာရေးတွင် ကြီးမားသော အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည့်အချက်ကိုလည်း မေ့မထားသင့်ပေ၊ ထို့ကြောင့် မည်သည့်အခါနှင့်မှမတူအောင် ငွေပေါသည်ဆိုရာ၌ စစ်မဖြစ်မီနှင့် ယခုငွေကြေးလည်ပတ်မှုတို့ကို ငွေပေါသည်ဆိုရာ၌ စစ်မဖြစ်မီနှင့် ယခုငွေကြေးလည်ပတ်မှုတို့ကို အပေါ်ယံ နှိုင်းယှဉ်ရုံဖြင့် အခြေအနေမှန်ကို သိနိုင်မည်မဟုတ်ပေ။ အကြောင်းမှာ ငွေလည်ပတ်မှု ပမာဏသည် စစ်မဖြစ်မီကာလထက် များစေကာမူ မြန်မာနိုင်ငံတွင် ငွေကြေးလည်ပတ်မှုမှ အမြောက်အမြားကို နုတ်သိမ်းပစ်ရမည့် အဓိပ္ပာယ် မသက်ရောက်ပေ။ ငွေကြေးလည်ပတ်မှု ပမာဏကို ယေဘုယျအားဖြင့် အမှန်တကယ် လူနေမှုစရိတ်နှင့် နှိုင်းယှဉ်၍သာ ဆုံးဖြတ်သင့်သည်။ ပုံစံအားဖြင့် အကယ်၍ ယခုအခါ လူနေမှုစရိတ်သည် စစ်

၁ Volume of Money in Circulation



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်မီကထက် ၄ ဆမြင့်ပြီး၊ လက်ရှိငွေကြေးလည်ပတ်မှု ပမာဏသည် စစ်မဖြစ်မီကထက် ၂ဆမြင့်သည်ဟု ယူဆလျှင်ပင် ငွေကြေးသည် မည်သည့်အခါကမျှနှင့် မတူအောင် များသည်ဟုမဆိုနိုင်ပေ။ ကျွန်တော် အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဂျပန်တို့ သိမ်းပိုက်ခဲ့ပြီး နောက်ပိုင်း ဖြစ်ပေါ်ခဲ့သော သပွတ်အိမ် အကြောင်းအချက်များကြောင့် ကျွန်ုပ်တို့ နိုင်ငံ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးအားမျှချေ[၁]ကို ပျက်ပြားစေခဲ့ပြီး လက်ရှိအခြေအနေကို ပို၍ဆိုးဝါးစေခဲ့ကြောင်းကို မမေ့သင့်ပေ။ ထို့ကြောင့် ငွေကြေးဖောင်းပွမှု အခြေအနေကို ကျွန်ုပ်တို့ ကိုင်တွယ်ကြသောအခါ ကျွန်ုပ်တို့အနေနှင့် ပြုပြင်မှုပိုပြီး အစွန်းတဖက်မှ အခြားအစွန်းတဖက်သို့ မရောက်အောင် သတိထားရန် လိုပေသည်။ အကြောင်းမှာ အခြားအစွန်းတဖက်သို့ ရောက်သွားလျှင် ငွေကြေးဖောင်းပွမှုမှ ငွေကြေးကြုံ့ကွမှု[၂] ပြဿနာပေါ်လာနိုင်သောကြောင့် ဖြစ်

၁ Equilibrium of Economy and Finance

၂ Deflation (ငွေကြေး ကြုံ့ကွမှုဆိုသည်မှာ ငွေပမာဏ (money supply) နှင့် ချေးငွေ လျော့ပေါ့မှုကြောင့် အထွေထွေဈေးနှုန်းအဆင့် (The General Price Level) ကျဆင်းသွားခြင်းကို ဆိုလိုသည်။ ကုန်ထွက်အဆင့် (Level of output)ကျဆင်းပြီး အလုပ်လက်မဲ့များပြားမှုကြောင့် ဈေးနှုန်းများ ကျဆင်းသွားခြင်းသည် စီးပွားရေးသံသရာ(Business Cycle)၏ အနိမ့်ဆုံးအဆင့် ဖြစ်ပေသည်။ ငွေကြေးကြုံ့ကွမှုပြဿနာပေါ်ခြင်း အကြောင်းရင်းနှင့် ပတ်သက်၍ ဘောဂဗေဒပညာရှင်များအကြားတွင် အမြင်ကွဲပြားမှုအချို့ ရှိသော်လည်း ယေဘုယျသဘောတူညီသော အကြောင်းများမှာ ဘဏ်ချေးငွေပမာဏလျော့ချပြီး စုစုပေါင်း အသုံးစရိတ်များ လျော့ချမှုတို့ကြောင့် ဖြစ်ပေါ်လာသော ဈေးနှုန်းအဆင့်ကျဆင်းခြင်းကြောင့် ဖြစ်သည်။ ငွေကြေးကြုံ့ကွမှုအခြေအနေတွင် အလုပ်လက်မဲ့ပြဿနာ ပိုမိုကြီးထွားပြီး မည်သည့်လူတန်းစား အလွှာမျှ အကျိုးမခံစားရပေ။ ထိုသို့ ငွေကြေးကြုံ့ကွမှု ဖြစ်ပေါ်လျှင် ယင်းအခြေအနေပပျောက်ရန် အရင်းရှင်နိုင်ငံများတွင် အစိုးရများက ပြည်သူ့လုပ်ငန်းများအတွက် လိုငွေပြသုံးစွဲမှု(Deficit Financing)ကယ်ဆယ်ရေးအတွက် သုံးစွဲမှုနှင့် ငွေလွယ်အစီအစဉ် (Easy-Money Programs) စသည့် မူဝါဒများကို ကျင့်သုံးလေ့ရှိသည်။





သည်။ ကျွန်ုပ်၏ ဆန်းစစ်လေ့လာမှုအရ ဈေးနှုန်းများ မညီမျှဘဲ မြင့်မားနေသော ယေဘုယျအားဖြင့် လူတို့၏ဝင်ငွေ နိမ့်နေသော (စင်စစ်တွင် စစ်မဖြစ်မီအဆင့်ထက် နိမ့်နေသည်) ယခုကဲ့သို့ အခြေအနေတွင် ငွေကြေး ကြုံ့ကွမှုပြဿနာပေါ်လာလျှင်ပို၍ပင် ဆိုးဝါးလာမည်မှာ မလွဲပေ။

"အကယ်၍ အစိုးရဖြစ်စေ၊ ကျွန်ုပ်တို့ဖြစ်စေ၊ တိုင်းပြည်၏ စီးပွားရေးနှင့် ဘဏ္ဍာရေးအခြေအနေမှန်ကို သိလိုလျှင် အနည်းငယ်မျှသော ဇာတ်ရုံနှင့် ရုပ်ရှင်ရုံများသို့ လူလာကြည့်သည်ကို အပေါ်ယံလေ့လာရုံမျှဖြင့်လည်းကောင်း၊ သို့မဟုတ် နေ့စဉ်လိုအပ်မှုများကို တိုးဝှေ့လုပ်ရှားဝယ်ယူနေကြစေကာမူ ယခင်ကထက် အရေအတွက်ရော အမျိုးအစားပါ စားဝတ်နေလောက်ရုံသာ လျော့၍ရကြသော ဈေးအတွင်းမှ ဈေးဝယ်သူများကို လှည့်လည်ကြည့်ရှုရုံမျှဖြင့် လည်းကောင်း၊ နိုင်ငံ၏စီးပွားရေးနှင့် ဘဏ္ဍာရေးအခြေအနေကို သိနိုင်မည်ဟုတ်ဘဲ လေးနက်တိကျမှန်ကန်သော လေ့လာဆန်းစစ်မှုပြုမှသာ သရုပ်မှန်သဏ္ဍာန်မှန်ကို သိရပေမည်။ အကယ်၍ ငွေကြေးလည်ပတ်မှုမှ မလွဲမရှောင်သာ ငွေအတော်အတန်ကို နှုတ်သိမ်းပစ်ရမည်ဆိုလျှင်လည်း (အစိုးရက ယခုအထိ လက်ခံကျင့်သုံးနေသော) အလယ်အလတ်နှင့် အောက်တန်းလွှာများ၏ လုပ်ခ၊ လစာများနှင့် ခံစားခွင့်များမှ ဖြတ်တောက်လျှော့ချခြင်းမျိုး မဖြစ်သင့်ဘဲ အမြတ်ကြီးစားများ၊ ပစ္စည်းလှောင်သူများ၊ ငွေကြေးကို ဗမာပြည်ပြင်ပသို့ တင်ပို့ (ထုတ်ယူ) နေသူများ စသည်တို့၏ လုပ်ဆောင်ချက်များကို ချုပ်ချယ်ကန့်သတ်ခြင်းမျိုးသာ လုပ်သင့်ပေသည်။ ၎င်းပြင် လူချမ်းသာတစ်စုလက်ထဲမှ ငွေများထုတ်ယူပြီး လူအများစုလက်ထဲငွေလည်ပတ်နိုင်စေသော နည်းလမ်းများကို ပြုပြင်စဉ်းစားလုပ်ကိုင်ခြင်းဖြင့် လူတို့၏ လက်ရှိစီးပွားရေး အခြေအနေကို ပြုပြင်သင့်ပေသည်"။

အချက်ကျကျ တိကျမှန်ကန်သော အယူအဆများပါသည့် ဗိုလ်ချုပ်၏ချေပချက်နောက်ပိုင်းတွင် "နယူတိုင်းအော့ဘားမား" သည် ငြိမ်သွားကာ အထွန့်မတက်ရဲတော့ပေ။ သို့သော် ဗိုလ်ချုပ်၏ ယင်းမိန့်ခွန်းများကိုလေ့လာရာတွင် "နယူတိုင်းအော့ဘားမား"ကို ချေပချက်လောက်



www.burmeseclassic.com

www.burmeseclassic.com



သာ မဟုတ်ဘဲ ငွေကြေးပြဿနာနှင့်ပတ်သက်၍ ယနေ့တိုင် မှတ်သားစရာ၊ သင်္ခန်းစာယူလိုက်နာစရာများ ပါရှိကြောင်း တွေ့ရပေမည်။

ပထမဆုံးအချက်မှာ ငွေကြေးဖောင်းပွမှုပြဿနာကို ဖြေရှင်းရာ၌ ဆင်ခြင်ရမည့်အချက် ဖြစ်သည်။ ၎င်းမှာ ငွေကြေးဖေါင်းပွမှုပြဿနာကို ဖြေရှင်းရင်း ငွေကြေးကြုံ့တွသည့် အခြေအနေသို့ မသက်ဆင်းမိရေးဖြစ်ပေသည်။ ငွေကြေးဖေါင်းပွမှု ပြဿနာကို ဖြေရှင်းသည့်နည်းလမ်း မမှန်ကန်လျှင် ယင်းပြဿနာ မပျောက်ရုံမက ငွေကြေးကြုံ့တွမှုပြဿနာနှင့် ရင်ဆိုင်ရကာ အခြေအနေ ပို၍ဆိုးဝါးသွားနိုင်ပေသည်။

ဗိုလ်ချုပ်အလိုအရ ငွေကြေးဖောင်းကြွမှုပြဿနာ ပြေလည်ရန် ကုန်ထုတ်လုပ်မှု တိုးတက်အောင် ပထမဦးဆုံး လုပ်ရပေမည်။ တစ်နည်းအားဖြင့် ဗိုလ်ချုပ်၏ အသုံးအနှုန်းအတိုင်းဆိုလျှင် "စီးပွားရေးနှင့် ဘဏ္ဍာရေးအားမျှခြေ" ရရှိအောင် ဆောင်ရွက်ရပေမည်* (အားမျှခြေ၏ယေဘုယျသဘောမှာ ဝယ်အားနှင့် ရောင်းအား သို့မဟုတ် ကုန်ထုတ်လုပ်မှုနှင့် စားသုံးမှု သို့မဟုတ် ဝင်ငွေနှင့် အသုံးစရိတ် ညီမျှနေခြင်းကို ဆိုလိုပေသည်) စီးပွားရေးနှင့် ဘဏ္ဍာရေးတွင်လည်းကောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအားတို့ ညီမျှရေးဖြစ်ပေသည်။

သို့မှသာ ကုန်ထုတ်လုပ်မှုနယ်ပယ်တွင် လည်းကောင်း၊ ငွေကြေးနယ်ပယ်တွင် လည်းကောင်း အားမျှကာ ကုန်ဈေးနှုန်းတက်ခြင်း၊ ကျဆင်းခြင်းများရှိနိုင်မည်မဟုတ်ပေ။ ဤအချက်သည် ငွေကြေးဖေါင်းပွမှုပြဿနာပြေလည်ရေးတွင် အရေးပါဆုံးသောအချက် ဖြစ်ပေသည်။

လူနေမှုစရိတ်ကို ကျဆင်းအောင် ပြုပြင်ရမည်။ လူနေမှုစရိတ်ကျဆင်းအောင် ပြုပြင်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါနည်းလမ်းများကို ဖော်ထုတ်ပြထားပေသည်။ (အချက်အလက် အသေးစိတ်ကို မဖော်ပြဘဲ အကျဉ်းသာ ဖော်ပြအပ်ပါသည်)

(က) စီးပွားရေးနှင့် ဘဏ္ဍာရေးနယ်ပယ်တွင် နိုင်ငံအသီးသီးကောင်းကျိုးအတွက် လွတ်လပ်စွာ ပူးပေါင်းဆက်ဆံမှုကို

* ("Critique on British Imperialism"; Op.Cit ကောက်နှုတ်ချက်မှ)





ကျွန်ုပ်တို့ အားပေးရလိမ့်မည်။[၁]

(ခ) ငွေတန်ဖိုးယုတ်မှုပြဿနာကြောင့် ကျွန်ုပ်တို့တိုင်းပြည်တွင် အလုပ်မရှိသူ အမြောက်အများ၊ ငွေသားစက္ကူမကိုင်နိုင်သူ အမြောက်အများရှိ၏[၂] "ထို့ကြောင့် ငွေတန်ဖိုးရှိအောင် လုပ်ပေးရမည်" (ငွေ၏ဝယ်နိုင်စွမ်းအားတက်လျှင်ငွေတန်ဖိုးရှိအောင် လုပ်ပေးရမည်ဆိုရာ၌ ကုန်ဈေးနှုန်းများ ကျဆင်းစေကာ ငွေ၏ဝယ်နိုင်စွမ်းအား တက်အောင် လုပ်စေခိုင်းခြင်းသဘော ဖြစ်ပေသည်။)

(ဂ) "လွတ်လပ်စွာကူးသန်းရောင်းဝယ်မှုကို အားပေးရမည်"[၃]

(ဃ) လူနေမှုစရိတ် မြင့်မားတက်နေရခြင်း အကြောင်းရင်းများမှာ "အရေးမကြီးသည့် ကုန်စည်များ (အထူးသဖြင့် ဇိမ်ခံကုန်စည်များ)ကို ဈေးကြီးပေးဝယ်နေရခြင်း"[၄]၊ "ပြည်တွင်းငွေပြည်ပမထွက်သင့်ဘဲ ထွက်နေခြင်း"[၅] "ကုန်စည်ဖြန့်ဖြူးရေးစနစ်မကောင်းခြင်း"[၆] "မရှိလည်းဖြစ်သည့် ဇိမ်ခံကုန်ပစ္စည်းများကို တင်သွင်းနေခြင်း"[၇] "အချို့အစိုးရဌာနများတွင် အမှုထမ်းများအဆမတန် ပိုနေခြင်းကြောင့် စွမ်းဆောင်ရည်[၈]နှင့် ကုန်ထုတ်စွမ်းအား[၉] ကျဆင်း

၁ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ ၁၇-၃-၄၅ မှ ၁၉-၇-၄၇ အထိ (စာပေ ဗိမာန်ထုတ်) စာ၊ ၇၆။
၂ Aung San, "Economic Fascism in Burma" Burma Digest; Vol. P. 81 နှင့် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ စာ၊ ၈၁
၃ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ (စာပေဗိမာန်) စာ၊ ၈၁။
၄ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ (စာပေဗိမာန်) စာ၊ ၃၃၂။
၅ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ (စာပေဗိမာန်) စာ၊ ၃၃၂။
၆ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ (စာပေဗိမာန်) စာ၊ ၃၃၃။
၇ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ (စာပေဗိမာန်) စာ၊ ၃၃၃။
၈ Efficiency
၉ Productivity



www.burmeseclassic.com

www.burmeseclassic.com



နေခြင်း”[၁] “စုဆောင်းမှုနည်းခြင်း”[၂] စသည်တို့ကြောင့် ဖြစ်ပေရာ၊ ၎င်းတို့ ပပျောက်အောင် သို့မဟုတ် နည်းနိုင်သမျှ နည်းအောင် ပြုပြင်ရန် လိုပေသည်။

(င) ဝင်ငွေခွဲဝေဖြန့်ဖြူးမှုများ ညီမျှသထက် ညီမျှအောင် ပြုပြင်ပေးရမည်။ လူနည်းစုလက်ထဲ ငွေအများစုရောက်နေသမျှ ငွေမည်မျှပင် ပေါစေကာမူ ငွေကြေးဖေါင်းပွမှု ပြဿနာ မပြေလည်ရုံမက၊ ပို၍ပင်ဆိုးဝါးနေမည်ကို ဗိုလ်ချုပ်အောင်ဆန်းက သတိပေးရင်း လူနည်းစုအမြတ်ကြီးစားများ၊ ကုန်လှောင်သူများ၊ ငွေကြေးကို ပြည်ပသို့ တင်ပို့သူများ၏ လုပ်ဆောင်ချက်များကို ကန့်သတ်ကာလူနည်းစုလက်ထဲမှ ငွေများထွက်လာပြီး လူများစုလက်ထဲ ရောက်စေကာငွေလည်ပတ်မှုဖြစ်စဉ်တွင် အများစုပါဝင်နိုင်ရန် လိုပေသည်။[၃]

ငွေကြေးဖောင်းကြွမှု ပြဿနာ ပြေလည်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုများကို လေ့လာကြည့်လျှင် သူ့ခေတ်သူ့ အခါအတွက်သာမက ယခုခေတ်တိုင် ဂရုစိုက်သင့်သော အရေးပါသည့် စီးပွားရေးသဘောတရားအယူအဆများ ပါဝင်နေကြောင်းတွေ့ရပေမည်။ ဗိုလ်ချုပ်အောင်ဆန်းတွင် နည်းပညာဆိုင်ရာ ဘောဂဗေဒနှင့်ပတ်သက်၍ လေးနက်သော ဗဟုသုတနှင့် မှန်ကန်သော အတွေးအမြင်ရှိကြောင်း မှတ်ကျောက်လည်း ဖြစ်ပေသည်။

●

---

၁ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ (စာပေဗိမာန်) စာ၊ ၃၃၃။
၂ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ (စာပေဗိမာန်) စာ၊ ၃၃၅။
၃ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ ၁၇-၃-၄၅ မှ ၁၉-၇-၄၇ English Section, pp.50-52



# ဗိုလ်ချုပ်အောင်ဆန်းနှင့် အလုပ်လက်မဲ့ပြဿနာ

အလုပ်လက်မဲ့ ပြဿနာသည် ငွေကြေးဖေါင်းပွမှု ပြဿနာ၏ အကျိုးဆက်ကြောင့်လည်း ပေါ်ပေါက်လာနိုင်သော ပြဿနာတစ်ရပ် ဖြစ်ပေသည်။ အလုပ်လက်မဲ့ ပေါများခြင်းသည် စီးပွားရေးစနစ်တစ်ခုအဖို့ အဖိုးတန်အရေးပါသော လုပ်အားများကို အသုံးချခွင့်မရခြင်းကြောင့် ကုန်ထုတ်လုပ်မှုကို ထိခိုက်စေသကဲ့သို့ အလုပ်မလုပ်ရစေကာမူ ၎င်းတို့သည်တိုင်းပြည် ထုတ်ကုန်ထဲမှ စားသုံးမှု ပြုနေရသူများဖြစ်၍ နိုင်ငံ၏စားသုံးမှု အဆင့်ကိုလည်း ကျဆင်းစေကာ လူနေမှုအဆင့်အတန်းကို ထိခိုက်ကျဆင်းစေပေသည်။ လုပ်သားများဖက်မှလည်း အလုပ်လက်မဲ့ဖြစ်ခြင်းကြောင့် ကျွမ်းကျင်မှုများကျဆင်းကာ လူနေမှုအဆင့်အတန်းကို လျှော့ကျစေသည်သာဖြစ်သည်။ ထို့ကြောင့် အလုပ်လက်မဲ့ ပြဿနာပြေလည်အောင် ဖြေရှင်းရေးကို နိုင်ငံတိုင်းက အထူးအလေးပေး၍ ကြိုးပမ်းခြင်းဖြစ်ပေသည်။

ဤအချက်ကို ဗိုလ်ချုပ်အောင်ဆန်းကလည်း ကောင်းစွာသဘောပေါက်ခဲ့ပေသည်။ ထို့ကြောင့် အလုပ်လက်မဲ့ပြဿနာနှင့် ပတ်သက်၍ မိန့်ခွန်းအတော် အများများတွင် ထည့်သွင်းပြောကြားခဲ့ပေသည်။ သို့သော် အလုပ်လက်မဲ့ ပြဿနာသည် သီးခြားပြဿနာတစ်ရပ်မဟုတ်ဘဲ ငွေကြေးဖောင်းပွမှုပြဿနာနှင့် ဆက်စပ်နေသဖြင့် အလုပ်လက်မဲ့ပြဿနာအကြောင်းကို ပြောတိုင်း ဗိုလ်ချုပ်အောင်ဆန်းက ငွေကြေးဖောင်းပွ



www.burmeseclassic.com

www.burmeseclassic.com



မှ ပြဿနာနှင့် ဆက်စပ်ယှက်နွယ်၍ ပြောကြားခဲ့ခြင်းသာ များပေသည်။ "အလုပ်လက်မဲ့ဖြစ်ခြင်းကြောင့် လုပ်သားများ၏ ကျွမ်းကျင်မှု လျော့နည်းစေကာ နေထိုင်ရေး အဆင့်အတန်းကို လျော့ကျစေသည်"[၁] ဟု သတိပေးရင်း ဗိုလ်ချုပ်အောင်ဆန်းက ၎င်းပြဿနာကို ဖြေရှင်းရာ၌ သီးခြားလုပ်၍ မဖြစ်ဘဲ "ငွေကြေးတန်ဖိုး ယုတ်လျော့မှု ပြဿနာကြောင့် ကျွန်ုပ်တို့တိုင်းပြည်တွင် အလုပ်မရှိသူ အမြောက်အမြား၊ ငွေသားစက္ကူ မကိုင်နိုင်သူ အမြောက်အမြား ရှိနေသည်"[၂] ဟူသော ငွေကြေးပြဿနာနှင့် ဆက်စပ်မှုကို ဖော်ထုတ်ပြကာ "၎င်းကို အစိုးရကသာ အဓိကတာဝန်ယူ ဖြေရှင်းပေးရမည်ဖြစ်ကြောင်း"[၃] ဆန်းစစ်ထုတ်ဖော် ပြောကြားခဲ့သည်။

"အလုပ်လက်မဲ့ပြဿနာနှင့် ပတ်သက်၍ဆိုရလျှင် ယခုလိုစီးပွားရေး၏ အလိုက်အထိုက် အခြေအနေများအတိုင်းဆိုပါက၊ အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းသွားလိမ့်မည်ဟု ကျွန်တော်တို့မြင်နိုင်ရန် အကြောင်းမရှိ။ တိုင်းပြည်နှင့် အစိုးရက ကူညီရပေလိမ့်မည်။ အလုပ်လက်မဲ့ ဖြစ်ခြင်းသည် တိုင်းပြည်အတွက် အကြီးဆုံး ကံဆိုးမိုးမှောင်ဖြစ်လျက် စက်မှုလက်မှုလုပ်ငန်းနှင့်တကွ တိုင်းပြည်တွင်းမကောင်းကျိုးဖြစ်ပေါ်စေတတ်သည်။ အလုပ်လက်မဲ့ ဖြစ်ခြင်းကြောင့် လုပ်သားများ၏ ကျွမ်းကျင်မှုကို ယုတ်လျော့စေပြီး ၎င်းတို့၏နေရေးထိုင်ရေး အဆင့်အတန်းကို ညံ့ဖျင်းစေသည်။ အလုပ်လက်မဲ့ပြဿနာသည် အမျိုးသားရေးအတွက် ဂြိုလ်ဆိုးဖြစ်သည့်အလျောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်ကို စီမံပြုလုပ်ရာ၌ ကျွန်တော်တို့သည် သေချာကျနစွာ ပြုလုပ်မှသာလျှင် အခြေအနေတိုးတက်လာပြီး အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းသွားနိုင်လိမ့်မည်။ လူတစ်ဦးတစ်ယောက် အတွက်သော်လည်း

၁ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ ၁၇-၃-၄၅ မှ ၁၉-၇-၄၇ (ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၁ ထုတ်) စာ၊ ၃၃၆။

၂ ၎င်းစာ၊ ၈၁။

၃ ၎င်းစာ၊ ၃၃၆။





ကောင်း၊ အိမ်ထောင်စုတွင်ပါဝင်သော သူများအတွက်သော်လည်းကောင်း၊အလုပ်ရနိုင်စေရန် ကျွန်တော်တို့နည်းလမ်းများကို ရှာဖွေရပေလိမ့်မည်။ ထိုသို့ပြုလုပ်ရာ၌ ကျွန်တော်တို့သည် အချို့သောသူများကို အလုပ်မှရပ်စဲရန်လိုလျှင် ရပ်စဲရလိမ့်မည်။ ပြဿနာကို ဖြေရှင်းသွားနိုင်စေရန် နည်းလမ်းကောင်းမှာ နိုင်ငံတော်အစိုးရသည် အရေးပါ၍ ပြောကျယ်သောလုပ်ငန်းများကိုသာ လက်ထဲ၌ အသင့်ရှိစေရမည်။ ထိုအလုပ်များမှာလည်း လုပ်သားပေါင်းအတွက်ကိုလိုက်၍ မြန်လိုက မြန်နိုင်သော၊ နှေးလိုကနှေးနိုင်သော အလုပ်မျိုးဖြစ်စေရမည်။[၁]" ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းသည် အလုပ်လက်မဲ့ပြဿနာနှင့် ပတ်သက်၍ အသေးစိတ်အပြည့်အစုံ မဖော်ပြထားစေကာမူ လေးနက်သော အဓိပ္ပာယ်နှင့် လမ်းညွှန်မှုများပါဝင်နေကြောင်း တွေ့ရပေမည်။

တိုတောင်းလှသော ဤမိန့်ခွန်းကောက်နုတ်ချက်မှပင် ဗိုလ်ချုပ်အောင်ဆန်း အလိုအရ. . .

"အလုပ်လက်မဲ့ ပြဿနာသည် လူတစ်ဦးတစ် ယောက် လူတစ်စုစသော ပုဂ္ဂလိကနှင့်ဆိုင်သည့် ပြဿနာမဟုတ်ဘဲ တစ်နိုင်ငံလုံးနှင့် အကြုံးဝင်သော အမျိုးသားရေးပြဿနာတစ်ရပ် ဖြစ်သည်။

အမျိုးသားရေး ပြဿနာနှင့်အညီ ၎င်းပြဿနာကို နိုင်ငံတော်အစိုးရကသာ အဓိကဦးစီးဦးဆောင်ပြုကာ ဖြေရှင်းဆောင်ရွက်ပေးရမည်။

နိုင်ငံတော်အစိုးရက အလုပ်လက်မဲ့ပြဿနာကို ဦးဆောင်ဖြေရှင်းရာတွင်လည်း "ပြဿနာကို ဖြေရှင်းသွားစေနိုင်ရန် နည်းလမ်းကောင်းမှာ နိုင်ငံတော်အစိုးရသည် အရေးပါ၍ အပြောကျယ်သော လုပ်ငန်းများကိုသာ လက်ထဲ၌အဆင်သင့် ရှိစေရမည်။ ထိုအလုပ်များမှာလည်း လုပ်သားပေါင်း အတွက်ကိုလိုက်၍ မြန်လိုက မြန်နိုင်သော၊ နှေးလိုက နှေးနိုင်သော အလုပ်မျိုးဖြစ်စေရမည်။"

၁ ၁၉၄၇ ခု၊ ဇွန်လ ၇ ရက် "ဒီနေတိုင်းဗီလာ" တွင် မိန့်ကြားခဲ့သော "ပြန်လည်ထူထောင်ရေးမိန့်ခွန်း" မှ ကောက်နုတ်ချက်။



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဆန်းစစ်ချက်အရ အလုပ်လက်မဲ့ ပြဿနာသည် စီးပွားရေး ပြဿနာတစ်ခုဖြစ်၍ သို့မဟုတ် စီးပွားရေးနှင့်ယှက်နွယ်နေသော ပြဿနာဖြစ်၍ ၎င်းကို ဖြေရှင်းရာ၌လည်း စီးပွားရေးနည်း၊ စီးပွားရေး ဗျူဟာများအရသာ ဖြေရှင်းရမည်ဟူသော အခြေခံအချက်ကြီး ၃ ချက်ကို တွေ့ရပေသည်။

နိုင်ငံတစ်နိုင်ငံတွင် အလုပ်သမားနှင့် နိုင်ငံဝန်ထမ်းဦးရေများတိုင်းလည်း စီးပွားရေးအရ အကျိုးဖြစ်ထွန်းသည်ဟု မဆိုနိုင်သောအချက်ကို ဗိုလ်ချုပ်ကသဘောပေါက်ခဲ့ရုံမက၊ လူမှန်နေရာမှန်ဖြစ်ရေးနှင့် လုပ်သားနှင့် ဝန်ထမ်းတို့၏ ကျွမ်းကျင်မှု[၁] နှင့် စွမ်းဆောင်ရည်ရှိမှုတို့သာလျှင် စီးပွားရေး ကုန်ထုတ်လုပ်မှုတွင် အရေးပါဆုံး ဖြစ်ကြောင်းကို မမေ့မလျော့ခဲ့ကြောင်းကို အလုပ်လက်မဲ့ပြဿနာပြေလည်ရေး နည်းလမ်းရှာဖွေရာ၌ "အချို့သောသူများကို အလုပ်မှရပ်စဲရန်လိုလျှင် ရပ်စဲရလိမ့်မည်" ဟူသော စကားကလည်းကောင်း၊ "အလုပ်လက်မဲ့ ဖြစ်ခြင်းကြောင့်လုပ်သားများ၏ ကျွမ်းကျင်မှုကို ယုတ်လျော့စေပြီး (ကုန်ထုတ်လုပ်မှုကို ထိခိုက်ကျဆင်းစေရာမှ) ၎င်းတို့၏ နေ ရေးထိုင်ရေး အဆင့်အတန်းကို ညံ့ဖျင်းစေသည်" ဟူသော စကားကလည်းကောင်း သက်သေခံနေပေသည်။

"အချို့သောသူများကို အလုပ်မှ ရပ်စဲလိုလျှင် ရပ်စဲရလိမ့်မည်" ဟု ဆိုရာ၌ ဗိုလ်ချုပ်၏ အခြားမိန့်ခွန်းများနှင့် နှိုင်းယှဉ်လေ့လာဖော်ထုတ်ရလျှင် စီးပွားရေးအရ ထုတ်စွမ်းမဲ့လာသော လုပ်သားများ[၂] နှင့် နိုင်ငံခြားသားများကိုသာ ရည်ညွှန်းဟန်တူပေသည်။ စီးပွားရေးအရ ထုတ်စွမ်းမဲ့ဟုဆိုရာ၌လည်း ကုန်စည်နှင့် ဆောင်ရွက်မှု ထုတ်လုပ်သည့် ကာယ၊ ဉာဏနှင့်ဆိုင်သော လုပ်ငန်းရပ်များတွင် ပါဝင်လုပ်ကိုင်နိုင်သည့် အရွယ်မပြည့်သေးသူများ၊ ကျော်လွန်သူများသာမက၊ လူမှန်နေရာမှန် မဖြစ်၍ မိမိ၏ ကျွမ်းကျင်မှုနှင့် အရည်အချင်းကို အပြည့်အဝအသုံးချ

၁ Skill.

၂ Unproductive labour.





ခွင့်မရသူ (ပိုလျှံဝန်ထမ်းများ) ပါ ပါဝင်သည်ဟုဆိုနိုင်ပေသည်။

တစ်ဖန် "(အလုပ်လက်မဲ့) ပြဿနာကို ဖြေရှင်းသွားနိုင်စေရန် နည်းလမ်းကောင်းမှာ နိုင်ငံတော်အစိုးရသည် အရေးပါ၍ အပြောကျယ်သော လုပ်ငန်းများကိုသာ လက်ထဲ၌အဆင်သင့်ရှိစေရမည်။ ထိုအလုပ်များမှာလည်း လုပ်သားပေါင်းအတွက်ကိုလိုက်၍ မြန်လိုက မြန်နိုင်သော နှေးလိုကနှေးနိုင်သော အလုပ်မျိုးဖြစ်စေရမည်" ဟု လမ်းညွှန်ပေးထားရာ၌လည်း နက်နဲကျယ်ဝန်းလှပေသည်။ "နိုင်ငံတော်အစိုးရသည် အရေးပါ၍ အပြောကျယ်သော လုပ်ငန်းများကိုသာ" လက်ထဲ၌ ထားရှိရမည်ဟုဆိုသဖြင့် ကျန်သည့်လုပ်ငန်း အမြောက်အမြားသည် ပုဂ္ဂလိကလက်ထဲ ထားရှိနိုင်သည် သို့မဟုတ် ထားသင့်သည်ဟူသော အဓိပ္ပာယ်သက်ရောက်နေပေသည်။ "ထိုအလုပ်များ (အစိုးရလက်ထဲထားရှိသော အလုပ်များ) မှာလည်း လုပ်သားပေါင်းအတွက်ကို လိုက်၍ မြန်လိုက မြန်နိုင်သော နှေးလိုက နှေးနိုင်သော အလုပ်မျိုးဖြစ်စေရမည်" ဟူသော နောက်ဆက်တွဲ စကားက ဖော်ပြပါအဆိုနှင့် ညီညွတ်မှုရှိသည်ဟုဆိုရပေမည်။ အကြောင်းမှာ လုပ်ငန်းသဘောအရ နိုင်ငံတော်အစိုးရလုပ်ငန်းတစ်ခုခုအတွက် ငွေရမ်း၍ဖြစ်စေ၊ ခန့်အပ်၍ဖြစ်စေ၊ အလုပ်လုပ်ကိုင်နေရသော လုပ်သားများအဖို့ ငွေရမ်းသက်တမ်းစေ့သည့်အခါ သို့မဟုတ် လုပ်ငန်းပြီးဆုံး၍ အလုပ်ခန့်အပ်မှု သက်တမ်းပြီးဆုံးသည့်အခါတို့တွင် ထိုလုပ်သားများအား နိုင်ငံအစိုးရက ဆက်လက်တာဝန်မယူနိုင်လျှင် လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့် ဆက်လက်လုပ်ကိုင်ခွင့်မပြုနိုင်တော့လျှင်လည်းကောင်း၊ ယင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းရစေရန်လိုသည်။ ၎င်းအခွင့်အလမ်းကို ပုဂ္ဂလိက ကုန်ထုတ်ကဏ္ဍရှိမှသာ ပေးစွမ်းနိုင်ပေမည်။

တစ်ဖန် "အရေးပါ၍ အပြောကျယ်သော လုပ်ငန်းများ" ဟု ဆိုရာ၌ နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရ လည်းကောင်း၊ တိုင်းပြည်စီးပွားရေးနှင့် အမျိုးသားရေးအတွက် သော့ချက်ကျသော လုပ်ငန်းများ (ဥပမာ ငွေကြေးနှင့် ဘဏ်လုပ်ငန်းများ၊ သတ္တုတွင်း



www.burmeseclassic.com

www.burmeseclassic.com



တူးဖော်ရေးလုပ်ငန်းများ၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို နိုင်ငံရေးအစိုးရက ချုပ်ကိုင်ထားနိုင်မှသာလျှင် ပြည်သူအများစုမှာ နိုင်ငံခြားသားနှင့် တိုင်းရင်းသား ပုဂ္ဂလိကအရင်းရှင်တို့၏ သွေးစုတ်ချယ်လှယ်မှုမှ လွတ်ကင်းနိုင်မည်၊ လူအင်အားများကိုလည်း နိုင်ငံအစိုးရက လိုသလို စီမံခန့်ခွဲနိုင်ရုံမက နိုင်ငံစီးပွားရေး ဖွံ့ဖြိုးမှုပုံစံကိုပါ လိုသလို အကောင်အထည်ဖော်နိုင်ပေမည်။

မည်သို့ပင်ဖြစ်စေ၊ ဗိုလ်ချုပ်သည် အဓိကအလုပ်လက်မဲ့ အမျိုးအစားများဖြစ်သော ဖုံးကွယ်အလုပ်လက်မဲ့[၁] နှင့် အက်ကြောင်းရာအလုပ်လက်မဲ့[၂] သဘောတရားတို့ကို ကျေညက်စွာတီးခေါက်မိသူဟု ဆိုရပေမည်။ ပထမအမျိုးအစား အလုပ်လက်မဲ့မှာ မိမိအရည်အချင်းအစွမ်းအစထက် နိမ့်ကျသော အလုပ်ကိုလုပ်နေရခြင်း သို့မဟုတ် မိမိ၏အရည်အချင်းနှင့် ကျွမ်းကျင်မှုတို့ကို ပြည့်ဝစွာ မသုံးနိုင်ခြင်းကို ဆိုလိုခြင်း၊ ဒုတိယအလုပ်လက်မဲ့ အမျိုးအစားမှာ လူမှန်နေရာမှန် မဖြစ်ရာမှ သို့မဟုတ် မိမိ၏အရည်အချင်းကတစ်မျိုး၊ လုပ်နေရသည့်အလုပ်ကတခြား ဖြစ်ရာမှ ပေါ်ပေါက်သော အလုပ်လက်မဲ့မျိုးဖြစ်ပေသည်။ ပုံစံအားဖြင့် အမ်၊ ဘီ၊ ဘီ၊ အက်(စ်) ဘွဲ့ရသူတစ်ဦးက ဆေးစပ်ကွန်ပေါင်ဒါအလုပ်မျိုးလုပ်နေရခြင်းမျိုးသည် ဖုံးကွယ်အလုပ်လက်မဲ့ဖြစ်ပြီး၊ အင်ဂျင်နီယာဘွဲ့ရသူတစ်ဦးသည် မိမိ၏ ကျွမ်းကျင်မှုနှင့် လုံးဝမသက်ဆိုင်သော ကုန်သွယ်ရေးမန်နေဂျာလုပ်နေရခြင်းမျိုးသည် ဒုတိယအမျိုးအစား အလုပ်လက်မဲ့မျိုး ဖြစ်ပေသည်။ ထိုအလုပ်လက်မဲ့နှစ်မျိုးစလုံးသည် စီးပွားရေးအရ ကောင်းကျိုးကိုမပေးစွမ်းနိုင်သဖြင့် လူအချို့ကို အလုပ်မှရပ်စဲရန်လိုလျှင် ရပ်စဲပြီး လူမှန် နေရာမှန်ရောက်ရေး၊ ကျွမ်းကျင်မှုနှင့် လုပ်ရမည့်အလုပ်အံဝင်ဂွင်ကျဖြစ်အောင် ပြုပြင်သင့်လျှင် ပြုပြင်ရမည်ဟု ဗိုလ်ချုပ်က ဆိုလိုခြင်းဖြစ်ဟန်တူပေသည်။ သို့မှသာ လုပ်

၁ Deflationary unemployment or disguised unemployment

၂ Frictional unemployment





သားတို့၏ ကျွမ်းကျင်မှု တိုးတက်ရုံမက ကုန်ထုတ်လုပ်မှုတွင်လည်း စွမ်းဆောင်ရည်ပိုရကာ နိုင်ငံစီးပွားရေးကို တိုးတက်စေရုံမက တစ်ချိန်တည်းတွင် စီးပွားရေးရှုဒေါင့်မှ ဖော်ပြသော အလုပ်လက်မဲ့ ပြဿနာလည်း ပြေလည်နိုင်ကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းက သဘောပေါက်ခဲ့သည်ဟု ဆိုရပေမည်။

ဗိုလ်ချုပ်၏မိန့်ခွန်းအလိုအရ စီးပွားရေးနည်းဖြင့် အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းရာတွင် တစ်ဖက်မှအရေးပါသော စီးပွားရေးပရောဂျက်များကို အစိုးရလက်ထဲ၌ထားခြင်းဖြင့် လုပ်သားများအလုပ်အကိုင်ရအောင် ဖန်တီးပေးနေချိန်တွင် အခြားတစ်ဖက်မှ ငွေကြေးတန်ဖိုးများ တည်ငြိမ်အောင်လုပ်ရေးသည်လည်း အရေးကြီးကြောင်းကို ဖော်ညွှန်းထားပေသည်။ "ငွေကြေးတန်ဖိုး ယုတ်လျော့မှုပြဿနာကြောင့် ကျွန်ုပ်တို့ တိုင်းပြည်တွင် အလုပ်မရှိသူ အမြောက်အမြား၊ ငွေသားစက္ကူမကိုင်နိုင်သူ အမြောက်အမြားရှိနေသည်" ဟူသော စကားက ငွေတန်ဖိုးသဘောတရားကိုလည်းကောင်း၊ ငွေတန်ဖိုးနှင့် ကုန်ထုတ်လုပ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စားသုံးမှုတို့ ဆက်သွယ်နေကြောင်းကိုလည်းကောင်း၊ ငွေတန်ဖိုးသည် အလုပ်လက်မဲ့ပြဿနာအပေါ် တိုက်ရိုက်အကျိုးသက်ရောက်စေကြောင်းကိုလည်းကောင်း ဗိုလ်ချုပ်အောင်ဆန်းက သုံးသပ်မိကြောင်း ထင်ရှားပေသည်။ ငွေတန်ဖိုးနှင့် ကုန်ဈေးနှုန်းသည် ပြောင်းပြန်ဆက်စပ်နေသဖြင့် ငွေတန်ဖိုးမတည်ငြိမ်မှုပေါ် မူတည်၍ဈေးနှုန်းများ မတည်မငြိမ်ဖြစ်ပေါ်ရာမှ ကုန်ထုတ်လုပ်မှု ကမောက်ကမဖြစ်လာနိုင်ပြီး အလုပ်လက်မဲ့ပြဿနာကို ပေါ်ပေါက်စေသည်။ ပေါ်ပေါက်နေသည့် ပြဿနာကို ပိုမိုဆိုးဝါးစေသည်။ ထို့ကြောင့် အလုပ်လက်မဲ့ပြဿနာ ပပျောက်စေလိုလျှင် ကုန်ထုတ်လုပ်မှုကိုတည်ငြိမ်အောင်နှင့် တိုးတက်အောင်လုပ်ရပေလိမ့်မည်။ ကုန်ထုတ်လုပ်မှု တည်ငြိမ်ပြီး တိုးတက်ပါမှ ကုန်ဈေးနှုန်းတည်ငြိမ်ကာ ငွေတန်ဖိုးများတည်ငြိမ်မည်။ ထိုအခါ လုပ်သားတို့၏လက်ထဲရှိ ငွေကြေးတို့၏ ဝယ်နိုင်စွမ်းအားလည်းတည်ငြိမ်ကာ အလုပ်လုပ်ရာတွင် တည်ငြိမ်မှုရပေမည်။ အခြားတစ်ဖက်မှ ပြည့်



www.burmeseclassic.com

www.burmeseclassic.com



လျှင် မြန်မာနိုင်ငံတွင် (ထိုစဉ်က) ငွေကြေးရှားပါးနေသည်ဟု ဗိုလ်ချုပ်က သုံးသပ်မိခဲ့သဖြင့်၊ ဝယ်နိုင်စွမ်းအားနိမ့်ကျကာ ကုန်ထုတ်လုပ်မှုကို ထိခိုက်စေသည်ဟူသောအချက်ကို သဘောပေါက်ပေလိမ့်မည်။ ထို့ကြောင့် ပြည်သူအများစုလက်ထဲ ငွေကြေးသုံးစွဲနိုင်သည့်အားကို ပြုပြင်ဖြည့်တင်းခြင်းဖြင့် ကုန်ထုတ်လုပ်မှုကို တိုးတက်အောင် လုပ်သင့်ကြောင်း ယူဆဟန်တူသည်။ မည်သို့ပင်ဖြစ်စေ၊ ငွေကြေးဖောင်းပွမှုပြဿနာသည် အလုပ်လက်မဲ့ဖြစ်ရခြင်း၏ အဓိကအကြောင်းခံ ဖြစ်သဖြင့်၊ ငွေကြေးဖောင်းပွမှုပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်ပါမှ အလုပ်လက်မဲ့ပြဿနာ ပြေလည်နိုင်မည်ဟူသော အချက်ကို ဗိုလ်ချုပ်က အခိုင်အမာ ယုံကြည်ခဲ့သည်ဟု ဆိုနိုင်ပေသည်။

ထို့ကြောင့် အလုပ်လက်မဲ့ပြဿနာနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ ပြောကြားရေးသားချက်များ နည်းပါးပြီး တိုတောင်းစေကာမူ ယနေ့တိုင် ဂရုပြုလိုက်နာသင့်သော အရေးပါသည့် အယူအဆများ ပါဝင်နေသည်ဟု ဆိုချင်ပေသည်။

●

## ဗိုလ်ချုပ်အောင်ဆန်းနှင့် အရင်းအနှီးရရှိရေးပြဿနာ

"မိအေးနှစ်ခါနာ" ဖြစ်ခဲ့ရသော မြန်မာနိုင်ငံအဖို့ နိုင်ငံစီးပွားရေးထူထောင်မှုကို သုညနီးပါးအခြေအနေမှ ပြန်လည်ထူထောင်တည်ဆောက်ရမည်ဖြစ်၍ အကြီးမားဆုံးပြဿနာမှာ အရင်းအနှီးတည်ဆောက်ရေး[၁] သို့မဟုတ် အရင်းအနှီးရရှိရေး ပြဿနာပင် ဖြစ်ပေသည်။

၎င်းပြဿနာနှင့် ပတ်သက်၍ ဗိုလ်ချုပ်၏မိန့်ခွန်းများ၊ ရေးသားချက်များတွင် ပြတ်တောင်းပြတ်တောင်း ပါဝင်သော အချက်အလက်များကို စုစည်း၍ အမျိုးအစား ခွဲခြားလိုက်လျှင် အဓိကအရင်းအနှီးရရှိရာ ဇစ်မြစ်အနေဖြင့် အောက်ပါ ၄ မျိုးကို တွေ့ရပေမည်။

(၁) ဆန်စပါးကို တိုးချဲ့စိုက်ပျိုးကာ ဆန်စပါးပို့ကုန်တိုးချဲ့တင်ပို့ခြင်း။

(၂) ပြည်တွင်း ကုန်ထုတ်လုပ်ငန်း မှန်သမျှရှိ အလုပ်သမား၊ တောင်သူလယ်သမားများ၊ ဝန်ထမ်းများအပါအဝင် ပြည်သူတစ်ရပ်လုံးက အစွမ်းကုန်အလုပ်လုပ်ကာ၊ ခြိုးခြံချွေတာစားသုံးခြင်းဖြင့် ပိုလျှံစေခြင်း၊ သို့မဟုတ် လုပ်အား၏ကုန်ထုတ်စွမ်းအား[၂] ကို တိုးတက်စေခြင်း။

---

၁ Capital Formation.

၂ Productivify of Labour.



www.burmeseclassic.com

www.burmeseclassic.com



(၃) ပြည်တွင်း (ပြည်ပ)အခွန်အကောက် ကောက်ခံခြင်းနှင့်
(၄) နိုင်ငံခြားမှ ငွေချေးခြင်း။
တို့ဖြစ်ပေသည်။

ဤဇစ်မြစ်လေးခုအနက် ပြည်တွင်းဇစ်မြစ်ဖြစ်သော ပထမ ဒုတိယနှင့် တတိယဇစ်မြစ်တို့ကို ပိုမိုအလေးထားအားကိုးရန် ဗိုလ်ချုပ်အောင်ဆန်းက မကြာခဏ ပြောကြားခဲ့ပေသည်။ ပြည်တွင်းဇစ်မြစ်များထဲတွင်ပင် ဒုတိယဇစ်မြစ်ဖြစ်သော လုပ်အား၏ ကုန်ထုတ်စွမ်းအား တိုးတက်စေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရာမှ အရင်းအနှီးစုဆောင်းမှုကိစ္စကို ပိုမိုအလေးပေးခဲ့ကြောင်း တွေ့ရပေသည်။

## ပြည်တွင်းအရင်းအနှီးဇစ်မြစ်။

ပြည်တွင်းမှ အရင်းအနှီးရရှိရာ၊ ဇစ်မြစ်အနေဖြင့် "ထွက်ကုန်ဖက်ကငွေပိုရအောင်" (သွင်းကုန်တန်ဖိုးထက် ပို့ကုန်တန်ဖိုးကို ပိုမိုစေခြင်းဖြင့် ပေါ်လာသော ပို့ကုန်အပိုအလျှံ[၁]) လုပ်ခြင်းဖြင့် ပြည်တွင်းစီးပွားရေး ထူထောင်ရန်အတွက် အရင်းအနှီး အတော်အတန်ရနိုင်ပေသည်။ သို့သော် ထိုစဉ်ကာလမှာ ပြန်လည်ထူထောင်ရေးကို အဓိကထားရမည်ဖြစ်ရာပို့ကုန်အပိုအလျှံမှ ရသောငွေဖြင့် စက်ပစ္စည်းကရိယာကဲ့သို့သော အရင်းအနှီးထက် ပြည်တွင်းတွင် လိုအပ်သော စားသုံးကုန်စည်များနှင့်ဆေးဝါးများ စသည်တို့ကို ဦးစားပေးဝယ်ရမည် ဖြစ်သောကြောင့် ပို့ကုန်အပိုအလျှံသည် ပြည်တွင်းစီးပွားရေး ထူထောင်မှုအတွက် လိုအပ်သော အရင်းအနှီးအတွက် လုံလောက်မည်မဟုတ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းသဘောပေါက်၍ ဒုတိယဇစ်မြစ်ကို ဦးစားပေး ညွှန်ပြခဲ့ခြင်းဖြစ်နိုင်ပေသည်။

လုပ်အား၏ ကုန်ထုတ်စွမ်းအားတိုးတက်အောင် လုပ်ဆောင်ရန်နည်းလမ်းနှင့် အရေးပါပုံတို့ကို ဗိုလ်ချုပ်အောင်ဆန်းက -

၁ Export Surplus.





"The need for a country wide co-operative movement is timely and quite proper. Besides the spirit of co-operation and organization that will instil in the minds of our people, it will also encourage thrift, selfhelp and creative endeavour, for then people will know, as they toil on, that it is the best way to promote national prosperity where is much dearth of capital in our country and that after all it is labour, their own labour which creates capital."[၁]

(တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သမဝါယမလှုပ်ရှားမှုလုပ်ရန် အခြေအနေနှင့် အချိန်ကျရောက်နေပေပြီ။ စုပေါင်းလုပ်ကိုင်သော စိတ်ဓါတ်နှင့်အဖွဲ့အစည်းစိတ်ဓါတ်များသည် ကျွန်ုပ်တို့နိုင်ငံသားများ၏စိတ်ထဲ တစ်ဖြေးဖြေး စိမ့်ဝင်စေခြင်းဖြင့် ခြိုးခြံချွေတာစုဆောင်းသည့်အလေ့၊ ကိုယ့်ထူကိုယ်ထစနစ်နှင့် တီထွင်ဖန်တီးလိုစိတ်များကို အားပေးရာရောက်ပေမည်။ အကြောင်းမှာ အရင်းအနှီးရှားပါးသော မြန်မာနိုင်ငံအဖို့ စုပေါင်းလုပ်ကိုင်ခြင်း၊ အဖွဲ့အစည်းဖြင့် လုပ်ကိုင်ခြင်းသည်သာ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်နိုင်မည့် အကောင်းဆုံးနည်းဖြစ်ကြောင်း စုပေါင်းလုပ်ကိုင်လာသည်နှင့်အမျှ အဖွဲ့အစည်းဖြင့် လုပ်ကိုင်လာသည်နှင့်အမျှ ပြည်သူတို့ ပို၍ပို၍ သဘောပေါက်မည် ဖြစ်သောကြောင့် ဖြစ်သည်။ နောက်ဆုံးတွင် လုပ်အား၊ ၎င်းတို့၏ကိုယ်ပိုင်လုပ်အားသည်သာလျှင် အရင်းအနှီးကို ဖန်တီးသည်ကို သဘောပေါက်လာမည်ဖြစ်သောကြောင့်ဖြစ်ပေသည်) ဟူ ဆန်းစစ်ညွှန်ပြခဲ့ပေသည်။

ဗြိတိသျှတို့က မြန်မာနိုင်ငံကို လွတ်လပ်ရေး မပေးသင့်သေးကြောင်းအကြောင်းပြရာ၌ "မြန်မာနိုင်ငံစီးပွားရေးကို ပြန်လည်ထူထောင်ရန်နှင့်တည်ဆောက်ရန် လုံလောက်သော ဘဏ္ဍာငွေမရှိခြင်း" ကိုလည်း

၁ "Critique on British Imperialism"; Address delivered at the second session of the Supreme Council of A.F.P.F.L on May 16, 1946. ၁



www.burmeseclassic.com

www.burmeseclassic.com



အဓိကအကြောင်းတစ်ချက်အဖြစ် တင်ပြခဲ့ရာ ၎င်းကို ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါအတိုင်း ချေပခဲ့သည်။

(မြန်မာနိုင်ငံကို လွတ်လပ်ရေး မပေးရေးနှင့် ပတ်သက်သော အခြားဆင်ခြေတစ်ခုမှာ ကျွန်ုပ်တို့နိုင်ငံ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးအတွက် လိုအပ်သော ဘဏ္ဍာငွေအလုံအလောက်ကျွန်ုပ်တို့တွင် မရှိဟူသော အချက်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးတွင် ဘဏ္ဍာငွေသည်အဓိကပင်မ မဟုတ်ဘဲ ဒုတိယသာမညသာ ဖြစ်ပါသည်။ ကျွန်ုပ်တို့တိုင်းပြည်တွင် သယံဇာတ ပေါကြွယ်၍ ယင်းသည်ပင် ကျွန်ုပ်တို့နိုင်ငံ၏ မနေဖြစ်ပေသည်။ ကျွန်ုပ်တို့ သုံးချင်သလိုသုံးနိုင်သော ယင်းကဲ့သို့ကြွယ်ဝသည့်တိုင်းပြည်မနေရှိနေပြီး၊ ၎င်းကိုကျွန်ုပ်တို့ပြည်သူများ၏ အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်အောင် သုံးနိုင်သရွေ့ ဘဏ္ဍာငွေရှားပါးရေးကို ကျွန်ုပ်တို့ ပူပင်စရာမလို)

ဗိုလ်ချုပ်၏ ဤဖော်ညွှန်းချက်သည် လွတ်လပ်ရေးမပေးချင်၍ ဆင်ခြေပေးနေသူ အင်္ဂလိပ်တို့အား ပြန်လည်ချေပချက်ဖြစ်၍ လွတ်လပ်ရေးသည် ပထမ၊ ဘဏ္ဍာရေးသည် ဒုတိယဟူသော သဘောဖြင့် ရည်ညွှန်းပြောဆိုခြင်း ဖြစ်ပေသည်။ သူ့အချိန်သူ့အခါနှင့် နိုင်ငံခြားသားများရှေ့တွင် ဤကဲ့သို့ပြောခြင်းမှ လွဲ၍အခြားပြောရန် မဖြစ်နိုင်ပေ။ သို့သော် နိုင်ငံလွတ်လပ်ရေး အမှန်တကယ်ရလာသောအခါမူ ဘဏ္ဍာရေးသည် သာမညမဟုတ်တော့သကဲ့သို့ သဘာဝသယံဇာတပစ္စည်း ပေါကြွယ်ရုံ၊ ရှိနေရုံနှင့် မလုံလောက်နိုင်ပေ။ ရှိသော သယံဇာတကို တူးဖော်နိုင်ရန်၊ အကြမ်းမှတစ်ဆင့်တက်ပြုပြင်ရန်၊ ကုန်ထုတ်လုပ်မှုတွင် အသုံးချရန်အစရှိသော အသုံးချမှုအဆင့်က အရေးကြီးလာသည်။ ယင်းအဆင့်ရောက်ရန်ပင် ငွေကြေးဘဏ္ဍာများစွာ ရင်းနှီးရပေဦးမည်။ ကျွမ်းကျင်သူအတတ်ပညာရှင်များ၊ အင်ဂျင်နီယာများ၊ လုပ်သားများ အလုံအလောက် ရရှိစေရန် ရှာကြံရပေဦးမည်။ သို့မဟုတ် လေ့ကျင့်မွေးထုတ်ရပေဦးမည်။ ၎င်းအတွက်လည်း ငွေကြေးအရင်းအနှီးလိုဦးမည်သာဖြစ်ပေသည်။ သို့သော် ဤအချက်ကို ဗိုလ်ချုပ် မမေ့လျော့ခဲ့ပေ။





"To be able to do all these, we must have the personal to carry out these things-personal prepared to work for the love of work for the nation, and qualified to do it, those who will plan and execute and train people who will execute-in otherwords, we must have a well established General Headquarfers, Planning, Directing and Executing political and Economic Task"[၁]

(ဤအလုပ်အားလုံးကိုလုပ်နိုင်ရန် နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံအတွက် လုပ်မည့်လူများ၊ စီမံကိန်းရေးဆွဲချမှတ်ရေး၊ ၎င်းကို အကောင်အထည်ဖော် လုပ်ကိုင်ရေးအတွက် လူများ၊ စီမံကိန်း အကောင်အထည်ဖော် လုပ်ကိုင်မည့်လူများကို လေ့ကျင့်ပေးရန် လူများအစရှိသည်ဖြင့် အလုပ်လုပ်ရမည့်လူများ လိုပေသည်။ တနည်းအားဖြင့် ကျွန်ုပ်တို့တွင် နိုင်ငံရေးနှင့် စီးပွားရေး အလုပ်များကို စီမံရေး၊ ကွပ်ကဲညွှန်ကြားရေးနှင့် အကောင်အထည် ဖော်လုပ်ကိုင်သွားရေးတို့အတွက် အသေအချာဖွဲ့စည်းတည်ထောင်ထားသော အထွေထွေအဖွဲ့ချုပ်ကြီးများ ရှိရန်လိုပေသည်) ဟု လူအင်အားလိုအပ်ချက်နှင့်ပတ်သက်၍ မိန့်ကြားခဲ့ပေသည်။

ထို့ကြောင့်လည်း အရင်းအနှီးရရှိရာ ဇစ်မြစ်အနေဖြင့် ဗိုလ်ချုပ်က ဒုတိယနည်းဖြစ်သော "လုပ်သား၏ ကုန်ထုတ်စွမ်းအား" တိုးတက်စေခြင်းဖြင့် နိုင်ငံကုန်ထုတ်လုပ်မှု တိုးတက်ခြင်းမှ ရယူရန်အထူးအလေးပေး ပြောကြားခဲ့ခြင်းဖြစ်ပေသည်။

## နိုင်ငံခြားဇစ်မြစ်

တိုးတက်ဖွံ့ဖြိုးမှုအတွက် ပြည်တွင်းဇစ်မြစ်မှ စုဆောင်း ရရှိသောအရင်းအနှီးဖြင့် မလုံလောက်လျှင် နိုင်ငံခြားဇစ်မြစ်မှ ရယူပေမည်။ နိုင်ငံ

၁ "Problems for Burma's Freedom"; Presidential address delivered to the first Congress of A.F.P.F.L Jan, 20, 1946 မှ ကောက်နုတ်ချက်။



www.burmeseclassic.com

www.burmeseclassic.com



ခြားမှ ငွေချေးခြင်း သို့မဟုတ် အရင်းအနှီးကို ဖိတ်ခေါ်ခြင်း သို့မဟုတ် နည်းပညာအကူအညီ အထောက်အပံ့တောင်းခံခြင်းစသည်တို့အားလုံးသည် နိုင်ငံခြားမှ အရင်းအနှီးရရှိသော ဇစ်မြစ်များဖြစ်ပေသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် ဤစာအုပ် အစပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း "အမြင်ကျယ်သော အမျိုးသားရေးဆိုရှယ်လစ်" ခေါင်းဆောင်တစ်ဦးဖြစ်ပေရာ၊ နိုင်ငံခြားမှ အကူအညီရယူခြင်းနှင့် ပတ်သက်၍ များစွာ သတိကြီးစွာ ထားခဲ့ကြောင်းတွေ့ရပေသည်။

"မြန်မာပြည်သည် လျှင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလိုလျှင် နိုင်ငံခြားအကူအညီလိုလိမ့်မည်ဖြစ်ကြောင်း၊ တိုးတက်မှုကို အကြောင်းပြု၍ နိုင်ငံခြားအကူအညီ ဖိတ်ခေါ်ရမည် ဖြစ်ကြောင်း၊ ထိုသို့ဖိတ်ခေါ်ရာ၌ ကျွန်ုပ်တို့စီမံသလို လုပ်နိုင်မှသာ ထိုနိုင်ငံခြားအကူအညီကို လက်ခံနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားအကူအညီကို အကွပ်အထိမ်းမရှိလွှတ်ထားနိုင်လိမ့်မည်မဟုတ်ကြောင်း၊ သို့သော် ထိုကူညီမှုအတွက် ထိုက်တန်သော တန်ဖိုးကိုကား ကျွန်ုပ်တို့ကြီးပွားသည်နှင့်အမျှ ကြည့်၍ပေးမည် ဖြစ်ကြောင်း"[၁] ဟု လည်းကောင်း၊

ငွေကြေးနှင့်ဘဏ္ဍာရေးနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ပေါ်လစီဆိုင်ရာအချက်တစ်ချက်မှာ အမျိုးသားအကျိုးစီးပွားကို လျှော့ပေးမှုမပါဘဲ ဈေးအပေါဆုံးသော ဈေးကွက်များမှ နိုင်ငံချေးငွေရရှိရေးဖြစ်သည်ဟု လည်းကောင်း၊

"ကျွန်တော်တို့နိုင်ငံအဖို့ နိုင်ငံခြားမှအရင်းအနှီးကို ဆွဲဆောင်ရန်အမှန်လိုပါသည်။ သို့သော် ကျွန်တော်တို့အဖို့ အရင်းအနှီးဆွဲဆောင်မှုအမည်ခံထားသော စစ်စရိတ်တောင်းခံခြင်းကိုလည်းကောင်း၊ လက်ဝါးကြီးအုပ် လုပ်ငန်းကြီးများ[၂] ကိုလည်းကောင်း၊ တစ်ဦးချုပ် ရင်းနှီးမြှုပ်နှံ

၁ ၁၉၄၇ ခု မတ်လ ၁ ရက်နေ့က မြန်မာပြည်အင်္ဂလိပ်ကုန်သည်ကြီးများအသင်း၌ ပြောကြားခဲ့သော မိန့်ခွန်းမှကောက်နုတ်ချက်

၁ Monopohe





မှုများ[၂] ကိုလည်းကောင်း မလိုချင်ပါ"[၃] ဟုလည်းကောင်း၊ သူလိုချင်သော နိုင်ငံခြားချေးငွေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြား အကူအညီပုံစံနှင့်ပတ်သက်၍ ကြိမ်ဖန်များစွာ ထုတ်ဖော်ရေးသား ပြောကြားခဲ့သည်။

ဖော်ပြပါ ဗိုလ်ချုပ်အောင်ဆန်း၏ ရည်ညွှန်းချက်များအရ လွတ်လပ်လာမည့် မြန်မာနိုင်ငံအဖို့ နိုင်ငံခြား အကူအညီမယူမဖြစ်၍ ယူရမည်။ သို့သော် ထိုသို့ယူသော နိုင်ငံခြားအကူအညီသည် မိမိနိုင်ငံစီးပွားရေးနှင့် မိမိနိုင်ငံသားများအပေါ် နှောင်ကြိုးတစ်စုံတစ်ရာမပါဘဲ မိမိတို့စိတ်တိုင်းကျ အသုံးချနိုင်မည့် အကူအညီမျိုးဖြစ်ရပေမည်။ ထိုအကူအညီအတွက် ထိုက်တန်သော ဈေးနှုန်းနှင့် တုန့်ပြန်မှုတို့ မိမိနိုင်ငံကြီးပွားလာသည်နှင့်အမျှ ပြန်လည်ပေးအပ်ရမည် ဖြစ်သည်။

"ဈေးပေါဆုံးသော ဈေးကွက်မှ နိုင်ငံခြားငွေချေးမည်" ဟု ဆိုထားသဖြင့် (အရင်းရှင်ဖြစ်စေ၊ ဆိုရှယ်လစ်ဖြစ်စေ) မည်သည့်အုပ်စုမှ မဆို ဖော်ပြခဲ့သည့်အခြေအနေနှင့်ပြည့်စုံလျှင် ချေးငွေယူမည့် အဓိပ္ပာယ်သက်ရောက်နေပေသည်။ ယခုခေတ်ကမ္ဘာ့စီးပွားရေးအခြေအနေများနှင့် နှိုင်းယှဉ်ကြည့်လျှင်မူ နှောင်ကြိုးမဲ့သော နိုင်ငံခြားအကူအညီမျိုးရှိမရှိ ဆိုရှယ်လစ်စနစ်ထူထောင်ရာတွင် နိုင်ငံအုပ်စုပေါင်းစုံမှ အကူအညီယူ၍ ထူထောင်ရေးဖြစ်နိုင် မဖြစ်နိုင်၊ စသော ပြဿနာများနှင့်ပတ်သက်၍တွေးတောစရာများရှိပေသည်။ သို့သော် ဤဆောင်းပါးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးအယူအဆများ မှားသည်မှန်သည်ကို အကဲဖြတ်ရန်ထက် ယင်းအယူအဆများကို သုံးသပ်တင်ပြရန်သာ ဖြစ်၍ ၎င်းနှင့်ပတ်သက်၍ ချန်လှပ်ထားရပေမည်။

သို့သော် နိုင်ငံခြားအကူအညီယူခြင်းသည် ဦးစားပေးလုပ်ရမည့် လုပ်ငန်းတစ်ရပ်မဟုတ်ဘဲ မလွှဲသာမှသာယူရမည်ဖြစ်ရုံမက၊ ၎င်းအပေါ် အဓိကအားကိုးအားထား မပြုရန်တို့ကိုမူ ဗိုလ်ချုပ်အောင်ဆန်းက -

၂ Unilateral Investments

၃ Gen, Aung San;"Economic Fascism in Burma"; The Burma Digest' Vol.5, May, 1946.



www.burmeseclassic.com

www.burmeseclassic.com



"အချို့သော ပုဂ္ဂိုလ်တို့က 'ငွေမရှိလျှင် တစ်ခြားတိုင်းပြည်က ချေးတာပေါ့၊ အရေးမကြီးပါ' စသည်ဖြင့် ပေါ့ပေါ့ဆဆ ပြောကောင်း ပြောကြပေလိမ့်မည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ အတိအလင်း ပြောလိုသည်မှာ မိမိတိုင်းပြည်၏ အခွန်ဘဏ္ဍာငွေကို အားမကိုးဘဲ နိုင်ငံခြားသားများ၏ ထောက်ပံ့ချေးငှားမှုကို အားကိုးအားထားပြုနေသမျှ ကာလပတ်လုံး မည်သည့်နိုင်ငံမျှ တကယ့်လွတ်လပ်ရေးကို မရရှိနိုင်ပေ။ ကျပ်ပြည့်တင်းပြည့်လွတ်လပ်ရေးကို လိုချင်လျှင် ကျွန်ုပ်တို့ငွေနှင့် ကျွန်ုပ်တို့ ကိုယ်တိုင်ကသာ အားထုတ်ကြရပေမည်"ဟု မမေ့မလျော့ သတိပေးခဲ့ပေသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံခြားစီးပွားရေး အကူအညီယူခြင်းနှင့် ပတ်သက်သော အယူအဆများမှာ ၎င်း၏ "အမြင်ကျယ်သော အမျိုးသားရေးဆိုရှယ်လစ်" အတွေးအခေါ် ရှုဒေါင့်မှ သက်ဆင်းလာပြီး၊ "အမျိုးသားရေး" က "ဆိုရှယ်လစ်ရေး" ကို ပိုမိုဩဇာလွှမ်းမိုးထားသော အယူအဆများ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

●

## ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းသော ဆိုရှယ်လစ်စီးပွားရေးပုံစံ

အနာဂတ်မြန်မာနိုင်ငံ၏ စီးပွားရေးပန်းတိုင်အဖြစ် ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုသာ ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့ကြောင်း လူတိုင်းအသိဖြစ်၍ အထူးအကျယ်ချဲ့ရန်လိုမည်မထင်ပါ။ အသေစောခဲ့၍ သူ့မျှော်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်သည့် အဆင့်သို့ မရောက်နိုင်ခဲ့သောကြောင့် ဗိုလ်ချုပ်မျှော်မှန်းခဲ့သော ဆိုရှယ်လစ်စီးပွားရေးစနစ်သည် မည်သည့်ပုံစံ၊ မည်သည့်အမျိုးအစားဖြစ်မည်၊ ဆိုရှယ်လစ်စနစ် တည်ဆောက်မှုအဆင့်ဆင့်မည်သို့ရှိမည် စသည့်လုပ်ငန်းပိုင်းဆိုင်ရာ အချက်များကိုမူ ကျွန်ုပ်တို့ မသိခဲ့ရပေ။ ဆိုလိုသည်မှာ . . . ဆိုရှယ်လစ်စနစ်ဟု သိမ်းကျုံးခေါ်ဆိုစေကာမူ ယနေ့ဆိုရှယ်လစ် နိုင်ငံများအကြားတွင်ပင် ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ပုံ တည်ဆောက်နည်း၊ ဆိုရှယ်လစ်စီးပွားရေးပုံစံတို့မှာ ကွဲလွဲချက်များရှိနေပေသည်။ ဆိုဗီယက်ပြည်ထောင်စုသည် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်လည်းကောင်း၊ ယူဂိုစလားဗီယားနိုင်ငံသည်လည်းကောင်း၊ ဆိုရှယ်လစ်နိုင်ငံများဖြစ်၍ ဆိုရှယ်လစ်စီးပွားရေးကိုသာ လက်ခံထားကြစေကာမူ၊ ၎င်းတို့၏ ပုံစံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံမတူညီမှုများရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံ၊ အာရပ်နိုင်ငံစသည့် နိုင်ငံအချို့ကိုပင် လူအချို့က ဆိုရှယ်လစ်စာရင်းတွင် ထည့်သွင်းနေကြပေသည်။ ဆိုရှယ်လစ်စနစ်ဟူသော အခြေခံတူစေကာမူ၊ ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းသော ဆိုရှယ်လစ်စီးပွားရေးပုံစံကား မည်သို့ဖြစ်မည်နည်း။ အိန္ဒိယနိုင်ငံနှင့်တူမည်လော၊ ယူဂိုစလပ်နိုင်ငံပုံစံမျိုးလော၊ ပြည်သူ့တရုတ်ပြည်ကို နမူနာယူမည်လော၊ ဆိုဗီယက်နည်းမျိုး ဖြစ်မည်လော။

ဤမေးခွန်းများသည် စိတ်ဝင်စားဖွယ်ကောင်းသော မေးခွန်းများဟု ထင်ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ အသက်ထင်ရှားမရှိတော့သဖြင့် ဤမေးခွန်းများအတွက် တိကျသော အဖြေကို ပေးရန်မလွယ်လှပေ။ ဗိုလ်ချုပ်၏ရေးသားချက်များ၊ ဟောပြောချက်များကို ကိုးကားထုတ်နှုတ်၍ ဖြစ်နိုင်မည်ဟု ယူဆနိုင်သောပုံစံကို အကြောင်းယုတ္တိဖြင့် တင်ပြရန်သာ ဖြစ်ပေသည်။

ဗိုလ်ချုပ်၏ ဆိုရှယ်လစ်စီးပွားရေးပုံစံကို ဆန်းစစ်မတင်ပြမီ ယနေ့ကမ္ဘာတွင် ပေါ်ပေါက်လျက်ရှိသော ဆိုရှယ်လစ်စီးပွားရေးပုံစံ ဘယ်နှစ်မျိုးရှိသနည်း။ တစ်မျိုးနှင့်တစ်မျိုး မည်သည့်အချက်များတွင် တူညီ၍ မည်သည့်အချက်များတွင် ကွဲပြားသနည်း စသည်တို့ကို ပထမဦးစွာ အကျဉ်းချုံးတင်ပြ လိုပေသည်။ သို့မှသာ ဗိုလ်ချုပ်၏မျှော်မှန်းချက်နှင့် နှိုင်းယှဉ်သုံးသပ်ရာ၌ ရှင်းလင်းစွာ သိမြင်နိုင်ပေမည်။

ဆိုရှယ်လစ်နိုင်ငံတိုင်းတွင် စီးပွားရေးကို ဗဟိုဦးစီးစနစ်သို့မဟုတ် ဗဟိုစီမံကိန်းစနစ်ဖြင့်သာ တည်ဆောက်ရပေသည်။ ထို့ကြောင့် မိမိနိုင်ငံ အခြေအနေပေါ် မူတည်၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လုပ်နည်းလုပ်ဟန်တွင် ကွဲလွဲချက်အတော်အတန် ရှိနိုင်ပေသည်။ သို့သော် ဗဟိုချုပ်ကိုင်မှု အလျော့အတင်း အတိုင်းအတာပေါ် မူတည်၍ ယနေ့ ဆိုရှယ်လစ်စီးပွားရေးပုံစံများကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း လေးမျိုးလေးစား ခွဲခြားသတ်မှတ်နိုင်ပေသည်။

ပထမတစ်မျိုးမှာ မည်သူက မည်သည့်အလုပ်လုပ်ရမည်၊ မည်သည့်အိမ်ထောင်စုက မည်သည့်အရာများကို စားသုံးရမည်။ မည်သည့်





စက်ရုံ အလုပ်ရုံ ကုန်ထုတ်လုပ်ငန်းက မည်သည့်သွင်းအားစု[1] ကို မည်ရွေ့မည်မျှ သုံးရမည်၊ ကုန်ထွက်[2] မည်ရွေ့မည်မျှထုတ်လုပ်ပေးရမည် စသော စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက်[3] ဟူသမျှကို နိုင်ငံတော် (အစိုးရ) က ချုပ်ကိုင်ဆုံးဖြတ်သော ပုံစံမျိုးဖြစ်သည်။ သို့သော် ဤမျှအထိ တင်းကျပ်လွန်းသော ဗဟိုချုပ်ကိုင်မှု ပုံစံမျိုးမှာ ယနေ့အထိ မရှိသေးကြောင်း အထူးတင်ပြရန်မလိုပေ။

ဒုတိယတစ်မျိုးမှာ လူတစ်ဦးချင်းအနေဖြင့် မိမိကြိုက်နှစ်သက်ရာ အလုပ်ကို လွတ်လွတ်လပ်လပ် ရွေးချယ်လုပ်ကိုင်နိုင်သကဲ့သို့ အိမ်ထောင်စုများအနေဖြင့်လည်း မိမိတို့ ကြိုက်နှစ်သက်ရာကို လွတ်လပ်စွာ ရွေးချယ်စားသုံးနိုင်ပေသည်။ သို့သော် ကုန်ထုတ်လုပ်ငန်း (စက်ရုံ၊ အလုပ်ရုံ၊ ကုန်ထုတ်အဖွဲ့အစည်းစသည်များ) အနေဖြင့် မည်သည့်ကုန်စည်မျိုးကို ကုန်ထွက်မည်ရွေ့မည်မျှ ထုတ်လုပ်ပေးရမည်၊ မည်သည့် သွင်းအားစု အမျိုးအစားကို မည်ရွေ့မည်မျှစီသုံးရမည် စသော ဆုံးဖြတ်ချက်များကိုမူ ဗဟိုမှချမှတ်ပေသည်။ ဆိုဗီယက်ပြည်ထောင်စု၊ အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများနှင့် ပြည်သူ့တရုတ်ပြည်တို့၏ စီးပွားရေး စနစ်သည် ဤပုံစံနှင့် အကြုံးဝင်ပေသည်။

တတိယတစ်မျိုးမှာ ဒုတိယပုံစံ အမျိုးအစားနှင့် ဆင်ဆင်တူသည်။ သို့သော် အဓိကကွဲလွဲချက်တစ်ချက်မှာ၊ မည်သည့်ကုန်စည်များကို မည်ရွေ့မည်မျှ ထုတ်လုပ်ရမည်ဟူသော ကုန်ထွက်ကိုသာ ဗဟိုမှ သတ်မှတ်ပေးပြီး၊ ၎င်းအတွက်လိုအပ်သော သွင်းအားစုအမျိုးအစားနှင့် အရေအတွက်ကိုမူ ကုန်ထုတ်လုပ်ငန်းများက လွတ်လပ်စွာ ရွေးချယ်အသုံးပြုခွင့်ရှိပေသည်။ ၁၉၆၇ ခုနှစ် လောက်ကစခဲ့သော ဆိုဗီယက် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများသည် ဤပုံစံဘက်သို့ ဦးတည်ပေသည်။

---

၁ Inputs (သွင်းအားစုဆိုသည်မှာ လုပ်အား၊ မြေယာ၊ အရင်းအနှီး၊ ကုန်ထုတ်ကရိယာ၊ ကုန်ကြမ်းစသော ကုန်ထုတ်လုပ်ရာ၌ ထည့်သွင်းအသုံးပြုရသည့် အရာများကို ဆိုလိုပေသည်)

၂ Output, ၃ Economic Decision.



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး တစ်မျိုးမှာလည်း တတိယပုံစံနှင့် အတော်ဆင်တူသည်။ သို့သော် ဤပုံစံတွင် ကုန်ထုတ်လုပ်ငန်း တစ်ခုစီ တစ်ခုစီ၏ ကုန်ထွက်များကိုပင် ဗဟိုမှသတ်မှတ်မပေးဘဲ ကုန်ထုတ်လုပ်ငန်းများက မိမိတို့သဘောဖြင့် သတ်မှတ်နိုင်သည်။ တစ်ခုသာ ဂရုပြုရမည်။ ၎င်းမှာ ဗဟိုမှချမှတ်ပေးသော တစ်နိုင်ငံလုံးစီးပွားရေးနှင့် အကျုံးဝင်သည့် အဆောက်အအုံဆိုင်ရာ အချိုးကြီးများ[၁] နှင့် ညီညွတ်မှုရှိအောင် ကုန်ထုတ်လုပ်ငန်းများက ကုန်ထွက်အဆင့်ကို သတ်မှတ်ရန် လိုခြင်းဖြစ်ပေသည်။ ဆိုလိုသည်မှာ တိုင်းပြည်၏ စီးပွားရေး ကဏ္ဍကြီးများအတွင်း တစ်ခုနှင့်တစ်ခု အချိတ်အဆက်ရှိအောင်၊ ညီညွတ်မှုရှိအောင် လယ်ယာကဏ္ဍမှ စုစုပေါင်း ကုန်ထွက်မည်ရွေ့မည်မျှ ထုတ်လုပ်ရမည်၊ စက်မှုကဏ္ဍမှ စုစုပေါင်းကုန်ထွက် မည်မျှထုတ်လုပ်ရမည်၊ ဆောက်လုပ်ရေးကဏ္ဍမှ စုစုပေါင်း ကုန်ထွက်မည်ရွေ့မည်မျှ ထုတ်လုပ်ရမည်စသော အဆောက်အအုံ ဆိုင်ရာအချိုးကြီးများကို ဗဟိုမှသတ်မှတ်ပေးသည်။ ကုန်ထုတ်လုပ်ငန်းအသီးသီးသည် မိမိတို့၏ ကုန်ထွက်များကို သတ်မှတ်ရာ၌ဖော်ပြပါ အချိုးကြီးများ၏ ဘောင်အတွင်းမှ လွတ်လပ်စွာသတ်မှတ်နိုင်ခြင်းဖြစ်ပေသည်။

ထို့ကြောင့် ဤပုံစံ ၄-မျိုးအနက် ပထမပုံစံမှာ ဗဟိုချုပ်ကိုင်မှုအတင်းဆုံး (ကုန်ထုတ်လုပ်သူများနှင့် စားသုံးသူများအတွက် လွတ်လပ်မှုအနည်းဆုံး) ပုံစံဖြစ်၍ နောက်ဆုံးပုံစံ (ပုံစံ-၄) မှာမူ ဗဟိုမှချုပ်ကိုင်မှုအနည်းဆုံး (ကုန်ထုတ်လုပ်သူများနှင့် စားသုံးသူများအတွက် လွတ်လပ်မှုအများဆုံး) ပုံစံဖြစ်ပေသည်။ ယူဂိုစလပ်နိုင်ငံစီးပွားရေး ပုံစံသည် ဖော်ပြပါ စတုတ္ထအမျိုးအစားတွင် ပါဝင်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်း တည်ဆောက်လိုသော ဆိုရှယ်လစ်စီးပွားရေးပုံစံသည် ဖော်ပြပါလေးမျိုးလေးစားအနက်မှ မည်သည့်အမျိုးအစားမျိုး ဖြစ်နိုင်သနည်း။ ဆန်းစစ် ကြည့်ကြပါစို့။ ဆန်းစစ်မှုပြုရာ၌ လွယ်ကူရှင်းလင်းစေရန် - အနာဂတ်မြန်မာနိုင်ငံ၏ စီးပွားရေးစနစ် ထူထောင်

၁ Over-all structural Equations





တည်ဆောက်ရေးနှင့် ပတ်သက်၍ ဗိုလ်ချုပ်၏ပြောဟောရေးသားချက်များမှ ထုတ်နုတ်ချက်များကို အစီအစဉ်အလိုက် ဦးစားပေးဖော်ပြလိုပေသည်။

"အမြတ်ရရေးအတွက် အကွပ်အထိမ်းမဲ့ ကုန်ထုတ်လုပ်မှုပေါ်အခြေခံပြီး ၎င်း၏အကျိုးတရားဖြစ်သော ဥစ္စာနေခွဲဝေဖြန့်ဖြူးမှု မညီမျှခြင်းတို့ကြောင့် အရင်းရှင်စနစ်သည် ၎င်းဖန်တီးခဲ့သော ပြဿနာများကို ၎င်းကိုယ်တိုင် ဖြေရှင်းနိုင်စွမ်းမရှိတော့ပေ။ ၎င်းအစား အရင်းရှင်တို့၏ အမြတ်ရရေးစေ့ဆော်ချက်၊ လောဘ၊ မုန်းတီးမှုနှင့် အရင်းရှင်တို့အထူးအားထားသော သိပ္ပံပညာတို့ကြောင့်၊ လူ့လူချင်း၊ လူမျိုး့လူမျိုးချင်း၊ နိုင်ငံ့နိုင်ငံချင်း စေ့စပ်မရနိုင်လောက်အောင် ကျယ်ဝန်းနက်ရှိုင်းသော ပဋိပက္ခများကိုသာ ဖြစ်ပေါ်စေခဲ့သည်။ အရင်းရှင်စနစ်၏ ပဋိပက္ခများနှင့် အကြပ်အတည်းများ နက်ရှိုင်းသည်ထက် နက်ရှိုင်းလာသည်နှင့်အမျှ အခြေအနေပို၍ ဆိုးဝါးလာကာ ရမ်းကားမှု ညစ်ပတ်မှုမျိုးစုံကို ပြုလုပ်လာသည်။ ၎င်းတို့ကိုယ်တိုင် ဖန်တီးခဲ့သော "ကုန်ပိုထုတ်လုပ်မှု"[၁] ပြဿနာကို မဖြေရှင်းနိုင်ရာမှ အရင်းရှင်တို့သည် ကုန်စည်နှင့်စက်ပစ္စည်းကရိယာများကို ဖျက်ဆီးခြင်း၊ လုပ်သားများနှင့် ပြည်တွင်းဈေးကွက်အပေါ် ခေါင်းပုံဖြတ်ခြင်းတို့ကို တိုး၍လုပ်လာခြင်း၊ နိုင်ငံခြားဈေးကွက်နှင့် ကိုလိုနီနယ်ပယ်များ မရမနေရှာဖွေခဲ့ထွင်ခြင်း စသည်တို့ကို ပြုလုပ်လာပြန်သည်။ အမြတ်များသည်ထက် များစွာရအောင် ကြိုးပမ်းရင်း လက်တွေ့တွင်အမြတ် နည်းသည်ထက် နည်းစွာရလာသောအခါ ပြည်တွင်းအရင်းရှင် အချင်းချင်းသည်၎င်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံသည် ၎င်း၊ ပြိုင်ဆိုင်မှု ပြင်းထန်လာကာ အင်အားသေးငယ်သည့် အရင်းရှင်နှင့် လုပ်ငန်းများ ပြုတ်သွားချိန်တွင် ထရပ်(စ်)[၂] ကာတယ်[၃] စသော တစ်ဦးချုပ် လက်ဝါးကြီးအုပ် အဖွဲ့ကြီးများ[၄]ကို ပြည်တွင်း၌ရော ပြည်ပ

၁ Over-production
၂ Trusts.
၃ Cartels.
၄ Monopoly



www.burmeseclassic.com

www.burmeseclassic.com



တွင်ပါ ထူထောင်ကြသည်။ ၎င်းအဖွဲ့အစည်းများပေါ်လာစေကာမူ ပြိုင်ဆိုင်မှုမှာ လျော့မသွားရုံမက၊ ဈေးကွက်သစ်နယ်မြေသစ်ရရေးအတွက် ပိုမိုပြင်းထန်စွာ ပြိုင်ဆိုင်ရာမှ အရင်းရှင်လုပ်ငန်းကြီးများသည် တစ်ခုနှင့်တစ်ခု သူ့ထက်ငါပြိုင် အနိုင်ရရေး၊ အပြုတ်ဖြုတ်ရေးကို ဦးတည်လာသည်။ ယင်းပြိုင်ဆိုင်မှုကြောင့် အရင်းနှင့်လုပ်အားကြား နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား၊ နယ်ချဲ့နိုင်ငံများနှင့် ကိုလိုနီနိုင်ငံများအကြား ကွဲပြားမှုနှင့် အားပြိုင်ရုန်းကန်မှုများ ဖြစ်ပေါ်လာကာ နောက်ဆုံးတွင် ပြည်တွင်းစစ်ဖြစ်ပေါ်လာပြီး ယင်းပြည်တွင်းစစ်မီးသည် ကမ္ဘာအနှံ့သို့ ကူးစက်လာသည်နှင့်အမျှ အရင်းရှင်စနစ်၏ အခြေခံကိုပါ ထိခိုက်လာစေတော့သည်။ ဤကား အရင်းရှင်စနစ်၏ အသက်ဝင်လှုပ်ရှားပုံကို အကြမ်းဖျဉ်းဖော်ပြခြင်းဖြစ်သည်။ ဤဥပဒေသများ၏ သဘောသဘာဝကြောင့် အဆုံးမရှိသော အကြပ်အတည်းများနှင့် စစ်ပွဲများဖြစ်ပေါ်လာရသည်။ ဤဖြစ်စဉ်သည် အရင်းရှင်စနစ်ရှိနေသရွေ့ ဖြစ်ပေါ်နေမည်ဖြစ်ပြီး ဆိုရှယ်လစ်ပုံစံသို့ အသွင်းပြောင်းနိုင်မှသာ ရပ်စဲသွားပေမည်။”[၁]

“ကျွန်တော် ကွန်မြူနစ်လားဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော့်အဖြေကတော့ နိုင်ငံတစ်နိုင်ငံထဲ နိုင်ငံခြားစနစ်တစ်ခုခုကို သွတ်သွင်းတာ ကျွန်တော်လက်မခံဘူး၊ (မယုံကြည်ဘူး) ကျွန်တော်တို့အနေနဲ့ ကမ္ဘာမှာရှိတဲ့ စနစ်အားလုံးကို လေ့လာပြီးတော့ ကျွန်တော်တို့ အခြေအနေနဲ့ အကောင်းဆုံးဖြစ်မဲ့ စနစ်ကိုသာ လက်ခံရမယ်၊ ကွန်မြူနစ်စနစ်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ ကန့်ကွက်စရာ (မကျေနပ်စရာ) ဘာပဲရှိရှိ၊ အဲဒီစနစ်ရဲ့ စီမံကိန်းချ စီးပွားရေး[၂] ကိုတော့ သဘောကျလောက်တယ်။ အဲဒါ (စီမံကိန်းချစီးပွားရေး)ကို ဂျပန်အပါအဝင် တခြားနိုင်ငံများ

၁ “Problems for Burma's Freedom”; Presi dential address delivered to the first Congress of A.F.P.F.L, Jan. 20,1946 မှ ကောက်နုတ်ဖော်ပြချက် (မူရင်း- အင်္ဂလိပ်ဘာသာကို ဤစာအုပ်ပြုစုသူ၏ ဘာသာပြန်ဖော်ပြချက်)

၂ Planned Economy.





ကတောင် အတုယူကြပါတယ်”[၁]

"Our Economic and Social Policy is to 'encourage private enterprise." One of the points of our policy in connection with currency and finance is 'raising foreign loans in the cheapest markets without the obligation of making concessions at the expense of national interests'. Again in the resolution passed at the congress on "Economic Affairs," it was stated as follows:-

[1] This congress considers that no foreign capital and companies should be allowed to operate in the commercial and industrial fields of Burma unless 75% of their capital belongs to the Burmese people with a view to bringing about the economic uplift for Burma and Burmese people from the beginning of the reconstruction on such lines as to be inkeeping with her national status.

[2] This congress considers that. just as India enjoys the right of sending Trade Commissioners to Britain and U.S.A, so also Burma should enjoy the right of sending Burmese Trade Commissioners, not below the status of Indian Trade Commissioners, to India, Britain and U.S.A. [၂]

(ကျွန်ုပ်တို့၏ စီးပွားရေးနှင့် လူမှုရေးပေါ်လီစီမှာ “ပုဂ္ဂလိကလုပ်ငန်းကို အားပေးရန်” ဖြစ်သည်။ ငွေရေးကြေးရေး ဘဏ္ဍာရေးနှင့် ပတ်

၁ "The Resistance Movement", Address Delivered at the Meeting of East and West Association held on August, 29, 1945, at the City Hall of Rangoon. မှ ကောက်နှုတ်ဖော်ပြချက်။

၂ " Critique on British Imperialism", Address delivered at the second session of the supreme council of AFPFL, on May 16, 1964.



www.burmeseclassic.com

www.burmeseclassic.com



သတ်၍ အရေးကြီးသော ကျွန်ုပ်တို့၏ပေါ်လစီတစ်ရပ်မှာ "ပြည်သူ့အကျိုးစီးပွားကို လျှော့ပေးရမည့် အပေးအယူ သို့မဟုတ် နှောင်ကြိုးမပါဘဲ အပေါ်ဆုံးသော ဈေးကွက်များမှ နိုင်ငံခြားချေးငွေတိုးမြှင့်ရရှိရေး" ပင်ဖြစ်သည်။ "စီးပွားရေးရာများ" နှင့် ပတ်သက်၍ ကွန်ဂရက်တွင် အတည်ပြုခဲ့သော ဆုံးဖြတ်ချက်တွင် -

(၁) နိုင်ငံအခြေအနေ အဆင့်အတန်းနှင့်အညီ ပြန်လည်ထူထောင်ရေး စချိန်မှစတင်ပြီး မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ စီးပွားရေးကို မြှင့်တင်ရန်ရည်သန်၍ အရင်းအနှီး၏ ၇၅ ရာခိုင်နှုန်းကို မြန်မာလူမျိုးများ မပိုင်ဆိုင်ရလျှင် မည်သည့် နိုင်ငံခြားအရင်းအနှီးနှင့် ကုမ္ပဏီများကိုမျှ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းနယ်ပယ်တို့တွင် လုပ်ကိုင်ခွင့် မပြုသင့်ဟု ဤကွန်ဂရက်မှ သဘောရပေသည်။

(၂) အိန္ဒိယနိုင်ငံအနေဖြင့် ကုန်သွယ်ရေး ကော်မရှင်နာမင်းကြီးများကို ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့ကို ပို့လွှတ်သည့်အခွင့်အရေးရခဲ့သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း အိန္ဒိယကုန်သွယ်ရေး ကော်မရှင်နာမင်းကြီး အဆင့်အတန်းထက် မနိမ့်သော မြန်မာ့ကုန်သွယ်ရေး ကော်မရှင်နာမင်းကြီးများကို အိန္ဒိယ၊ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုများတို့သို့ ပို့လွှတ်ရန် အခွင့်အရေးရသင့်ကြောင်း ဤကွန်ဂရက်မှ သဘောရပေသည်။)

"အမှန်ကတော့ ကျွန်တော်တို့ ဗမာပြည်မှာ ဆိုရှယ်လစ်စနစ်ကို ကျွန်တော်တို့ ဘယ်လောက်ပဲ ထူထောင်ချင်ပေမဲ့ အခုဗမာပြည်မှာဖြစ်နေတဲ့ စီးပွားရေးအခြေအနေအရ ဘယ်နည်းနဲ့မှ မဖြစ်နိုင်သေးဘူး၊ ကျုပ်တို့ပြည်မှာ အရင်းရှင်စနစ်ဆိုတာတောင် ကောင်းကောင်းမရှိသေးဘူး၊ အရင်းရှင်စနစ်ထက် နောက်တစ်ဆင့်ကျတဲ့ စီးပွားရေးစနစ်မှာ ကျုပ်တို့ ရောက်နေတယ်၊ ဒီတော့ ကျုပ်တို့ဟာ အရင်းရှင်စနစ်ကို မလွှဲ





မရှောင်သာလို့ ခွင့်ပြုသင့်သလောက် ခွင့်ပြုရမှာဘဲ၊ အရင်းရှင်စနစ်ကို ခွင့်ပြုထားတော့ ကိုယ်ပိုင် တစ်သီးပုဂ္ဂလပစ္စည်း၊ ကိုယ်ပိုင်လုပ်ငန်းတွေ ရှိအုံးမှာဘဲ၊ ဒါပေမယ့် ကျွန်တော်တို့ဟာ အရင်းရှင်စနစ်ကို မတတ်သာလို့ ခွင့်ပြုရပေမဲ့ တတ်နိုင်သမျှ ချုပ်ချယ်ရလိမ့်မယ်၊ ကိုယ်ပိုင်ပစ္စည်း၊ ကိုယ်ပိုင်လုပ်ငန်းတွေကို လိုတဲ့အခါအစိုးရက တိုင်းပြည်ကိုယ်စားသိမ်းနိုင်မဲ့ အခြေခံတွေ ဖွင့်ထားရလိမ့်မယ်"[၁]

"ကျွန်ုပ်တို့လိုချင်တာကတော့ (Greatest Happiness of the Greatest Number) လူအများဆုံး အကောင်းဆုံးချမ်းသာ သုခရအောင် အဲဒီလို လူအများဆုံးက ကြိုးကိုင်တဲ့ အာဏာရှင်လုပ်တဲ့ ဒီမိုကရေစီမျိုးကိုသာ လိုချင်တာဘဲ"[၂]

"မြန်မာပြည်၌ အရေးကြီးသော စက်မှုလုပ်ငန်းအရပ်ရပ်ကို ပြည်သူပိုင်လုပ်ရန် ကြံရွယ်ကြောင်း၊ ထိုသို့ပြုလုပ်မှသာ လူတို့စိတ်ကျေနပ်၍ ပျော်ရွှင်စွာနေနိုင်သော အဆင့်အတန်းကို ရရှိမည်ဟု ကျွန်ုပ်စွဲမြဲစွာ ယုံကြည်ကြောင်း၊ သို့သော် ပြည်သူပိုင်လုပ်ငန်းလုပ်ခြင်းမှာ စိတ်သဘောဖျှဖြောင့်စွာနှင့် မှန်ကန်သောအချိန်ရောက်မှ လုပ်ရမည်ဆိုသည့် အချက်ကို သိရှိကြောင်း . . . .

"ယခုအခါ၌မူ ပရောဂျက်များသည် ပြည်သူပိုင်လုပ်ငန်းနှင့်တူသလိုရှိသော်လည်း တိုင်းရင်းသားလုပ်ငန်းများကို အားပေးမည့်အစားအသေသတ်နေပုံရကြောင်း၊ ကျွန်ုပ်၏ ဝါဒမှာ အများပြည်သူအကျိုးပိုရှိလာအောင် ထိုလုပ်ငန်းများကို ပြည်သူပိုင်လုပ်ငန်းဖြစ်စေလိုကြောင်း၊ တိုင်းရင်းသားလုပ်ငန်းဌာန ပျက်စီးအောင် လုပ်ဖို့ကား၊ ကျွန်ုပ်သဘောမတူနိုင်ကြောင်း၊ တိုင်းရင်းသားလုပ်ငန်းတို့ကို အစိုးရက အခြေတည်မြဲရန်အားပေးရန်လိုသည်ဟု ကျွန်ုပ်ထင်ကြောင်း"

---

၁ ၁၉၄၇ ခု၊ မေလ ၁၉ ရက်(ဖ-ဆ-ပ-လ အမတ်များအတွက်) တိုင်းပြုပြည်ပြုပဏာမပြင်ဆင်မှုညီလာခံတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်။

၂ ၁၉၄၇ ခု၊ မေလ ၁၉ ရက်(ဖ-ဆ-ပ-လ အမတ်များအတွက်) တိုင်းပြုပြည်ပြုပဏာမပြင်ဆင်မှုညီလာခံတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်။



www.burmeseclassic.com

www.burmeseclassic.com



"ပထမအချက်သဘောကတော့ ကုန်ပစ္စည်းလုပ်ငန်း (Means of Production) များတွင် အချက်အချာဖြစ်တဲ့ သစ်တော၊ သတ္တုအစရှိတဲ့ မြေပေါ်ပစ္စည်း မြေတွင်းပစ္စည်းများ၊ ရေတွင်းရေပေါ်သက်ဆိုင်ရာများ၊ သဘာဝအား၊ လျှပ်စစ်အား၊ မီးရထား၊ လေကြောင်းသွားလာရေး၊ စာပို့တိုက်၊ သံကြိုးစကားပြောကြေးနန်း၊ အသံလွှင့်ရုံတို့ဟာ တိုင်းပြည်ရဲ့ ကိုယ်စား အစိုးရပိုင်ဖြစ်ရလိမ့်မယ်၊ တခြားပစ္စည်းလုပ်ငန်းတွေကိုလည်း တတ်နိုင်သမျှ ပြည်သူ့သမဝါယမအသင်းများက ပိုင်ဆိုင်အောင် ကြိုးစားရလိမ့်မယ်။ အစိုးရသိမ်းသမျှ ပစ္စည်းလုပ်ငန်းများကို အစိုးရကိုယ်တိုင်လုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်သေးရင် အခြားလူတွေကို ငှားရမ်းတဲ့ သဘောသာ ဖြစ်ရလိမ့်မယ်"

"နိုင်ငံခြားကုန်သန်းရောင်းဝယ်ရေးကိစ္စဆိုရင် အစိုးရအုပ်ချုပ်နိုင်အောင် စီစဉ်ရလိမ့်မယ်။ ဒီဟာတွေကို ဘာပြုလို့ အခြေခံချမလဲဆိုရင် ပြည်သူတွေအများအကျိုးရှိနိုင်ဖို့ပဲ၊ ဒီလိုမဟုတ်ယင် အရင်းရှင်တွေက ချယ်လှယ်ချင်းတိုင်း ချယ်လှယ်တဲ့ အဖြစ်မျိုးရောက်ပြီး တိုင်းသူပြည်သားတွေအပေါ် အရင်းရှင်တွေက လက်ဝါးကြီးအုပ်သွေးစုတ်နိုင်တဲ့ အခြေအနေမျိုး ရောက်သွားမယ်။ အဲဒီလိုအရင်းရှင်တွေ ကြီးစိုးရုံတွင်မက တသီးပုဂ္ဂလအရင်းရှင်ပိုင်ကုမ္ပဏီကြီးတွေ (Monopoly) တစ်ဦးတည်းပိုင်သဘောမျိုးဖြစ်သွားပြီး ဈေးနှုန်းအရပ်ရပ်နဲ့ နိုင်ငံစီးပွားရေးအရပ်ရပ်ကို သူတို့စီမံရာခံရမယ်ဆိုတဲ့ စနစ်မျိုး ရှိလာမယ်ဆိုရင် ကျွန်တော်တို့ ဒီကမ္ဘာကြီးဟာ မနေ့တစ်နေ့က အလွန်အော့နှလုံးနာပြီးရွံမုန်းစရာဖြစ်တဲ့ ဖက်ဆစ်စနစ်ကြီးဖြစ်ပေါ်လာဖို့ စီးပွားရေးအခြေခံကြီးကို ခွင့်ပြုရာကျတယ်။ ဒါကြောင့် အဲဒီလက်ဝါးကြီးအုပ် အရင်းရှင်ကုမ္ပဏီကြီးများဖြစ်တဲ့ ကာတယ်၊ ဆင်ဒီကိတ်၊ ထရပ်စ်-အစရှိတဲ့တစ်သီးပုဂ္ဂလိက ပစ္စည်းလုပ်ငန်းကြီးတွေကိုတော့ ကျုပ်တို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမှာ အတိအလင်း ပိတ်ပင်ထားရလိမ့်မယ်"

"ဗမာပြည် လွတ်လပ်ရေး ရတဲ့အခါ တိုင်းသူပြည်သားတွေသာလျှင် အဓိကလိုလားပြီး တိုင်းပြည် တည်ထောင်ချင်တယ်ဆိုရင် ဒီမို





ကရေစီစနစ်ရမှ ဖြစ်နိုင်မယ်။ ဒီမိုကရေစီ အရင်းခံဘဲ။ ဆိုရှယ်လစ်ဝါဒဆိုတာတွေဟာ စင်စစ်တော့ ဒီကနေ ဖြာထွက်သွားတာပဲ။ ဘယ်ဟာမှ ဒီမိုကရေစီ မစစ်သေးဘူး။ နိုင်ငံရေးတွင်မက စီးပွားရေးပါပါမှ ဒီမိုကရေစီစစ်နိုင်မယ်လို့ ဒီမိုကရေစီသဘောတရားတွေကို လိုက်ရှာပြီး လုပ်နေကြခြင်းသာဖြစ်တယ် . . .။

ဒီတော့ ဒီမိုကရေစီဆိုတာ ဘယ်လိုအင်္ဂါမျိုးနဲ့ ညီညွတ်ရမလဲ။ အဲဒီလို ကျပ်ပြည့်တင်းပြည့်ဒီမိုကရေစီမျိုးကို ကျုပ်တို့ဘယ်လိုတည်ဆောက်ရမလဲ။ ချက်ချင်း ဖြစ်လာမလား။ ဘယ်လောက်ကြာမလဲ။ ဘယ်နည်း အကောင်းဆုံးလဲ ဆိုတာတွေကို အခုကျုပ်တို့ တိုင်းပြည်တည်ဆောက်ရမဲ့အခါ အထူးစဉ်းစားရမဲ့ အချက်တွေဘဲ။

"နိုင်ငံရေးဟာ စီးပွားရေးအခြေခံပေါ်မှာ တည်တယ်။ နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွေကလည်း စီးပွားရေး သဘောတရားတွေနှင့် ကင်းလို့မဖြစ်နိုင်ဘူး။ အရင်းရှင်ဒီမိုကရေစီ သမားသက်သက်မျက်စေ့နဲ့ ကြည့်ပြောယင်တော့ ဒါမမှန်ဘူးလို့ ပြောရမှာဘဲ။ ဒါပေမယ့် ကမ္ဘာအရပ်ရပ်မှာရှိတဲ့ နိုင်ငံအသီးသီးဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတွေကို အတွင်းကျကျ လေ့လာရင် စီးပွားရေးသဘောတရားတွေပေါ် မူတည်ပြီး လုပ်ကြတယ်ဆိုတာ တွေ့ရလိမ့်မယ်။ အရင်းရှင်ဒီမိုကရေစီ သမားတွေအဖို့ဆိုရင် အရင်းရှင်စနစ်သာလျှင် စီးပွားရေးစနစ်မှန်ဖြစ်တယ်။ ဒီစနစ်သာလျှင် တည်တံ့ရမယ်။ အဲဒီစနစ်ဟာ အမြဲတန်းတည်တံ့သလိုလို ယူဆပြီး အလုပ်လုပ်ကြတယ်။ အမှန်မတော့ ဘယ်နိုင်ငံရေး၊ စီးပွားရေးမှာမှ အမြဲတည်တံ့တာမရှိဘူး။ သူ့အချိန်သူ့ အခြေအနေလိုက်ဖြစ်လာကြတာဘဲ။

"ဒီတော့ ကျွန်တော်တို့ဗမာပြည်အဖို့မှာ **အရင်းရှင်စနစ်ထက်တောင် အောက်ကျနောက်ကျဖြစ်နေတဲ့ ကျွန်ဘဝ** က တက်လှမ်းရမယ်ဆိုတော့ အလယ်အလတ်အဆင့်မှာရှိတဲ့ ဒီအရင်းရှင်စနစ်ကို ကျော်မသွားနိုင်သေးပေမဲ့၊ အဲဒီစနစ်တင်သာ မလုပ်နိုင်ဘဲ ဒီစနစ်ကို အမြန်ဆုံး ကျော်လွှားနိုင်မဲ့ စီးပွားရေးသဘောတရားတွေကို အခြေခံထားပြီး



www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်တည်မှသာလျှင် တကယ့်ဒီမိုကရေစီနိုင်ငံကို ရောက်အောင် သွားနိုင်လိမ့်မယ်။"

"တကယ့် ဒီမိုကရေစီဆိုတာ နိုင်ငံရေး သဘောတရားအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေကတင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်းစီးပွားရေး အဆင့်အတန်းကို အခွင့်အရေး တန်းတူရနိုင်တဲ့ အခြေအနေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့် ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်။ ဒါဖြင့် အဲဒီလို ဒီမိုကရေစီအဆင့်အတန်း ရောက်အောင် ဘယ်လိုအခြေခံတွေချမလဲ။

(၁) အရေးကြီးတဲ့ စက်မှုလက်မှုပစ္စည်းလုပ်ငန်းတွေကို အစိုးရသိမ်းနိုင်ရမယ်။ သို့မဟုတ် သိမ်းနိုင်အောင် အခြေခံပျိုးထားရမယ်။

(၂) အလုပ်သမားတွေရဲ့ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ကျန်းမာရေး၊ စည်းရုံးရေး အိုနာစာအရေးအစရှိသဖြင့် အခွင့်အရေးတွေ ရှိရမယ်။

(၃) လယ်လုပ်တဲ့ လူတွေရဲ့ လက်ထဲ လယ်ရောက်အောင် စီစဉ်နိုင်ရမယ်။ လယ်အမြောက်အများကို တစ်သီးပုဂ္ဂလိက ပိုင်ဆိုင်တဲ့စနစ်ကို ပယ်ဖျက်နိုင်ရမယ်။

(၄) လူမျိုးအသီးသီးဟာလဲ သူတို့ရထိုက်တဲ့ အခွင့်အရေးတွေ ရအောင် စီစဉ်ထားရမယ်။

(၅) တိုင်းသူပြည်သားတွေသာလျှင် အာဏာပိုင်အစစ်ဖြစ်တယ်ဆိုတဲ့ သဘောတရားကို ခိုင်ခိုင်မာမာဖြစ်အောင် စီစဉ်တတ်ရမယ်။

(၆) လူမျိုး၊ ဘာသာ၊ လိင်မရွေး တိုင်းပြည်ကြီးသားတိုင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ပါရမယ်။

(၇) တိုင်းပြည် ကာကွယ်ရေးဟာ ပြည်သူ့အစိုးရတာဝန်ဖြစ်တယ်။ အခုကျွန်ဘဝမှာလို ရှေးကလို အပျော်တမ်းရဲ့





အဖွဲ့ဆိုတဲ့ အဖွဲ့မျိုးတွေကို တစ်သီးတစ်ခြားတည်ထောင်ရတဲ့ အခြေအနေမျိုး မရှိစေရဘူး။

(၈) တိုင်းပြည် ဥပဒေတရားရုံး စနစ်ဟာလဲ ပြည်သူတွေရဲ့ အကျိုးရှေ့ရှုမဲ့ ပြည်သူ့တရားရုံးစနစ်မျိုးဖြစ်ရမယ်။

"အဲဒီလိုအချက်တွေပါမှသာလျှင် တကယ့်ဒီမိုကရေစီအခြေခံတွေချရာရောက်မယ်။ ဒါမှသာလျှင် သူ့အချိန်အခါရောက်တဲ့အခါ ဒီမိုကရေစီဆိုတဲ့ အဆောက်အအုံကို မားမားမတ်မတ် တည်ဆောက်နိုင်မယ်. . ."[၁]

"လယ်ယာမြေပိုင်ဆိုင်မှုကိစ္စမှာလည်း လယ်ယာမြေလုပ်တဲ့ လူတွေ လယ်ယာမြေရအောင် အခြေခံတွေ ချရလိမ့်မယ်။ လယ်မြေဧကအမြောက်အများပိုင်တဲ့ လယ်ရှင်ကြီးစနစ်ကိုတော့ ဥပဒေအရ ကန့်သတ်ချုပ်ချယ် ဖျက်ပယ်ပစ်ရလိမ့်မယ်။ နောက်ပြီး ဘယ်လိုကိုယ်ပိုင်လယ်ယာမြေမျိုးဖြစ်ဖြစ်၊ ဘယ်နှစ်ဧကထက်မပိုစေရ၊ အစရှိသည်အားဖြင့် ဥပဒေအရ ကန့်သတ်ရလိမ့်မယ်။ ဒီလိုမှမလုပ်ရင် လယ်ပိုင်ရှင်စနစ်ကြီးဟာ ရှိနေတာကို မဖျက်နိုင်ရုံတင်မဟုတ်ဘူး၊ ပြန်ဖြစ်အောင် လုပ်တာဖြစ်လိမ့်မယ်။ လယ်ယာမြေများကို အမှန်အားဖြင့်ဆိုရင် နောက်ဆုံးတိုင်းပြည်ပိုင် (အစိုးရပိုင်၊ သမဝါယမအဖွဲ့ပိုင်) လုပ်နိုင်ရင် ကောင်းမှာဘဲ။ သို့သော်လည်း အဲဒီဟာမလုပ်မီ လယ်ယာမြေလုပ်သူတိုင်း မြေလက်ရှိရအောင် လုပ်နိုင်ရမယ်။ ဒီအခါမျိုးမှာ အစိုးရက အလယ်လတ်တန်းနှင့် အောက်တန်းကျတဲ့ တောင်သူလယ်သမားတွေကို တတ်နိုင်သမျှကူညီရလိမ့်မယ်။ အဲဒီလို စီးပွားရေး အခြေခံတရားတွေကို ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမှာ ထည့်ဖို့လိုလိမ့်မယ် . . ."[၂]

"ဒီတော့ ကျွန်တော်တို့ တိုင်းပြည်ကို ပြန်လည်ထူထောင်ကြမယ်

---

၁ ဖ-ဆ-ပ-လ ပဏာမ ပြင်ဆင်မှုညီလာခံတွင် ၁၉၄၇ ခု၊ မေလ ၁၉ ရက်နေ့၌ မိန့်ကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်။

၂ ဖ-ဆ-ပ-လ ပဏာမ ပြင်ဆင်မှုညီလာခံတွင် ၁၉၄၇ ခု၊ မေလ ၁၉ ရက်နေ့၌ မိန့်ကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ရှိရင်လဲ နေရှင်နယ်ပလင်နင်း[၁] ခေါ်တဲ့ အဲဒီစီမံကိန်းမျိုးတွေနဲ့ မလုပ်ဘဲနဲ့ ဘယ်နည်းနဲ့မှ ကျွန်တော်တို့တိုင်းပြည်ဟာ မကြီးပွားနိုင်ဘူး"[၂]

အပြည့်အစုံမဟုတ်စေကာမူ ဖော်ပြပါကောက်နုတ်ချက်များကို အသေအချာ သုံးသပ်ကြည့်လျှင်ပင် ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းသော အနာဂတ်မြန်မာနိုင်ငံအတွက် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မည့် ပုံစံအဆင့်ဆင့်နှင့် နောက်ဆုံးတည်ထောင်လိုသော ဆိုရှယ်လစ်စီးပွားရေးပုံစံကို ခန့်မှန်းကြည့်နိုင်လိမ့်မည်ဟု မျှော်လင့်ပေသည်။

ထိုသို့ ခန့်မှန်းကြည့်ရာ၌ ယခုလက်ရှိသမိုင်းကြောင်းအရ တိုးတက်ဖြစ်ပေါ်နေသည့် နိုင်ငံရေး လူမှုရေးအခြေအနေ အဆင့်အတန်းများနှင့် မသုံးသပ်ဘဲ မြန်မာနိုင်ငံ လွတ်လပ်ရေး မရမီဗိုလ်ချုပ်အောင်ဆန်း အသက်ရှိနေစဉ်က တည်တံ့နေခဲ့သည့် အခြေအနေ အဆင့်အတန်းကိုသာ မြင်ယောင်ကာ ယင်းအခြေအနေအဆင့်အတန်းများနှင့်သာ နှိုင်းယှဉ်သုံးသပ်ရန် လိုပေမည်။ ဤအချက်သည် များစွာအရေးကြီးသဖြင့် ရှေ့ဆက်ဖော်ပြမည့် အချက်များကို ဗိုလ်ချုပ် အသက်ထင်ရှားရှိစဉ် ဖြစ်ပေါ်တိုးတက်နေသော အခြေအနေ အဆင့်အတန်းများဖြင့်သာ လေ့လာရန် အကြံပြုလိုပေသည်။

ဗိုလ်ချုပ်၏ဟောပြောရေးသားခဲ့သည့် (ဖော်ပြပါ) ကောက်နုတ်ချက်များမှ သုံးသပ်ရလျှင် ဆိုရှယ်လစ် စီးပွားရေးစနစ်သို့ အဆင့် ၂-ဆင့်ဖြစ် ချီတက်မည်ဖြစ်သည်။

ပထမအဆင့်မှာ ဆိုရှယ်လစ်စနစ်ထူထောင်ရန် လိုအပ်သော အခြေအနေများကို ပြင်ဆင်ထူထောင် ဖန်တီးသည့်အဆင့် သို့မဟုတ် ယခုခေတ်အခေါ်အားဖြင့် အသွင်ကူးပြောင်းရေးအဆင့်ဖြစ်သည်။

ဒုတိယအဆင့်မှာ ဆိုရှယ်လစ်စနစ်ထူထောင်သော အဆင့်ဖြစ်ပေသည်။

---

၁ National Planning

၂ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် မြို့တော်ခန်းမကြီး၌ ကျင်းပခဲ့သည့် ပြည်သူ့အစည်းအဝေးမိန့်ခွန်းမှ ကောက်နုတ်ချက်။ (ဤမိန့်ခွန်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံး မိန့်ခွန်းဖြစ်သည်)





ပထမအဆင့်တွင် နိုင်ငံစီးပွားရေးပုံစံသည် "ရောထွေးစီးပွားရေး"[၁] ပုံစံမျိုးဖြစ်ပေါ်ပေမည်။ ယေဘုယျအားဖြင့် ရောထွေးစီးပွားရေးဆိုသည်မှာ နိုင်ငံအခြေအနေအရပုဂ္ဂလိကလက်ထဲ လွှဲအပ်ထားရန် မဖြစ်နိုင်သော လုပ်ငန်းကြီးများနှင့် ကဏ္ဍများ (ဥပမာ- ကာကွယ်ရေး၊ လေကြောင်း၊ မီးရထားသယ်ယူပို့ဆောင်ရေး၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းစသည်)ကို နိုင်ငံအစိုးရကတိုက်ရိုက်ချုပ်ကိုင်ပြီး ကျန်သည့် ကုန်ထုတ်လုပ်ငန်းကြီးများနှင့် စီးပွားရေးကဏ္ဍများကို ပုဂ္ဂလိကလက်ထဲသို့ လွှဲအပ်လုပ်ကိုင်စေခြင်းဖြင့် ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ ရောထွေးယှဉ်ပြိုင်လုပ်ကိုင်သော စီးပွားရေးဟု ဆိုနိုင်ပေသည်။ ဤစီးပွားရေးမျိုးတွင် ပုဂ္ဂလိကကဏ္ဍသည် ပြည်သူပိုင်ကကဏ္ဍထက် အင်အားကြီးတတ်ပေသည်။ လယ်ယာကကဏ္ဍတစ်ခုလုံးနှင့် အခြားကုန်ထုတ်လုပ်ငန်းများစွာတို့သည် ပုဂ္ဂလိကလက်ထဲရှိနေရုံမက၊ နိုင်ငံစီးပွားရေး ရင်းနှီးမြှုပ်နှံမှုအများစုလည်း ပုဂ္ဂလိကဇစ်မြစ်မှပင် ရယူရလေသည်။ နိုင်ငံအစိုးရသည် ဘတ်ဂျက်ပေါ်လစီဖြင့်ဖြစ်စေ၊ ဥပဒေဖြင့်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့် နိုင်ငံစီးပွားရေးကို ချုပ်ကိုင်ကာ လိုအပ်သလို ထိမ်းကွပ်ဦးဆောင်သွားပေသည်။ ယင်းပေါ်လစီများသည် ဆိုရှယ်လစ်စီးပွားရေးစနစ်သို့ ဦးတည်လျှင် နိုင်ငံပိုင်ကဏ္ဍကို တဖြည်းဖြည်း တရွေ့ရွေ့ကြီးထွားလာအောင် စီးပွားရေး၏သော့ချက်ကျသော ကုန်ထုတ်လုပ်ငန်းကြီးများကို တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်မျိုးပြီးတစ်မျိုး ပြည်သူပိုင်အဖြစ်သို့ ရောက်ရှိစေသည်။

ယင်းအဆင့်၌ လယ်ယာသည် ပုဂ္ဂလိကလက်ထဲရှိနေစေကာမူ လယ်ယာမြေအဆောက်အအုံကို လိုအပ်သော ပုံစံအခြေအနေသို့ ရောက်ရန် လယ်ယာမြေပြုပြင်ပြောင်းလဲရေးများကို ပြုလုပ်ကြသည်။ ဆိုရှယ်လစ်လယ်ယာအဖြစ် အသွင်ပြောင်းရာတွင် လွယ်ကူအောင် လယ်ယာမြေပိုင်ဆိုင်မှုကို ကန့်သတ်ခြင်း၊ သီးစားခကို ပြုပြင်ခြင်း၊ လယ်

---

၁ Mixed Economy.



www.burmeseclassic.com

www.burmeseclassic.com



ယာကို ပြုပြင်ဖွဲ့စည်းခြင်း၊ လယ်ယာကုန်ထုတ်လုပ်မှုချောမွေ့ရေးအတွက် အကူအညီပေးခြင်းစသည့် လယ်ယာမြေပြုပြင်ရေး ဆိုင်ရာ ဥပဒေများနှင့် လုပ်ရပ်များကို ပြဋ္ဌာန်းလုပ်ကိုင်လေ့ ရှိပေသည်။

အချုပ်အားဖြင့် ဤအဆင့်တွင် စီးပွားရေးတည်ငြိမ်အောင်၊ နဂိုအခြေအနေရောက်အောင် ကြိုးစားဆောင်ရွက်ရင်း ဆိုရှယ်လစ် စီးပွားရေးတည်ဆောက်မှုအတွက် လိုအပ်သော ပြင်ဆင်မှုများကို ပြုလုပ်ရသောအဆင့်ဖြစ်ပေသည်။ သို့သော် ဤအဆင့်တွင် ဈေးကွက်အင်အား (ပုဂ္ဂလိက အရင်းရှင်အင်အား) သည်နိုင်ငံပိုင်နှင့် သဝါယမအင်အားထက် သာလွန်ကြီးမားနေမည်ဖြစ်ပေသည်။ အကြောင်းမှာ ကုန်ထုတ်အရင်းအနှီးအများစုကို ပုဂ္ဂလိက အရင်းရှင် အလယ်အလတ်နှင့် အကြီးစား၊ အသေးစားအားလုံးက ပိုင်ဆိုင်မှုသည် အစိုးရပိုင်ဆိုင်မှုထက် များသောကြောင့် ဖြစ်သည်။ ယခုလက်ရှိ အိန္ဒိယနိုင်ငံ စီးပွားရေးနှင့် အာရပ်နိုင်ငံအချို့၏ စီးပွားရေးသည် ဤပုံစံနှင့်အကြမ်းဖျင်း တူညီသည်ဟု ဆို နိုင်ပေသည်။ မြန်မာနိုင်ငံအဖို့လည်း လွတ်လပ်ရေးရပြီး နောက်ပိုင်း ဗိုလ်ချုပ်အောင်ဆန်း၏ မျှော်မှန်းချက်အရဆိုလျှင် ဖော်ပြခဲ့သည့် ရောထွေးစီးပွားရေး စနစ်မျိုးသာ ပထမအဆင့်အနေဖြင့် ဖြစ်ပေါ်နေမည်ဟု ဆိုနိုင်ပေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဟောကြားရေးသားချက်များမှ ကောက်နှုတ်ချက်များကို ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီးဖြစ်သဖြင့် အဆိုပါ ခန့်မှန်းချက်အတွက်သာမက ထပ်မံတင်ပြရန် လိုမည်မထင်ပါ။

ဒုတိယအဆင့်တွင်မူ ဆိုရှယ်လစ် စနစ်တည်ဆောက်မည့် အဆင့် ဖြစ်ပေသည်။ ယင်းအဆင့်တွင် နိုင်ငံအတွက် အရေးကြီးသော ထုတ်ကုန်လုပ်ငန်းများ၊ ကဏ္ဍများနှင့် စက်ရုံအလုပ်ရုံအများစု (လယ်ယာကဏ္ဍမှ အချို့အဝက်၊ စက်မှုလုပ်ငန်းကြီးများ၊ ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပမ်းဆက်သွယ်ရေး၊ စာပို့နှင့်ကြေးနန်း၊ နိုင်ငံခြားကုန်သွယ်ရေး ပြည်တွင်းလက်ကားကုန်သွယ်ရေးနှင့် ကုန်ထုတ်လုပ်ငန်းကြီးများ) ကို ပြည်သူပိုင် ပြုလုပ်မည်မှာ မလွဲပေ။

၎င်းပြည်သူပိုင်ကဏ္ဍသည် အင်အားအကြီးဆုံးဖြစ်၍ နိုင်ငံစီးပွား





ရေးကို ရှေ့ဆောင်မည်ဟု ခန့်မှန်းနိုင်သည်။ ကျန်သည့် ကုန်ထုတ်လုပ်ငန်း အလယ်အလတ်နှင့် အသေးစားများ၊ လယ်ယာလုပ်ငန်းအတော်များများနှင့် ပြည်တွင်း လက်လီကုန်သွယ်ရေးနှင့် ဆောင်ရွက်မှု လုပ်ငန်းများ စသည်တို့မှာမူ သမဝါယမနှင့် ပုဂ္ဂလိက လက်ထဲရှိနေပေမည်။ ထို့ကြောင့် ပိုင်ဆိုင်မှုပုံသဏ္ဌာန် သုံးမျိုးအနက် အစီအစဉ်အတိုင်း အရေးပါလာ၍ နိုင်ငံစီးပွားရေးသည် ဆိုရှယ်လစ် စီးပွားရေးရုပ်လုံး ပီပြင်လာပေမည်။

နိုင်ငံကုန်ထုတ်လုပ်မှု တစ်ခုလုံးကို စီမံကိန်းဖြင့် အကောင်အထည်ဖော်မည်ဖြစ်ပေရာ၊ ဗဟိုချုပ်ကိုင်မှုလည်း ပါဝင်လာပေမည်။ သို့သော် ယင်းဗဟိုချုပ်ကိုင်မှုသည် တင်းကြပ်လွန်းသော ဗဟိုချုပ်ကိုင်မှုမျိုးထက် လျော့ရဲသော ဗဟိုချုပ်ကိုင်မှုမျိုး ဖြစ်မည်ဟု ခန့်မှန်းရပေသည်။ အကြောင်းမှာ "လူအများစုက ချမ်းသာသုခ အများဆုံးရရှိရေး" ဟူသော ဗိုလ်ချုပ်၏ မျှော်မှန်းချက်သည်လည်းကောင်း၊ "ကုန်ထုတ်လုပ်မှုမှာ အသင့်အတင့်ထွက်ရှိမှုရအောင် စီမံသင့်သည်" ဟူသော အဆိုပြုချက်သည်လည်းကောင်း "တင်းကြပ်လွန်းသော၊ လျော့ရဲလွန်းသော အစီအစဉ်မျိုးမဖြစ်သင့်ဘဲ မည်သည့်လူမှုရေး၊ စီးပွားရေးလုပ်ငန်းမျိုးတွင်မဆို မိမိ၏ အခြေအနေ အကြောင်းအရပ်ရပ်ကို သုံးသပ်၍ အလုပ်လုပ်ဖြစ်သော အစီစဉ်မျိုးဖြင့် လုပ်ကိုင်သွားသင့်သည်" ဟူသော အကြံပေးလမ်းညွှန်ချက်သည်လည်းကောင်း၊ ဗဟိုချုပ်ကိုင်မှု ရှိစေကာမူ တင်းကြပ်လွန်းသော ဗဟိုချုပ်ကိုင်မှုထက် အနည်းငယ်လျော့ရဲသော ဗဟိုချုပ်ကိုင်မှုမျိုး ဖြစ်ရန်များကြောင်း သာဓကပင် ဖြစ်ပေသည်။

စားသုံးသူတို့သည် စားသုံးမှုတွင် လွတ်လပ်စွာ ရွေးချယ်စားသုံးခွင့် လူပုဂ္ဂိုလ်တို့သည် အလုပ်အကိုင် ရွေးချယ်လုပ်ကိုင်ခွင့်နှင့် ကုန်ထုတ်လုပ်မှုများသည် ဗဟိုမှ ချမှတ်ပေးသော ကုန်ထွက်ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် သွင်းအားစုများကို လွတ်လပ်စွာ ရွေးချယ်အသုံးပြုခွင့် ရှိမည်ဟူသော သဘောကို ဆိုလိုပေသည်။

တစ်နည်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဆိုရှယ်လစ် စီးပွား



www.burmeseclassic.com

www.burmeseclassic.com



ရေး တည်ဆောက်မှုပုံစံသည် ဤဆောင်းပါးအစပိုင်းတွင် ဖော်ပြခဲ့သော ပုံစံလေးမျိုးအနက် ပထမအဆင့်တွင် စတုတ္ထပုံစံမျိုးဖြင့် အစပြုကာ ဒုတိယအဆင့်တွင် တတိယပုံစံမျိုး ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ရပေသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဆိုရှယ်လစ်စီးပွားရေးပုံစံသည် ဆိုဗီယက်ပြည်ထောင်စု၏ ပုံစံနှင့်လည်းကောင်း၊ ပြည်သူ့ တရုတ်ပြည်၏ ပုံစံနှင့်လည်းကောင်း၊ မတူဘဲ ယူဂိုစလပ် စီးပွားရေးပုံစံမျိုးဖြစ်ရန် အလားအလာ များပေသည်။ ဤသို့ဆိုခြင်းကြောင့် ယူဂိုစလပ်စီးပွားရေး ပုံစံကို ပုံတူကူးချပြီး ယူဂိုစလပ်နည်းအတိုင်း ဆိုလိုခြင်းမဟုတ်၊ ယူဂိုစလပ်နှင့် မြန်မာသည် ကွဲပြားခြားနားချက် များစွာရှိပေသည်။ ထို့ကြောင့် ယူဂိုစလပ်၏ပုံစံကို ပုံတူကူးချရန်လည်းကောင်း၊ ၎င်းတို့လုပ်နည်းအတိုင်း လိုက်လုပ်ရန်လည်းကောင်း၊ မဖြစ်နိုင်ပေ။ ယူဂိုစလပ်ပုံစံဟုဆိုရာတွင် ယူဂိုစလပ်နိုင်ငံတွင် အကောင်အထည် ဖော်နေသော ဗဟိုချုပ်ကိုင်မှုကို လျော့ချဆောင်ရွက်သည့် စီမံကိန်းပုံစံ[၁] ကို မြန်မာနိုင်ငံ အခြေအနေနှင့် ကိုက်ညီအောင် သုံးသပ် အသုံးချမည်ဖြစ်ကြောင်းကို ဆိုလိုခြင်း ဖြစ်ပေသည်။

ဤအခြေအနေမှ တစ်ဆင့်တက်၍ ပိုမိုတင်းကြပ်သော အဆင့်သို့မဟုတ် လျော့ရဲသော ဗဟိုချုပ်ကိုင်မှုအဆင့်မှ အနည်းငယ်ပိုမိုတင်းကြပ်သော အဆင့်သို့ တက်လှမ်းမည်၊ မလှမ်းမည်ကိုမူ ခန့်မှန်းကြည့်ရန် မလွယ်ကူလှပေ။ အကြောင်းမှာ ၎င်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်၏ဟောပြောရေးသားချက်များတွင် မတွေ့ရသောကြောင့် ဖြစ်သည်။ ဗိုလ်ချုပ်အသက်ရှိစဉ်က မြန်မာနိုင်ငံ လွတ်လပ်ရေးမရသေးသဖြင့် တင်ကြိုပြောရန် အချိန်စောနေသေး၍လည်းကောင်း၊ သို့မဟုတ်အရင်းရှင်လူတန်းစားမှလွဲ၍ အခြားလူတန်းစားပေါင်းစုံ၏ ဒီမိုကရေစီအခွင့်အရေးရရှိခံစားနိုင်ရေးကို ဗိုလ်ချုပ်အမြဲအလေးထားသူဖြစ်သဖြင့် လျော့ရဲသော ဗဟိုချုပ်ကိုင်မှု ပုံစံလောက်နှင့်ပင် ကျေနပ်၍ လည်းကောင်း၊ ၎င်းနှင့်

၁ Decentralized Planning Model.





ပတ်သက်၍မပြောခဲ့ခြင်းလောဟု တွေးစရာ ရှိပေသည်။ မည်သို့ပင်ဖြစ်စေကာမူ တင်းကြပ်လွန်းသော ဗဟိုချုပ်ကိုင်မှုစနစ်[၁] အထိ တက်လှမ်းရန် ရည်ရွယ်ချက် ဗိုလ်ချုပ်အောင်ဆန်းတွင် မရှိကြောင်းကိုမူ သူ၏ မိန့်ခွန်း အတော်များများအရ ထင်ရှားစွာ သိသာနိုင်ပေသည်။

●

၁ Complete Centralization.



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်း၏ အနာဂတ်မြန်မာနိုင်ငံ စီးပွားရေးပုံစံ၏ အခြေခံရာ ဇစ်မြစ် (သို့မဟုတ်) မြန်မာ့လူ့ဘောင် တိုးတက်ဖြစ်ပေါ်မှုအပေါ် ဗိုလ်ချုပ်အောင်ဆန်း၏ သုံးသပ်ချက်

မည်သည့်နိုင်ငံရေး ခေါင်းဆောင်မဆို သူတည်ဆောက်လိုသော နိုင်ငံစီးပွားရေးပုံစံသည် မိမိနိုင်ငံ၏ အတိတ်နှင့် ပစ္စုပ္ပန်လူ့ဘောင်တိုးတက်ဖြစ်ပေါ်မှုအပေါ် သုံးသပ်ဝေဖန် ခံယူချက်အပေါ်တွင် အခြေခံသည် ချည်းဖြစ်ပေသည်။ ဤကား ယထာဘူတလည်းကျပေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ တည်ဆောက်လိုသော အနာဂါတ်မြန်မာနိုင်ငံ၏ စီးပွားရေး ပုံစံကို သုံးသပ်ဖော်ပြခဲ့ပြီးဖြစ်သည်။ ယင်းပုံစံသည်လည်း မြန်မာ့လူ့ဘောင်တိုးတက်ဖြစ်ပေါ်မှုအပေါ် ဗိုလ်ချုပ်၏သုံးသပ်ဝေဖန် ခံယူချက်မှ အခြေခံသည်ဟုဆိုရပေမည်။

မြန်မာနိုင်ငံတွင် တစ်စုံတစ်ရာကာလနှင့် အတိုင်းအတာ အထိ အရင်းရှင်စနစ်ကို ခွင့်ပြုပြီး ပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ်ကို အားပေးရမည် ဟူသော ဗိုလ်ချုပ်၏ အယူအဆ၊ ၎င်းအဆင့်ကျော်လျှင် ပုဂ္ဂလိက၊ သမဝါယမနှင့် ပြည်သူပိုင်ဟူသော သုံးချောင်းထောက် စီးပွားရေးမျိုးသို့ တက်လှမ်းရမည်ဟူသော အယူအဆနှင့် ၎င်းမှတစ်ဆင့် နောက်ဆုံးတွင်





လျှော့ရဲသော ဇဟိုဦးစီးစနစ်နှင့် စီမံကိန်းစနစ်ဖြင့် သမဝါယမ၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိက အနည်းအကျဉ်းယှဉ်တွဲ အကောင်အထည် ဖော်ရမည် ဟူသော အယူအဆ စသည်တို့အားလုံးသည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ အတိတ်နှင့်ပစ္စုပ္ပန်သမိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအပေါ် ဝေဖန်သုံးသပ်မှုမှာ အခြေခံသက်ဆင်းလာကြောင်းကို တွေ့ရမည် ဖြစ်ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းက ဗြိတိသျှတို့ မြန်မာနိုင်ငံကို မသိမ်းပိုက်မီ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ကံကျွေးချစနစ်ကို အောက်ပါအတိုင်း ဝေဖန်သုံးသပ်ရှုမြင်ခဲ့ပေသည်။

"ဗြိတိသျှနယ်ချဲ့ဝါဒ မြန်မာနိုင်ငံသို့ မရောက်ခဲ့မီ မြန်မာနိုင်ငံတွင် မြေရှင်ပဒေသရာဇ် စနစ်ထွန်းကား တည်တံ့ခဲ့သည်။ ဘုရင်သည် အာဏာ၏ အထွတ်အထိပ် သက်ဦးစံပိုင်ဖြစ်၍၊ ရေမြေနှင့် တိုင်းသူပြည်သားအားလုံး၏ အသက်ကိုပါ ပိုင်ဆိုင်သည်။ မြေရှင် ပဒေသရာဇ်စနစ်ဖြစ်သည်နှင့်အညီ ယင်းစနစ်၏ စီးပွားရေးမှာ လယ်ယာစီးပွားရေးသာ ဖြစ်သည်။ မြေယာစီးပွားရေး ဖြစ်သည်က တစ်ကြောင်း၊ ပြည်တွင်းစစ်များမကြာခဏဖြစ်နေသည်က တစ်ကြောင်း၊ ထိုစဉ်က လူဦးရေနည်းပါးပြီး မြေယာပေါများလှသည်နှင့်အညီ၊ မြေမဲ့ယာမဲ့ဟူ၍ မရှိခဲ့ပေ။

ယေဘုယျအားဖြင့် ဓါးမဦးချ၊ ဘိုးဘွားပိုင် အရာတော်ဟူ၍ မြေပိုင်ဆိုင်မှု သုံးမျိုးရှိခဲ့သည်။ ထိုစဉ်က မြေရှင်ပဒေသရာဇ်စနစ်မှာ (အခြားနိုင်ငံ စနစ်များကဲ့သို့) တင်းကြပ်လွန်းခြင်းမရှိဘဲ မိမိ၏ ကြိုးစားမှုကြောင့်ဖြစ်စေ၊ ဘုရင်က ခန့်အပ်ထား၍ဖြစ်စေ၊ မြေရှင်ပဒေသရာဇ်အဝန်းအဝိုင်း အလွှာထဲသို့ ဝင်လာနိုင်ပေသည်။ ဘုန်းကြီးကျောင်းများတွင် လူတိုင်းအခမဲ့ပညာသင်ကြားနိုင်သကဲ့သို့ ပညာထူးချွန်၍ ဉာဏ်ပညာရှိသူတိုင်း (မျိုးနွယ်မရွေးထဲမှ) မြေရှင် ပဒေသရာဇ် အုပ်ချုပ်ရေးထဲတွင် ကြီးမားသော ရာထူးရာခံများကို မျှော်မှန်းနိုင်သည်။ ထို့ကြောင့် မြန်မာ့မြေရှင်ပဒေသရာဇ်စနစ်၏ စီးပွားရေးခွဲခြားမှုမှာ အခြားနိုင်ငံများကဲ့သို့ မပြင်းထန် မတင်းကြပ်ပေ။

ဗုဒ္ဓဝါဒ၏ ဩဇာသည် လူတိုင်းအပေါ် လွှမ်းမိုးနေခြင်း၊ လူတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မြေပိုင်ခြင်း၊ ကျားမ မဟူ လူတိုင်းအခမဲ့ ပညာသင်နိုင်ခြင်း၊ လယ်ယာ စီးပွားရေးနှင့် ကျေးလက်ဘဝတွင် ပူးပေါင်းဆောင်ရွက်မှု အခြေခံရှိခြင်း၊ မိမိ၏ လင်ယောက်ျား၊ မိသားစုနှင့်အတူ မိန်းမများသည် လွတ်လပ်စွာ အိမ်ပြင်ထွက်၍ အလုပ်လုပ်နိုင်ခြင်း။ ပြည်တွင်းရောပြည်ပပါ ကြီးကျယ်စွာ ကူးသန်းရောင်းဝယ်မှု မရှိခဲ့ခြင်းတို့ကြောင့် ကုန်သွယ်သူ လူတန်းစားဟူ၍ ပြောပလောက်အောင် မပေါ်ပေါက်ခဲ့ခြင်း၊ ခရီးလမ်းပမ်း ဆက်သွယ်ရေးခက်ခဲမှုတို့ကြောင့် ဗဟိုမှချုပ်ကိုင်မှုသည် မတင်းလွန်းမလျှော့လွန်းသော အလယ်အလတ်လောက်ရှိခြင်း စသော အကြောင်းအချက်များကြောင့် မြန်မာမြေရှင် ပဒေသရာဇ်စနစ်သည် ကမ္ဘာ့အခြား မည်သည့်နိုင်ငံရှိ မြေရှင်ပဒေသရာဇ်စနစ်နှင့်မှမတူဘဲ အဆင့်အတန်းမြင့်သည်ဟု ဆိုချင်ပါသည်။

"ဤသို့ကောင်းသော လက္ခဏာများရှိသကဲ့သို့ မြန်မာ့မြေရှင်ပဒေသရာဇ်စနစ်တွင် ဆိုးဝါးသောအချက်များလည်း ရှိပေသည်။ မြေရှင်များအဖို့ မိမိစိုးပိုင်ရသော နယ်ပယ်တွင် အကြွင်းမဲ့ သက်ဦးဆံပိုင်သည့် အာဏာရှိခြင်း၊ လူတစ်ယောက်၏ အသက်တစ်ချောင်းကို တန်ဖိုးသိပ်မထားခြင်း၊ ပြစ်မှုအတွက် ပြစ်ဒဏ်များမှာ ပြင်းထန်ကြီးလေးလွန်းခြင်း၊ အပြစ်တစ်ခုခုကို ကျူးလွန်မှုအတွက် ကာယကံရှင်ကိုသာမက ၎င်း၏ မိသားစုနှင့်ဆွေမျိုးများကိုပါ အပြစ်ပေးဒဏ်ခတ်ခြင်း (အကြွေးမကြေလျှင် ကျွန်ခံရသော) ကြွေးကျွန်နှင့် ဘုရားကျွန် လူတန်းစားဟူ၍ရှိပြီး ၎င်းတို့အား လူ့အသိုင်းအဝိုင်းမှာ မထားခြင်း စသော အချက်တို့မှာ မြန်မာ့မြေရှင်ပဒေသရာဇ်စနစ်၏ ဆိုးဝါးသောအချက်များဖြစ်ပေသည်။

"သို့သော် မြန်မာ့မြေရှင် ပဒေသရာဇ်စနစ်တွင် လူတန်းစားတစ်ရပ်က အခြားလူတန်းစား တစ်ရပ်အပေါ် ခေါင်းပုံဖြတ်မှု ကြီးကြီးကျယ်ကျယ် မရှိခဲ့ခြင်း၊ သို့မဟုတ် ခေါင်းပုံဖြတ်မှုသိပ်အမြစ်မတွယ်ခဲ့ခြင်း၊ စာမတတ်သူမရှိခဲ့ခြင်း၊ အမျိုးသမီးများ လွတ်လပ်မှုအပြည့်အဝရှိခြင်း၊ မြေရှင်စီးပွားရေးတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ကိုယ့်ဝမ်းစာကိုယ်ဖူလုံခြင်း စသော ကြွန်အင်လက္ခဏာများမှာမူ အခြားနိုင်ငံများ၌ ဖြစ်ပေါ်ထွန်းကား





ခဲ့သော မြေရှင်ပဒေသရာဇ်စနစ်များနှင့် နှိုင်းယှဉ်လျှင် လွန်စွာတိုးတက်သည့် လက္ခဏာများဖြစ်သည်ဟု ဆိုရပေမည်"[၁]

ဤသို့ မြန်မာ့အတိတ် လူနေမှုစနစ်အပေါ် အကြမ်းဖျင်းသုံးသပ်ပြီး ဗိုလ်ချုပ်အောင်ဆန်းက ဗြိတိသျှတို့ သွတ်သွင်းခဲ့သော နယ်ချဲ့အရင်းရှင်စနစ်ကြောင့် မြန်မာ့လူနေမှုစနစ် ပြောင်းလဲလာပုံကို ဆက်လက်၍ အောက်ပါအတိုင်း သုံးသပ်တင်ပြခဲ့သည်။

"ဗြိတိသျှတို့ ရောက်လာသောအခါ သာလွန်ကောင်းမွန်သော စီးပွားရေးနှင့် လူမှုရေးစနစ်ကို အစားမထိုးဘဲ မြန်မာ့ကံကျေးချစနစ်၏ ကောင်းသော တိုးတက်သော ကြွန်အင်လက္ခဏာများကိုပါ ဖျက်ဆီးပစ်ခဲ့သည်။ ထို့ကြောင့် မြစ်ကမ်းတစ်လျှောက်နှင့် သတ္တုတူးဖော်လုပ်ကိုင်ရေးဆိုင်ရာ ခရိုင်များတွင် မြို့ကြီးပြကြီးများ၊ လမ်းပမ်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဆိုင်ရာ လမ်းဆုံလမ်းခွများတွင် ကုန်ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့် အုပ်ချုပ်ရေးဒေသကြီးများ ပေါ်ပေါက်ထွန်းကားလာခြင်းနှင့်အတူ မြို့ကြီးများတွင် ခေတ်သစ်ကုန်သည်နှင့် စက်မှုစီးပွားရေး[၂] ပေါ်ပေါက်ဖြစ်ထွန်းလာခဲ့စေကာမူ ဗြိတိသျှနယ်ချဲ့စနစ်သည် တောကျေးလက်ဒေသများနှင့် ရှမ်းပြည်နယ်တို့တွင်မူ မြေရှင်ပဒေသရာဇ်စနစ်၏ ကုန်လုပ်ဆက်ဆံရေးကို ဆက်လက်တည်တံ့အောင် ထိမ်းသိမ်းထားခဲ့ရုံမက ပို၍ပင် ဆိုးရွားသော ခေါင်းပုံဖြတ်မှုများကို အစားထိုးပေးခဲ့ပေသည်။ ဆင်းရဲသားပြည်သူများနှင့် တောင်တန်းသားများအပေါ် ကျကျနန ခေါင်းပုံဖြတ်နိုင်ရန်အတွက် ဗြိတိသျှနယ်ချဲ့စနစ်သည် တောင်သူလယ်သမားများအား ခေတ်သစ်ပညာရေးစနစ်ကို အစားမထိုးဘဲ ရှိနှင့်ပြီးဖြစ်သည့် သာတူညီမျှ အခမဲ့ပညာရေးစနစ်ကိုပင် ဖျက်ဆီးပစ်ခဲ့ခြင်းဖြင့် ဆင်းရဲသားတောင်သူလယ်သမားများနှင့် တောင်

---

၁ "The Resistance Movement" Address delivered at the meeting of East and West association held on Aug. 29, 1945, at the City Hall os Rangoon, မှ ကောက်နုတ် ဘာသာပြန်ဖော်ပြချက်။

၂ Modern merchant and industrial economy.



www.burmeseclassic.com

www.burmeseclassic.com



တန်းသားများအား စိတ်ခါတ်ရေးရာပိုင်းအနေဖြင့် မြေရှင်ပဒေသရာဇ်စနစ်တွင်သာ ထားပစ်ခဲ့သည်။

"ဗြိတိသျှနယ်ချဲ့ဝါဒသည် ရှမ်းပြည်နယ်မှ စော်ဘွားများနှင့် ကျေးလက်ဒေသမှ သူကြီးစနစ်ကဲ့သို့သော မြေရှင်အုပ်ချုပ်ရေးစနစ်ကို ဖျက်ပစ်ရမည့်အစား နယ်ချဲ့ဗြူရိုကရေစီယန္တရားအတွက် အခွန်ကောက်ခံပေးရန်နှင့် နယ်ချဲ့အုပ်ချုပ်ရေး ခိုင်မြဲအောင် ကူညီမည့်ကိုယ်စားလှယ်(အေးဂျင့်)များအဖြစ် ၎င်းတို့ကို ဆက်လက်ထားရှိခဲ့သည်။

"၁၈၆၉ ခုနှစ်တွင် စူးအက်တူးမြောင်း ဖွင့်လှစ်မှုနှင့်အတူ ကမ္ဘာတစ်လွှားသို့ ဆန်စပါးတင်ပို့ ရောင်းချနိုင်ရေးအတွက် ဗြိတိသျှကုန်သွယ်အရင်းနှင့် ဘဏ်အရင်းအနှီးတို့ပေါင်းကာ လယ်ယာကို ကုန်သွယ်ရေးနှင့် စက်မှုလယ်ယာဖြစ်လာစေရန် ကြိုးပမ်းခဲ့သည်။ ဤသို့ဖြင့် မြန်မာ့လယ်ယာသည် ခေတ်အဆက်ဆက်တည်တံ့နေခဲ့သော ဝမ်းစာဖူလုံရေးလယ်ယာ[၁] မှ အမြတ်အတွက် အဓိကထားစိုက်ပျိုးသည့် ကူးသန်းရောင်းဝယ်ရေး လယ်ယာ[၂] သို့မဟုတ် အရင်းရှင်လယ်ယာ[၃] အဖြစ်သို့ ပထမဆုံးအကြိမ် ပြောင်းလဲလာခဲ့သည်။

ဤကဲ့သို့ အရင်းရှင်လယ်ယာ ဖြစ်အောင်ကြိုးပမ်းပြောင်းလဲစေခဲ့ခြင်းကြောင့် လယ်ယာတွင် ယခင်က ရှိခဲ့သော စုပေါင်းလုပ်ကိုင်ရေးစနစ်(အခြေခံ)ပျက်ပြားခဲ့ပြီး ပြိုင်ဆိုင်သော ဓလေ့ပေါ်ပေါက်လာခဲ့သည်။ တစ်ချိန်တည်းတွင် ဗြိတိသျှနယ်ချဲ့ဝါဒက ဘဏ်များ၊ ကုန်သည်များ၊ ပွဲစားများနှင့် အတိုးကြီးစားများ(ချစ်တီးများ)စသည်တို့ကို မြန်မာနိုင်ငံတွင်းသို့ သွတ်သွင်းခဲ့ခြင်းဖြင့် တောင်သူလယ်သမားတို့၏ အခြေခံမဏ္ဍိုင်ကို ပျက်ယွင်းစေကာ လယ်ယာသည် ဗြိတိသျှတို့၏ ဘဏ္ဍာအရင်းရှင်နှင့် ကုန်သွယ်အရင်းရှင်တို့၏ ကျေးကျွန်ဖြစ်လာခဲ့သည်။

ထိုအချိန်မှစ၍ မြန်မာ့လယ်ယာသည် ကမ္ဘာ့အရင်းရှင်စနစ်ဖွံ့ဖြိုးမှုလမ်းကြောင်းတွင် ဖြစ်ပေါ်ခဲ့သမျှ အတက်အကျ အကြပ်အတည်း

၁ Subsistence farming

၂ Commercial farming

၃ Capitalist farming





ဒဏ်အားလုံးကို ခံခဲ့ရတော့သည်။ တစ်ချိန်တည်းတွင် ဗြိတိသျှစက်မှုအရင်း[၁] ၏ ရလာဒ်ဖြစ်သော ကုန်ချောများ၏ ပြိုင်ဆိုင်မှုကြောင့် ကျေးလက်အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းငယ်ကလေးများလည်း ပျက်ပြားခဲ့ရသည်။ ထို့ကြောင့် တောင်သူလယ်သမားများနှင့် ၎င်းတို့၏စီးပွားရေးဘဝသည် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝအင်အားစုများ(ဘဏ်တိုက်ကြီးများ၊ ကုန်သည်ကြီးများ၊ အတိုး၏ သွေးစုတ်နှိပ်စက်မှုဒဏ်ကို အဆက်မပြတ် ခံခဲ့ရပေသည်။

ခေတ်သစ်အရင်းရှင်စနစ်က ထိုးဖောက်ဝင်ရောက်လာခြင်း၊ လူခွန်၊ သဿမေဓခွန်စသည့် မြေရှင်ပဒေသရာဇ်စနစ်၏ အခွန်ဒဏ်များတွင် နောက်ထပ်အမျိုးမျိုးသော အခွန်ဝန်ထုပ် ဝန်ပိုးများကိုထမ်းရခြင်းစသည်တို့ကြောင့် တောင်သူလယ်သမားတို့၏ လူနေမှုစရိတ်များမြင့်တက်လာသည်။ ယင်းအခြေအနေတွင် မြေငှားခအမျိုးမျိုးနှင့် မြင့်မားသော အတိုးနှုန်းများကြောင့် အတိုးအရင်းပေါင်းကာ ထပ်တိုးပွားများလာသော အခွန်ဝန်ထုပ်ဝန်ပိုးများကို ထမ်းရခြင်း စသည်တို့ကြောင့် တောင်သူလယ်သမားတို့၏ လူနေမှုစရိတ်များ မြင့်လာသည်။ ယင်းအခြေအနေတွင် မြေငှားခအမျိုးမျိုးနှင့် မြင့်မားသော အတိုးနှုန်းများကြောင့် အတိုးအရင်းပေါင်းကာ ထပ်တိုးပွားများလာသော ကြွေးမြီးများကြောင့် တောင်သူလယ်သမားတို့၏ အခြေအနေမှာ ပိုမိုဆိုးဝါးလာခဲ့ပေသည်။

နောက်ဆုံးတွင် လယ်ယာမြေများကို ကြွေးရှင်များ (အတိုးကြီးစားများ၊ ကုန်သည်ပွဲစားများ၊ အရာရှိအရာခံများ) သို့ ထိုးအပ်ခဲ့ရာမှ အဝေးနေ မြေပိုင်ရှင်လူတန်းစား[၂] ပေါ်ပေါက်လာမှုနှင့်အတူ တောင်သူလယ်သမားအများစုမှာ လယ်မဲ့မြေမဲ့ဘဝသို့ သက်ဆင်းခဲ့ရသည်။ ယင်းမြေမဲ့လယ်မဲ့ တောင်သူများထဲမှအချို့မှာ မြို့ပေါ်တက်ရင်း အရင်းရှင်တို့၏ကုန်သွယ်၊ ကုန်ထုတ်လုပ်ငန်းများသို့ဝင်လာရာမှ အရင်းအနှီး၏ ကျေးကျွန် မြို့နေပစ္စည်းမဲ့အလုပ်သမား လူတန်းစားဟူ၍လည်း

၁ Industrial capital

၂ Absentee land-owners.



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာပြန်သည်။ အဝေးနေမြေရှင်တို့မှာ မြေသီးစားများထံမှ မြေခွန်ရရေးလောက်သာ စိတ်ဝင်စားပြီး တောင်သူလယ်သမားများကို နည်းမျိုးစုံဖြင့် ခေါင်းပုံဖြတ်သကဲ့သို့ မြို့ပေါ်မှ လုပ်ငန်းရှင်ကုန်သည် အရင်းရှင်များကလည်း လုပ်သားများ၏ နိမ့်ကျဆိုးဝါးလှသော အလုပ်ခွင်အခြေအနေကို လည်းကောင်း၊ သူတို့၏ နေထိုင်မှုအဆင့်အတန်းကို လည်းကောင်း လုံးဝ လျစ်လျူရှုကာ လုပ်ခကိုလည်း အနိမ့်ဆုံးပေးခြင်းဖြင့် ခေါင်းပုံဖြတ်သွေးစုတ်ခဲ့ကြသည်။ မြေရှင်ပဒေသရာဇ်စနစ်ကဲ့သို့ လူတစ်ဦး၏အသက်ကို မပိုင်၍ အကြောင်းမဲ့ မသတ်နိုင်သည်မှလွဲပြီး ဗြိတိသျှနယ်ချဲ့အရင်းရှင်စနစ်တွင်မူ မိမိတို့အလိုကျ တရားဥပဒေ၊ တရားရုံးနှင့် လက်နက်ကိုင်ပုလိပ်နှင့် အခြားအုပ်ချုပ်ရေးအဖွဲ့များ အကူအညီဖြင့် ဆင်းရဲသားပြည်သူများအပေါ် ချယ်လှယ်ချင် တိုင်းချယ်လှယ် သွေးစုတ်ချင်တိုင်း သွေးစုတ်ခွင့် ရနေခဲ့ပေသည်။

"အချုပ်အားဖြင့် ယခင်က သက်ဦးဆံပိုင်စနစ်က ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်ခဲ့သည့်နေရာတွင် ယခုအခါ စီးပွားရေးအာဏာက တန်းတူ ရက်စက်ကြမ်းကြုတ်စွာ မင်းမူအုပ်ချုပ်ခဲ့တော့သည်။ နယ်ချဲ့ဗျူရိုကရေစီယန္တရားသည် တောင်သူလယ်သမားများအား ရေကြီးခြင်း၊ ငတ်မွတ် ခေါင်းပါးခြင်း၊ မိုးခေါင်ခြင်း၊ ဈေးနှုန်းတိုင်းကျခြင်း၊ ကုန်သည်နှင့် ဘဏ်အရင်းရှင်တို့က လယ်ယာသီးနှံအပေါ် ထင်သလို ဈေးကစားခြင်း၊ သီးစားခ မတရားယူခြင်း၊ အတိုးယူခြင်း၊ အစိုးရအမှုထမ်းအရာထမ်းတို့က ဆင်းရဲသားများအပေါ် မတရားအနိုင်ကျင့်ခြင်းစသော ဘေးအန္တရာယ်အပေါင်းမှ ကာကွယ်ရမည့်အစား ဘဏ်များ၊ လုပ်ငန်းများ၊ ငွေရှင်ကြေးရှင် အရင်းရှင်များနှင့် လက်ဝေခံများ၏ အကျိုးစီးပွားကိုသာ ကာကွယ်ခဲ့ပေသည်။"[၁]

ဖော်ပြပါအချက်များသည် မြန်မာ့မြေရှင် ပဒေသရာဇ်စနစ်ဖြစ်ပေါ်ခဲ့ပုံနှင့် ဗြိတိသျှနယ်ချဲ့ဝါဒ ဝင်ရောက်လာရာမှ မည်သို့မည်ပုံ ပြောင်းလဲလာပုံ၊ ယင်းတို့၏ ဆိုးကျိုးများ စသည်တို့နှင့် ပတ်သက်၍ ဗိုလ်ချုပ်

၁ The Resistance Movement. op.cit.





အောင်ဆန်း၏သုံးသပ်ချက်များထဲမှ အတိုချုံး၍ အကြမ်းဖျင်းထုတ်နုတ်ဖော်ပြချက်များဖြစ်ပေသည်။ ဤအချက်များသည် ယခုခေတ်ကာလအမြင်နှင့်ဆိုလျှင် (လွတ်လပ်ရေးရပြီးနောက်ပိုင်း ဗြိတိသျှခေတ်နှင့် ပတ်သက်၍ လေ့လာမှုများ၊ သုတေသနပြုမှုများ၊ စာအုပ်စာတမ်းများ မြောက်များစွာ ပေါ်ပေါက်ဖတ်ရှုခဲ့ရပြီး ဖြစ်သောကြောင့်) အသစ်အဆန်းနှင့် ထူးခြားချက်မပါဟု ဆိုနိုင်စေကာမူ ဗြိတိသျှအတွေး၊ ဗြိတိသျှအမြင်၊ ဗြိတိသျှအယူအဆ လွှမ်းမိုးကာ မြန်မာလူမျိုးနှင့် မြန်မာ့လူနေမှုစနစ်အပေါ် ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်မှု လွန်စွာနည်းပါးခဲ့ရသည့် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကာလ အနေဖြင့်မူ ထူးခြားသောဆန်းသစ်သော တော်လှန်ရေးကျသောအမြင်များ၊ သုံးသပ်ချက်များ ဖြစ်ပေသည်။

ဤသုံးသပ်ချက်များသည် လွတ်လပ်ရေး ရလာမည့် မြန်မာနိုင်ငံ၏ အနာဂါတ်ရည်မှန်းချက် ပန်းတိုင်နှင့် ပတ်သက်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့် ပေါ်လစီရေးရာကိစ္စများကို မျှော်မှန်းစဉ်းစားရာတွင် ဗိုလ်ချုပ်အပေါ်များစွာ အကျိုးသက်ရောက်ခဲ့သည်ဟု ဆိုရပေမည်။ တစ်နည်းအားဖြင့် လွတ်လပ်ရေးရလာသည့်အခါ ဗိုလ်ချုပ်ထူထောင်လိုသည့် မြန်မာနိုင်ငံတော်ပုံစံသည် ဤဖော်ပြပါသုံးသပ်ချက်မှ ဆက်လက်ထွက်ပေါ်လာသည်ဟု ဆိုရပေမည်။

အကြောင်းမှာ အစဉ်အလာအားဖြင့် မြန်မာတို့တွင် စုပေါင်းလုပ်ကိုင်သည့် အလေ့အထရှိခဲ့ခြင်း၊ သာတူညီမျှအခမဲ့ ပညာရေးစနစ်ရှိခဲ့ခြင်း၊ စီးပွားရေးတွင် ခွဲခြားမှုမရှိခြင်း စသော သုံးသပ်မှုများက အနာဂါတ်မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရန်လည်းကောင်း၊ သမဝါယမစနစ်ကို အကောင်အထည်ဖော်ရန် လည်းကောင်း၊ ကိုယ်ထူကိုယ်ထကိုယ့်အားကိုယ်ကိုး လုပ်ကိုင်ရန်ကိုလည်းကောင်း ဆန္ဒရှိခဲ့ခြင်း၊ လမ်းညွှန်ခဲ့ခြင်း ဖြစ်ဟန်တူပေသည်။ အလားတူပင် ဗြိတိသျှနယ်ချဲ့ဝါဒနှင့်အတူ အရင်းရှင်စနစ် မြန်မာနိုင်ငံသို့ ရောက်လာစေကာမူ ကုန်ထုတ်အရင်းရှင်၊ စက်မှု အရင်းရှင် စသည်တို့နှင့် နှိုင်းယှဉ်လျှင် ကုန်သည်အရင်းရှင်၊ ကုန်သွယ် အရင်းရှင်သာ အများဆုံးဖြစ်ပေါ်ခဲ့သည်ဟူသော



www.burmeseclassic.com

www.burmeseclassic.com



သုံးသပ်မှုက လွတ်လပ်လာမည့် မြန်မာနိုင်ငံအဖို့ ဆိုရှယ်လစ်စနစ်ကို ချက်ချင်း ထူထောင်ရမည့်အစား အရင်းရှင်စနစ်ကို တစ်စုံတစ်ရာ အတိုင်းအတာအထိ ကြီးထွားခွင့်ပေးပြီးမှ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းရမည် ဟူသော အယူအဆကို ဖော်ထုတ်ခဲ့ခြင်းဖြစ်နိုင်ပေသည်။

အရင်းရှင်စနစ်မဖွံ့ဖြိုး မတိုးတက်သေးဘဲ ဆိုရှယ်လစ်စနစ်ကို တည် ဆောက်ရန်မဖြစ်နိုင်ဟု ဗိုလ်ချုပ်အောင်ဆန်း ယုံကြည်ခဲ့သည်မှာ ရှေ့က ဖော်ပြခဲ့သည့် ဆောင်းပါးပါ ဗိုလ်ချုပ်၏ ပြောကြားရေးသားချက်များအရ ထင်ရှားပေသည်။ ဤယုံကြည်ချက်ကြောင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဒုတိယနည်းဖြစ်သော အရင်းရှင်စီးပွားရေး ဘောင်အတွင်းမှ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းတည်ဆောက်ရမည်၊ သို့မဟုတ် အရင်းရှင်စနစ် ဖြစ်ပေါ်ကျော်လွန်ပြီးမှ ဆိုရှယ်လစ်စနစ် တည်ဆောက်ရမည် ဟူသော အယူအဆကို ယုံကြည်ရွေးချယ်ခဲ့ခြင်းဖြစ်ပေသည်။

ဤသို့ရွေးချယ်ရခြင်းမှာ "လူအများဆုံး ချမ်းသာသုခအများဆုံး" ရစေလိုခြင်း၊ အင်္ဂလိပ်လူမျိုးများနှင့် အင်္ဂလန်နိုင်ငံ၏ လုပ်ရပ်စည်းကမ်းနည်းလမ်းများကို အားကျခြင်း၊ သူအသက်ရှင်နေစဉ်အထိ ဆိုရှယ်လစ်နိုင်ငံများ၏ တော်လှန်ရေးအောင်မြင်မှုကို သဘောကျပြီး၊ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို သီအိုရီအရ နှစ်ခြိုက်စေကာမူ၊ လက်တွေ့တွင် ဆိုရှယ်လစ်နိုင်ငံတို့၏ အောင်မြင်မှုမှာ အထွတ်အထိပ်မရောက်သေး၊ အဆင့်အတန်းမမြင့်သေး၍ လက်တွေ့လိုက်နာရလောက်အောင် အားကျစရာဖြစ်မလာသေးခြင်း စသည့်အကြောင်းများကြောင့် ဖြစ်နိုင်ပေသည်။

ဖော်ပြပါသုံးသပ်ချက်များနှင့် ၎င်းမှဆက်၍ ခြုံယူကောက်နုတ်ညွှန်းဆိုသော ဗိုလ်ချုပ်အောင်ဆန်း၏ ခန့်မှန်းလမ်းညွှန်ချက်တို့သည် မမှိုင်ဒွန် ကျစေကာမူ ဆိုရှယ်လစ် စီးပွားရေးတည်ဆောက်မှုအတွက် မပြည့်စုံဟုဆိုရပေမည်။ တနည်းအားဖြင့် ဗိုလ်ချုပ်သည် မိမိအသက်ရှင်စဉ် ခေတ်ကာလအထိ အခြေအနေကို ယထာဘူတကျကျ သုံးသပ်မိခဲ့စေကာမူ၊ အနာဂတ်ကာလကို မျှော်မှန်းကြည့်ရာ၌ မမြင်နိုင်စွမ်းခဲ့သော





အချက်များရှိခဲ့သည်ဟု ဆိုရပေမည်။ ဒုတိယကမ္ဘာစစ်ကြီးပြီး နောက်ပိုင်းတွင် ပြောင်းလဲတိုးတက်လာသော ဆိုရှယ်လစ်တော်လှန်ရေး သဘောတရားများအရ ဆိုရှယ်လစ်စနစ်တည်ဆောက်ရန်မှာ အဆင့်ကြီးလေးဆင့် (သမိုင်းဦးအဆင့်၊ ကျေးကျွန်စနစ်အဆင့်၊ မြေရှင်စနစ်အဆင့်၊ အရင်းရှင်စနစ်အဆင့်)တို့ကို တစ်ဆင့်ပြီးတစ်ဆင့် ပုံမှန်ကျော်လွှားပြီးမှ ဖြစ်နိုင်သည်မဟုတ်၊ အဆင့်တစ်ဆင့်ဆင့်ကို ဖြတ်ကျော်ပြီးလည်း တည်ဆောက်နိုင်သောသာဓကများ ရှိပေသည်။ (မြန်မာနိုင်ငံနှင့် အနီးကပ်ဆုံးသော သာဓကမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံပင် ဖြစ်လေသည်။ ဤသို့ ဆိုခြင်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ အခြေအနေတူသည်ဟု ဆိုခြင်းမဟုတ်ပါ။ အဆင့်ကျော်၍ ဆိုရှယ်လစ်နိုင်ငံထူထောင်နိုင်ကြောင်း သာဓကပြလိုရင်းသာ ဖြစ်ပေသည်။)

အလားတူပင် မြန်မာ့မြေရှင် ပဒေသရာဇ်စနစ်တွင် ရှိခဲ့သော တောင်သူလယ်သမားတို့၏ စုပေါင်းလုပ်ကိုင်မှု အခြေခံကြောင့် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် သမဝါယမစနစ်ကို လွယ်ကူစွာ အကောင်အထည်ဖော်နိုင်မည်ဟု တွေးခြင်းမှာလည်း ဆန္ဒစောသော အတွေးတစ်ခုသာ ဖြစ်နေမည်ဟု ဆိုနိုင်ပေသည်။ အကြောင်းမှာ ယခင်ကရှိခဲ့သော မြန်မာ့ မြေရှင်ပဒေသရာဇ်စနစ်၏ စုပေါင်းလုပ်ကိုင်မှုအခြေခံသည် ထိုခေတ်ထိုအခါက ရှိခဲ့သည့် အခြေအနေအရ နိမ့်ကျသော အဆင့်သာဖြစ်သည်။ ကုန်ထုတ်စွမ်းအားစုအဆင့်များ လွန်စွာ နိမ့်ကျနေချိန်၊ နည်းပညာများ လွန်စွာခေတ်နောက်ကျနေချိန်၊ လမ်းပမ်းဆက်သွယ်ရေး ခက်ခဲ၍ ကုန်ဖလှယ်မှု မရှိခဲ့ချိန် အစရှိသည့်အခြေအနေတို့တွင် လူ့အဖွဲ့အစည်းဆိုင်ရာ ကိစ္စအများစုမှာ တစ်ယောက်အားဖြင့် လုပ်၍ရနိုင်မည် မဟုတ်ဘဲ စုပေါင်း၍သာ လုပ်ကိုင်ရမည် ဖြစ်ပေသည်။

စုပေါင်းမလုပ်၍ မဖြစ်သော အခြေအနေတွင် ရှိနေပေသည်။ သို့သော် လွတ်လပ်ရေး ရပြီးနောက် မြန်မာနိုင်ငံ၏ အခြေအနေမှာ ပြောင်းလဲခဲ့ချေပြီ။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ မသိမ်းပိုက်ဘဲ မြန်မာဘုရင်စနစ်သာ ဆက်လက်တည်တံ့နေခဲ့သည်ဟု ယူဆလျှင်ပင် ကုန်



www.burmeseclassic.com

www.burmeseclassic.com



ဘောင်ခေတ် နောက်ပိုင်းလောက်ကတည်းက မြန်မာ့မြေရှင်ပဒေသရာဇ်စနစ်တွင် တိုးတက်သော အင်အားစုများ ပေါ်ပေါက်နေခဲ့ကာ အရင်းရှင်တစ်ပိုင်း မြေရှင်တစ်ပိုင်း ကုန်လုပ်ဆက်ဆံရေးအခြေအနေအတွက် ရောင်ခြည်များ သန်းနေပေပြီ။ မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝသို့ မရောက်ဘဲ မြန်မာဘုရင်စနစ်သာ ဆက်ရှိစေကာမူ မြန်မာ့မြေရှင်စနစ်သည် ၁၉-ရာစုတွင် ပြောင်းလဲနေသော ကမ္ဘာ့အခြေအနေအရ မလွဲမသွေပြောင်းလဲရမည်သာ ဖြစ်သည်။ အနှေးအမြန်နှင့် အနုအရင့်သာ ကွာမည်။ အရင်းရှင်စနစ် မလွဲမသွေ ဖြစ်ပေါ်ရမည်ကိုမူ ကမ္ဘာ့သမိုင်းဖြစ်ပေါ်တိုးတက်မှုအရရော၊ မြန်မာ့သမိုင်းဖြစ်ပေါ် တိုးတက်မှုအရပါ ထင်ရှားပေသည်။ အရင်းရှင်စနစ်သာ ဖြစ်ပေါ်ခဲ့လျှင် (မည်သည့်အသွင်ဖြင့် ဖြစ်ပေါ်စေကာမူ) ကုန်ထုတ်စွမ်းအားစုများ တိုးတက်လာမည်သာ ဖြစ်သည်။ ကုန်လုပ် ဆက်ဆံရေးသည်လည်း ပြောင်းလဲလာမည်သာ ဖြစ်သည်။ ဖလှယ်မှုမရှိသော (သို့မဟုတ်နည်းသော) ဝမ်းစာဖူလုံရေး စီးပွားရေးစနစ်မှ အမြတ်ကို ရှေးရှုသော ဈေးကွက်စီးပွားရေးစနစ်သို့ အနှေးနှင့်အမြန် မလွဲမသွေ ရောက်ရမည်သာ ဖြစ်ပေသည်။ ယင်းအခြေအနေတွင် စုပေါင်းလုပ်ကိုင်သော အလေ့အထသည် မလွဲမသွေ ပျက်ပြားရမည်သာဖြစ်သည်။ လုံးဝမပျက်ပြားစေကာမူ လျော့ပါးလာရမည်ဖြစ်သည်။

ယင်းစုပေါင်းလုပ်ကိုင်မှုနေရာတွင် ဝိသမအရင်းက ဝင်လာရမည် ဖြစ်ပေသည်။ ဗြိတိသျှတို့ ဖန်တီးခဲ့သော လက်ဝါးကြီးအုပ်အရင်းမျိုး မဟုတ်စေကာမူ အရင်းရှင်ပေါက်စ၊ ကုန်သည်ပေါက်စ၊ ငွေရှင်ပေါက်စစသော ပေါင်းစုံသည့် အရင်းရှင်ငယ်ကလေးများ အလျှိုအလျှိုပေါ်ပေါက်ကာ ယင်းတို့၏ပြိုင်ဆိုင်မှုကို တောသူတောင်သားလယ်သမားများ မြို့ပေါ်မှ လက်လုပ်လက်စား အလုပ်သမားများနှင့် အိမ်တွင်းလက်မှုလုပ်ငန်းကလေးများက ခံရမည်သာဖြစ်သည်။ ပုဂ္ဂလိက ပိုင်ဆိုင်မှုနှင့် အမြတ်အပေါ် အခြေခံသော ပြိုင်ဆိုင်သည့် ဈေးကွက်စီးပွားရေးကို တစ်စုံတစ်ရာကာလနှင့် အတိုင်းအတာအထိ အခြေခိုင်ခွင့်၊ ထူ





ထောင်ခွင့် ပေးပြီးမှ ဗိုလ်ချုပ်လိုချင်သော ခေါင်းပုံဖြတ်မှုကင်းသည့် သမဝါယမစနစ်မျိုးကို ထူထောင်နိုင်မည်လောဟူ၍ သံသယဝင်နိုင်ပေသည်။ အရင်းရှင်သမဝါယမမျိုးသာ ဖြစ်ပေါ်ရန်အခွင့်အလမ်းများသည်ဟု ကောက်ချက်ချနိုင်ပေသည်။

အင်္ဂလိပ်တို့သာ မသိမ်းခဲ့လျှင် ဖြစ်ပေါ်လာမည့် မြန်မာ့လူ့ဘောင်တိုးတက်ဖြစ်ပေါ်ရေးကို သုံးသပ်ရာ၌ ဗိုလ်ချုပ်အဖို့ အကောင်းဘက်သို့သာ အလေးသာသွားသည်ဟု ဆိုနိုင်ပေသည်။ ဆိုလိုသည်မှာ အင်္ဂလိပ်တို့သာ မသိမ်းပိုက်ခဲ့လျှင် မြန်မာ့မြေရှင်စနစ်သည် အရင်းရှင်စနစ်ကို ချော်မွေးဖွားနေရာပေးပြီး တစ်ဖန်အရင်းရှင်စနစ်က မြန်မာနိုင်ငံတွင် ဆိုရှယ်လစ်စနစ်အတွက် သမိုင်း၏ဖြစ်စဉ်သဘောအရ လျှောလျှောရှုရှုပင် နေရာပေးလိမ့်မည်ဟု ချင့်တွက်ခဲ့ဟန်တူပေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးတည်ဆောက်မှုပုံစံကို ခြုံ၍ သုံးသပ်ကြည့်လျှင် အရင်းရှင်စနစ် ဘောင်အတွင်းမှ ဆိုရှယ်လစ်စနစ်ကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်၍ ထူထောင်သွားရေး ပုံစံကိုတွေ့ရမည်ဖြစ်သည်။ ယင်းပုံစံသည် "တော်လှန်ရေးကျသော ဆိုရှယ်လစ်အမြင်[1]" နှင့်ကြည့်လျှင် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးတွင် တော်လှန်ရေးသမားတစ်ယောက်ဖြစ်သော်လည်း စီးပွားရေးတွင်မူ တော်လှန်ရေးသမားတစ်ဦးထက် ပြုပြင်ရေးသမား[2] တစ်ဦး သို့မဟုတ် စီးပွားရေးလွတ်လပ်ခွင့်ဝါဒ[3] ကို ရှေ့နေလိုက်သူ အင်္ဂလိပ်ဆိုရှယ်လစ်များနှင့် ခပ်ဆင်ဆင်တူသူတစ်ဦးဟု မှတ်ချက်ချနိုင်ပေသည်။ အကြောင်းမှာ တော်လှန်ရေးကျသော ဆိုရှယ်လစ်အမြင်အရ အရင်းရှင်ဘောင်အတွင်းမှ တစ်ဆင့်ပြီးတစ်ဆင့် ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး အယူအဆကို လက်မခံဘဲ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်ရန်မှာ အရင်းရှင်စနစ်ကို (ဆိုရှယ်လစ်တော်လှန်ရေးနည်းဖြင့်) လုံးဝဖြိုဖျက်ပြီး

---

၁ Revolutionary Socialist Outlook

၂ Reformist

၃ Economic Liberalism



www.burmeseclassic.com

www.burmeseclassic.com



မှ ဆိုရှယ်လစ်အခြေခံ၊ ဆိုရှယ်လစ်ဥပဒေ၊ ဆိုရှယ်လစ်နည်းလမ်းများဖြင့်သာ တည်ဆောက်ရမည်ဟု ခံယူပေသည်။ ဗိုလ်ချုပ်အောင်ဆန်းကမူ ဆိုရှယ်လစ်တော်လှန်ရေးကို နိုင်ငံရေးအဆင့်တွင်သာ အဓိကထားပြီး စီးပွားရေးတွင်မူ တော်လှန်ရေးထက် အရင်းရှင်စီးပွားရေးဘောင်အတွင်းမှ ဆိုရှယ်လစ်စီးပွားရေးစနစ်သို့ ပြုပြင်ပြောင်းလဲချီတက်ရေးဖြစ်နေသဖြင့် စီးပွားရေးတွင် တော်လှန်ရေးဖြစ်စဉ်[၁] ထက် တစ်ဖြေးဖြေးပြောင်းလဲယူရေးဖြစ်စဉ်[၂] သို့ ဦးတည်နေသည်ဟု ယူဆနိုင်သောကြောင့်ဖြစ်ပေသည်။

မည်သို့ပင် ဖြစ်စေကာမူ လွတ်လပ်ရေးသည်ပထမ၊ ထူထောင်ရေးသည် ဒုတိယဖြစ်နေသော ဗိုလ်ချုပ်၏ ခေတ်ကာလနှင့်ကြည့်လျှင်မူ နိုင်ငံလွတ်လပ်ရေးအတွက် အဓိကထား၍ နိုင်ငံရေးအမြင်၊ နိုင်ငံရေးရှုဒေါင့်မှ ကြည့်လျှင်မူ ဗိုလ်ချုပ်အောင်ဆန်း၏ သုံးသပ်ချက်မှာ ယထာဘူတကျသည်ဟု ဆိုရမည်သာ ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တရားသေဝါဒသမား တစ်ယောက်မဟုတ်ခဲ့ကြောင်း သူ၏ရေးသားချက် ပြောကြားချက်များကို ဖတ်ဖူးသူတိုင်း၊ ကြားဖူးသူတိုင်း အသိပင်ဖြစ်ပေသည်။ သူသည် ငယ်တုံးရွယ်တုံးအင်နှင့်အားနှင့် အလုပ်လုပ်ရန် အရွယ်ကောင်းတုန်းကျဆုံးခဲ့ရသောကြောင့် သူ၏စီးပွားရေး အယူအဆကို အကဲဖြတ်ရာ၌ အဆုံးစွန်ကောက်ချက်ချခြင်းမှာ မမှန်ကန်နိုင်ဟု ယူဆမိပေသည်။ အကြောင်းမှာ လွတ်လပ်ရေးအတွက်သာ စိတ်စောနေသော လူငယ်ဗိုလ်ချုပ်အဖို့ ငယ်ရွယ်သူတို့၏ ဓမ္မတာအတိုင်း ရည်မှန်းချက်မြင့်မားပြီး၊ အားမလို အားမရ ဆန္ဒစောနေစေကာမူ အကယ်၍သာ အသေမစောဘဲ အသက်ရှင်နေခဲ့လျှင် ဖြစ်ပေါ်ပြောင်းလဲ တိုးတက်လာသော ကမ္ဘာ့အခြေအနေ၊ မြန်မာ့အခြေအနေများနှင့်အတူ အသက်အရွယ်အလိုက် တိုးတက်မှု၊ အမြော်အမြင်ကြီးမားလာမှု၊ ရင့်ကျက်မှုတို့နှင့် လက်တွေ့အတွေ့အကြုံများအရပါ ထိုထက်မှန်ကန်သော၊ ထိုထက် လက်တွေ့ကျသော၊

၁ Revolutionary process
၂ Evolutionary process





ထိုထက် ပြည့်စုံသော အတွေးအခေါ်အယူအဆများ ရှိလာမည်ဟု ယုံမှားသံသယရှိစရာမလိုပေ။

မြန်မာ့လူ့ဘောင် တိုးတက်ဖြစ်ပေါ်မှု အပေါ် ဗိုလ်ချုပ်အောင်ဆန်း၏ သုံးသပ်ချက်မှာ မပြည့်စုံဟု ဆိုနိုင်စေကာမူ တန်ဖိုးမဖြတ်နိုင်သော အဓိကအခြေခံ အချက်ကြီးများ ပါဝင်ကြောင်းမည်သူမျှ ငြင်းနိုင်မည်မဟုတ်ပေ။ ၎င်းသုံးသပ်ဖော်ထုတ်ပေးခဲ့သော ယင်းအခြေခံအချက်ကြီးများသည် နောက်ပိုင်း မြန်မာ့နိုင်ငံရေးနှင့် စီးပွားရေး ခေါင်းဆောင်တို့အတွက် ဆက်လက်ခြေရာခံသုံးသပ်ရန်၊ ဆက်လက် လေ့လာရန်၊ ပေါ်လီစီရေးရာကိစ္စများကို စဉ်းစားဆုံးဖြတ်ချမှတ်ရန်နှင့် လက်တွေ့လုပ်ကိုင်ရန်တို့အတွက် လမ်းညွှန်မှတ်ကျောက်များ အဖြစ်ရပ်တည်ခဲ့သည်ဟု ယူဆနိုင်သဖြင့် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးသည် မြန်မာနိုင်ငံတည်တံ့နေသရွေ့ ကြီးမားစွာ တင်ရှိနေမည်သာ ဖြစ်ပေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## အာရှနိုင်ငံများအချင်းချင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံသည် နိုင်ငံငယ် တစ်နိုင်ငံဖြစ်သကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း အသက်အရွယ်ငယ်သော ခေါင်းဆောင်တစ်ဦးဖြစ်သည်။ သို့သော် သူ၏ဩဇာမှာမူ ပြည်တွင်းတွင်လည်းကောင်း၊ ပြည်ပတွင်သော်လည်းကောင်း၊ မသေးငယ်ခဲ့ပေ။ ဤသို့ပြည်တွင်းတွင်ရော ပြည်ပတွင်ပါ သူ၏ဩဇာလွှမ်းမိုးနိုင်ရခြင်းမှာ အဓိကအားဖြင့် သူ၏ အရည်အချင်း အစွမ်းအစနှင့် အမြော်အမြင်တို့သည် အသက်အရွယ်နှင့် မလိုက်အောင် မြင့်မားသောကြောင့် ဖြစ်ပေ၏။ သူသည် စည်းလုံးညီညွတ်မှု၏ အင်အားကို အကြွင်းမဲ့ယုံကြည်သူဖြစ်သည်။ တိုင်းပြည်တစ်ပြည်ရှိ ပြည်သူများ စည်းလုံးညီညွတ်မှုရှိလျှင် ထိုတိုင်းပြည် အင်အားတောင့်တင်း လုံခြုံသကဲ့သို့ နိုင်ငံအများ ပါဝင်သော နယ်မြေဒေသတစ်ခုမှ နိုင်ငံအချင်းချင်း စည်းလုံးညီညွတ်မှုရှိလျှင် ထိုနယ်မြေဒေသအင်အား တောင့်တင်းခိုင်မာလုံခြုံမည်ဟု ယုံကြည်ခဲ့သူဖြစ်သည်။ ထို့ကြောင့် နိုင်ငံသူနိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု အင်အားဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် မလွဲတော့သော အခြေအနေကို မြင်လာသောအခါ နိုင်ငံ၏အနာဂတ်အရေးကို မျှော်တွေးကာ စီမံစိတ်ကူးချက်များကိုရာထားယင်း၊ နယ်မြေဒေသအုပ်စု၏ အနာဂတ်အရေးကိုပါ မျှော်တွေးခဲ့သည်။ ထိုသို့မျှော်တွေးရာ၌ လူမျိုး၊ ယဉ်ကျေးမှု၊ ပထဝီ





ရာသီဥတုမတူဘဲ အလှမ်းကွာဝေးသော နေရာဒေသများထက် မြန်မာနိုင်ငံနှင့် အနီးဆုံးဖြစ်သည့် အရှေ့တောင်အာရှနှင့် အာရှဒေသကို အထူးအာရုံစိုက်ခဲ့သည်။

ဗိုလ်ချုပ်သည် အင်နှင့်အားနှင့် တစ်ခန်းသစ်လာမည့် အာရှနိုင်ငံသစ်များ၏ အင်အားကို ယုံကြည်ခဲ့သူဖြစ်သည်။ တစ်ခေတ်တစ်ခါက သမိုင်းတွင်ခဲ့သော အာရှသည် ကျွန်ဘဝသို့သက်ဆင်းခဲ့ရာမှ မှေးမှိန်နောက်ကျခဲ့ရစေကာမူ မကြာတော့မည့် အနာဂါတ်တွင် လွတ်လပ်သည့်အာရှ၊ အင်အားရှိသည့်အာရှ၊ သမိုင်းတွင်ဦးမည့် အာရှ ဖြစ်လာလိမ့်မည်ကို ကြိုတင်မြော်မြင်ခဲ့မိသည်။ ထို့ကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးရလာသောအခါတွင် မိတ်မရှိ ဆွေမရှိ တစ်သီးတစ်ခြား ဖြစ်မနေရအောင် အာရှနှင့်လက်တွဲ၍ စုပေါင်းပါဝင်လုပ်ကိုင်ရေးအတွက် သူ၏စိတ်ကူးစိတ်သန်းများကို မကြာခဏဖော်ထုတ်ခဲ့ပေသည်။

"လွတ်လပ်ရေးရတဲ့အခါမယ် မဟာမိတ်မရှိဘဲ ကျွန်တော်တို့ ဘာမှမလုပ်နိုင်ဘူး။ အဲဒီတော့ကာ ကျွန်တော်တို့ဘယ်နိုင်ငံတွေကို မဟာမိတ်အဖြစ်နဲ့ သဘောထားရမလဲဆိုတာ အခုလွတ်လပ်ရေးရဖို့ စီစဉ်နေတဲ့အခါမှာ ကျွန်တော်တို့ စဉ်းစားထားဖို့ လိုတယ်။ ဒီလိုစဉ်းစားတဲ့အခါမယ် ကျွန်တော်တို့ ဗမာပြည်နဲ့ နီးစပ်တဲ့ အရှေ့အာရှတောင်ပိုင်းနယ်တွေဖြစ်တဲ့ အင်ဒိုနီးရှား၊ ယိုးဒယား၊ မလေးရှား၊ အင်ဒိုချိုင်းနား ဒီတိုင်းပြည်တွေကိုတော့ ကျွန်တော်တို့ညီရင်းအကိုလို သဘောထားရမယ်။ သွေးချင်းသားချင်းလို သဘောထားရမယ်။ ကျွန်တော်တို့ သဘောအရဆိုရင် နောက်ဆုံးတစ်နေ့ အခုချက်ချင်းမဖြစ်ပေမယ့် ဒီနိုင်ငံတွေ အားလုံးဟာ တစ်ပေါင်းတည်းဖြစ်အောင် ကြိုးစားရမယ်"[၁]

ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ ထုတ်ဖော်ချက်က နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး စည်းလုံးညီညွတ်

၁ ၁၉၄၇ ခု၊ ဧပြီလ ၁၇ ရက်နေ့ညတွင် မြန်မာနှစ်သစ်ကူး မိန့်ခွန်းအဖြစ် အသံလွှင့်ရုံမှ တိုင်းပြည်သို့ အသံလွှင့်ပြောကြားခဲ့သော 'လုပ်ငန်းစဉ်ခြောက်ရပ်' မိန့်ခွန်းမှကောက်နုတ်ဖော်ပြချက်။



www.burmeseclassic.com

www.burmeseclassic.com



ရေးတို့ မည်မျှအရေးပါကြောင်းကို ပြဆိုပေသည်။ သို့သော် ထိုသို့နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်လာသည်နှင့် တစ်ပြိုင်နက် အမျိုးသားရေးဝါဒ[၁] နှင့် နိုင်ငံတကာဝါဒ[၂] နှစ်ခုကို ညှိနှိုင်းရေး ပြဿနာပေါ်လာပေမည်။ ဤနေရာတွင် အမျိုးသားရေးဝါဒကို ကျင့်သုံးရာ၌ ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒအမြင်[၃] ၏ အန္တရာယ်နှင့် စစ်မှန်သော အမြင်ကျယ်သည့် အမျိုးသားရေးဝါဒဟူသည် မည်သည်ကို ခေါ်ဆိုကြောင်း၊ နိုင်ငံတကာဝါဒဆိုတိုင်း အကောင်းချည်းမမှတ်သင့်ဘဲ စစ်မှန်သော သိပ္ပံနည်းကျနိုင်ငံတကာဝါဒ[၄] သာလျှင် တကယ်မွန်မြတ်ပြီး ကျေးဇူးကြီးနိုင်ကြောင်းနှင့် သိပ္ပံနည်းကျနိုင်ငံတကာဝါဒနှင့် စစ်မှန်သောအမြင်ကျယ်သည့် အမျိုးသားရေးဝါဒတို့သည် တစ်ခုနှင့်တစ်ခု မည်သို့အပြန်အလှန်ကျေးဇူးပြုနိုင်ကြောင်းတို့အပေါ် ဗိုလ်ချုပ်အောင်ဆန်း၏ အနက်အဓိပ္ပာယ်ဖော်ဆောင်ချက်နှင့်သုံးသပ်ချက်တို့မှာ မည်သည့်ခေတ်ကာလတွင်မဆို အလေးအနက်ပြုသင့်သည့် အရေးပါသောအချက်များ ပါဝင်နေကြောင်းတွေ့ရပေမည်။ ၎င်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက အောက်ပါအတိုင်းလေးနက်စွာ ဆန်းစစ်ညွှန်ပြခဲ့ပေသည်။

"လွတ်လပ်လာမည့် မြန်မာနိုင်ငံသည် မိတ်ဆွေမဲ့နေမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နိုင်ငံတွင် ကျွန်ုပ်တို့၏ ဘဝကို အခြားနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလျက် ကာကွယ်ရေး၊ စီးပွားရေး စသည့်ကိစ္စများတွင် နှစ်ဦးနှစ်ဖက်အကျိုးသို့မဟုတ် အများအကျိုးစီးပွားအတွက် အမှီခိုကင်းစွာနှင့် လွတ်လပ်စွာ လုပ်ကိုင်ရမည်ဖြစ်သောကြောင့် ဖြစ်သည်။ သို့သော် နိုင်ငံများအချင်းချင်း အပြန်အလှန်မှီခိုနေမည့် အယူအဆနှင့် မြန်မာနိုင်ငံ၏အမျိုးသားလွတ်လပ်ရေး အယူအဆ ၂-ခုကို ကျွန်ုပ် မည်သို့စေ့စပ်ညှိနှိုင်းမည်နည်းဟု အချို့က မေးကောင်းမေးကြမည်။ ကြီးသော ပြည်ထောင်စု[၅] သို့

---

၁ Nationalism

၂ Internationalism

၃ Narrow-minded Nationalism

၄ Scientific Internationalism

၅ Greater Union





မဟုတ် ဓနသဟာယနိုင်ငံ[၁] သို့မဟုတ် အုပ်စု[၂] သည်သာ အချိန်အခါအရ ပို၍အဆင်ပြေ ကောင်းမွန်သော အယူအဆတစ်ရပ် မဟုတ်ပါသလောဟု မေးလိုကလည်း မေးနိုင်ပေသည်။ မှန်ပါသည်။ အထက်မှ ချမှတ်အမိန့်ပေးဖွဲ့စည်းခြင်းမျိုးမဟုတ်ဘဲ၊ မိမိသဘော ဆန္ဒအလျောက် ပါဝင်ဖွဲ့စည်းထားခြင်းမျိုးသာ ဖြစ်ခဲ့လျှင်မူ၊ ယင်းကဲ့သို့ ကြီးသောအုပ်စုအဖွဲ့အစည်းမျိုးမှာ ကောင်းမွန်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ စင်စစ်တစ်နေ့တွင် ပြင်သစ်၊ အင်ဒိုချိုင်းနား၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံပါဝင်သော အင်ဒိုချိုင်းနား ပြည်ထောင်စုကြီး[၃] ဟူ၍ လိုအပ်လာမည်ဖြစ်ရုံသာမက၊ အမှန်တကယ်လည်း ဖြစ်နိုင်ခြေကို တွေ့ရပါလိမ့်မည်။ လူမျိုးနွယ်အရ၊ ဗျူဟာအရ၊ စီးပွားရေးအရ၊ တူညီမှုများစွာရှိသော ဤနိုင်ငံများ၏ သမိုင်းကြောင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကပင် ဖော်ပြပါ ပြည်ထောင်စုကြီးဖြစ်ပေါ်ရေးကို ဖန်တီးလာစေလိမ့်မည်။ ၎င်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့အနေဖြင့် နိုင်ငံတကာဝါဒနှင့် နိုင်ငံတကာဝါဒစိတ်ဓါတ်အစစ်အမှန်တို့ကို နားလည်ထားရန်၊ သို့မဟုတ် နားလည်အောင် ကြိုးစားရန်လိုပေမည်။ အကြောင်းမှာ အများအကျိုးအတွက် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့အကောင်းဆုံးအကျိုးကို ဖြစ်နိုင်သည့်နေရာတိုင်းတွင် ကျွန်ုပ်တို့ခံစားစံစားရခြင်းဖြင့်၊ ကျွန်ုပ်တို့၏ဘဝသည် အမြဲအကန့်အသတ်မဲ့ မြင့်မားကြွယ်ဝနေမည်ဖြစ်သောကြောင့် ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ကိုယ့်နိုင်ငံကောင်းစားရေးအတွက် တစ်ကိုယ်ကောင်းဆန်စွာနေလျှင်မူ ကျွန်ုပ်တို့အဖို့ မျှော်မှန်းချက်ပန်းတိုင်များကို အမြဲညှိနှိုင်းနေခြင်းဖြင့် နောက်ဆုံးတွင် တိုးတက်မှုထက် ပျက်စီးရာပျက်စီးကြောင်း လမ်းရှာသည်နှင့် တူနေပေလိမ့်မည်။ စင်စစ်တွင် (အပြုသဘော) ဖန်တီးမှုရှိသော နိုင်ငံတကာဝါဒဖြစ်သည့် ဖော်ပြပါသိပ္ပံနည်းကျ နိုင်ငံတကာဝါဒသည် အမျိုးသားရေးဝါဒ၏ အမြင့်ဆုံးသော အကျိုးစီးပွားနှင့် လိုက်လျောညီထွေ

---

၁ Commonwealth

၂ Bloc

၃ United States of Indo-china



www.burmeseclassic.com

www.burmeseclassic.com



ရှိပေသည်။ အကြောင်းမှာ ယင်းကဲ့သို့သော နိုင်ငံတကာဝါဒ ပေါ်ပေါက်ခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် လုံးဝဥဿုံလွတ်လပ်ရေးအတွက် အကာအကွယ် ပေးနိုင်ရုံမက၊ မရေမတွက်နိုင်သော တိုးတက်မှုတို့ကိုပါ ဆောင်ကျဉ်းနိုင်သောကြောင့်လည်းကောင်း၊ ကမ္ဘာ့လူသားတို့၏ ဖန်တီးနိုင်သော လုပ်အားအသီးအပွင့်ကို အကောင်းဆုံး ခံစားရမည်ဖြစ်၍လည်းကောင်း သိပ္ပံနည်းဖြင့် ရှာဖွေဖော်ထုတ်ထားသော အနုမြူစွမ်းအား[၁]ကို လူသားတို့အား အပြန်အလှန် ပျက်စီးစေမည့် အဖျက်လုပ်ငန်းတွင်မဟုတ်ဘဲ ကုန်ထုတ်အင်အားစုများတွင် ထိရောက်စွာနှင့် မြော်မှန်းသည်ထက် သာလွန်စွာ အသုံးချနိုင်ရာမှ ကျွန်ုပ်တို့ယနေ့ရင်ဆိုင်နေရသော ပြဿနာလည်း ပပျောက်သွားနိုင်သောကြောင့်လည်းကောင်း ဖြစ်ပေသည်။ သိပ္ပံနည်းကျ နိုင်ငံတကာဝါဒကြောင့် ကျန်းမာရေးပိုကောင်းလာခြင်း၊ လူ့သက်တမ်းရှည်လာခြင်း၊ လူဦးရေများလွန်းခြင်း၊ နည်းလွန်းခြင်း ပြဿနာမရှိခြင်းနှင့် အခြားအကျိုးကျေးဇူး အမြောက်အမြားကို ရရှိနိုင်သည်။ အချိန်နှင့်အကျယ်အဝန်း[၂] သည်လည်း ကျဉ်းမြောင်းလာကာ ကမ္ဘာကြီးသည် အိမ်ဝေးချင်းမဟုတ်ဘဲ၊ သွေးစည်းသော အိမ်နီးချင်းများ ဖြစ်လာကြမည်။ ဤကမ္ဘာ့မိသားစု အယူအဆသည် အလွန်တရာ နှစ်လိုဘွယ်ကောင်းသော အယူအဆတစ်ရပ်ဖြစ်သော်လည်း လက်တွေ့မဖြစ်နိုင်ဟု အချို့က ဆင်ခြေပေးကောင်း ပေးကြမည်။ သို့သော် ယခုအခါ နိုင်ငံများကြားအပြန်အလှန် မှီခိုမှုများ များပြားတိုးတက်လာကြောင်း တွေ့ရှိရပေရာ ၎င်းမှတစ်ဆင့် ကမ္ဘာကြီးတစ်ခုလုံး သွေးစည်းရေးသို့ ဦးတည်မည်ဟူသော ယုတ္တိသဘောကို တွေးတောယူနိုင်ပေသည်။ ဤအချက်သည် လက်တွေ့ မဖြစ်နိုင်သော အချက်မဟုတ်ချေ။ အချိန်မကျသေး၍ အပြည့်အဝ အကောင်အထည် ပေါ်မလာသေးခြင်းသာ ဖြစ်သည်။ ဒေသဆိုင်ရာ အုပ်စုများနှင့် အလားတူ ကိစ္စများကို ယခုထဲက ကျွန်ုပ်တို့ကြားနေရပြီဖြစ်ရာ၊ ၎င်းဖြစ်စဉ်သည် ခေတ်သစ်သိပ္ပံကြောင့် အရှိန်အဟုန်ဖြင့် တိုးတက်ရန်သာရှိသည်။ လောလောဆယ်တွင် ရုပ်နှင့်

၁ Atomic

၂ Time and space





သဘာဝသိပ္ပံပညာရပ်များက လူမှုနှင့် စိတ်ပိုင်းဆိုင်ရာ သိပ္ပံပညာရပ်များထက် အလွန်လျှင်မြန်စွာ တိုးတက်လျှက် ရှေ့ရောက်နေသောကြောင့် ခွဲဝေမှုနှင့်အကြပ်အတည်း(ကပ်) များအသွင်ဖြင့် မြင်နေရခြင်းဖြစ်သည်။ သို့သော် ယင်းသိပ္ပံပညာရပ်များသည် တစ်ခုနှင့်တစ်ခု လိုက်မီနေပြီဖြစ်ရာ၊ ၎င်းတို့လိုက်မှီလာသည်နှင့် ဖော်ပြပါ နိုင်ငံတကာဝါဒအယူအဆသည် လက်တွေ့အကောင်အထည်ဖော်နိုင်သော အခြေအနေသို့ ရောက်ရှိလာပေလိမ့်မည်။ လောလောဆယ်တွင်မူ ၎င်းနှင့်ပတ်သက်၍ လက်ရှိ လက်တွေ့ကျသော အကန့်အသတ် မူဘောင်များအတွင်းမှ ကျွန်ုပ်တို့ လုပ်ယူရပေလိမ့်မည်။ ဤကား သိပ္ပံနည်းကျနိုင်ငံတကာဝါဒပေတည်း။ အမျိုးသားရေးဝါဒသန့်သန့်[၁] ဆိုသည်အမှန်တကယ်မရှိပါ။ အမျိုးသားရေးဝါဒဆိုသည်ကား အဘယ်နည်း။ အမျိုးသားရေးဝါဒဟူသည် တည်ငြိမ်နေသော[၂] အချုပ်အချာနှင့် အဆုံးစွန်[၃] ဖြစ်သော အရာလော။ မဟုတ်ပါ။ အမျိုးသားရေးဝါဒသည် အကြောင်းအရာ[၄] တွင်ရော ပုံစံ[၅] တွင်ပါ အမြဲပြောင်းလဲနေသည်။ လူမျိုး၊ ကိုးကွယ်သည့်ဘာသာနှင့် ဘာသာစကား[၆] အရ ပိုင်းခြားပြောဆိုခြင်းသည် အမျိုးသားရေးဝါဒမဟုတ်ကြောင်း၊ လူမှုရေးသိပ္ပံနှင့် နိုင်ငံရေးသိပ္ပံကို လေ့လာသူတိုင်း သိကြပေသည်။ နိုင်ငံတိုင်းတွင် လူမျိုးတစ်မျိုးထက်မက ရှိကြပေသည်။ ယခုအခါတွင် လူမျိုးတစ်မျိုးတည်းတွင်ပင် ကိုးကွယ်သည့်ဘာသာအမျိုးမျိုးရှိ နေကြပေသည်။ အမေရိကန်နှင့် အင်္ဂလိပ်တို့သည် ဘာသာစကားတစ်မျိုးတည်းကို ပြောစေကာမူ နိုင်ငံတစ်နိုင်ငံတည်း မဟုတ်ပါ။ ဆိုဗီယက်ယူနီယံတွင် ဘာသာစကားအမျိုးမျိုးရှိစေကာမူ လူမျိုးတစ်မျိုးတည်းသာ ဖြစ်သည်။ ဤသို့ဆိုလျှင် မည်သည့်အချက်က အမျိုးသားရေးဝါဒကို ဖြစ်စေသနည်း (အမျိုးသားရေးဝါဒဟူသည် အဘယ်နည်း) စစ်မှန်သော အမျိုးသားရေးဝါဒဟူသည် အားလုံး

၁ Pure Nationalism

၂ Static

၃ Absolute and final

၄ Content

၅ Form

၆ Race, religion and language



www.burmeseclassic.com

www.burmeseclassic.com



အတွက် တူညီသော (ဘုံ) ဘဝသစ်ကို တည်ထောင်ရန် ဦးတည်ခရီးဆက်ရာ၌ ဆုံကြုံခံစားရသမျှတွင် အေးအတူပူအမျှရှိခြင်း၊ တူညီသော အကျိုးစီးပွားများနှင့် စိတ်ဝင်စားမှုကို တိုးတက်စေခြင်း၊ တစ်မြေထဲနေ၊ တစ်ရေထဲသောက် လူမျိုးတစ်မျိုးတည်းဟူသော အသိကို ပေးစွမ်းနိုင်သည့် ထုံးတမ်းစဉ်လာ၊ ထိုသို့သောအသိသည် အမှန်တကယ် လိုအပ်သည့် ထုံးတမ်းစဉ်လာ၊ ထိုသို့သောအသိသည် အမှန်တကယ် လိုအပ်သည်ဟူသော ထုံးတမ်းစဉ်လာ အစရှိသော အတိတ်နှင့်ပစ္စုပ္ပန်မှ တူညီသော တစ်စိတ်တစ်ဝမ်းတည်းဖြစ်စေခဲ့သော ထုံးတမ်းစဉ်လာဓလေ့များကို ထိန်းသိမ်းပြုစုပျိုးထောင် အားပေးခြင်းတို့ဖြစ်ပေသည်။ ထို့ကြောင့် လူမျိုး၊ ကိုးကွယ်သည့်ဘာသာနှင့် ပြောဆိုသည့်ဘာသာစကားတို့သည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးကို ဖန်တီးသည့် အဓိကအချက်များမဟုတ်ကြောင်း ထင်ရှားပေသည်။ လူမျိုး၊ ကိုးကွယ်သည့်ဘာသာနှင့် ပြောဆိုသည့် ဘာသာစကားတို့သည် တူညီသော ဘဝတစ်ခုကို စုစည်းရှေ့ဆောင်ရန် သမိုင်းရေးလိုအပ်ချက်[၁] တစ်ခုသာ ဖြစ်သည်။ ၎င်းသည် လူမျိုးစု[၂] နှင့် အမျိုးသားရေးဝါဒ၏ အဓိကပင်မဥပဒေသပင် ဖြစ်သည်။ ယခုအခါ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ နိုင်ငံတစ်နိုင်ငံနှင့်နိုင်ငံအများ အကူးအလူး အဆက်အဆံ များလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင်ပင် နိုင်ငံခြားသားများနှင့် ပတ်သက်၍ သဘောထားများမှာ တစ်ဖက်သတ်သိပ်မကျဘဲ ပျော့ပြောင်းမှုများ ရှိလာကြောင်း တွေ့ရသည်။ တစ်ချိန်တစ်ခါကဆိုလျှင် (လူမျိုးစုငယ်များသည် လူမျိုးစုကြီး သို့မဟုတ် လူမျိုးကြီး မိသားစုမှ ခွဲထွက်မှုနှင့်အတူ) အမျိုးသားရေးဝါဒသည် ဗဟိုချက်မမှ ဆုတ်ခွာတတ်သာ သဘော[၃] ကို ဆောင်ခဲ့သော်လည်း ယခုအခါတွင်မူ ၎င်းနှင့်ပြောင်းပြန် ဖြစ်သည့် ဗဟိုချက်မသို့ ချဉ်းကပ်လာတတ်သောသဘော[၄]ကို တွေ့နေရပေသည်။ ထို့ကြောင့် အမျိုးသားရေးဝါဒနှင့် ပတ်သက်သော ကျွန်ုပ်တို့၏သဘောထားမှာလည်း အချိန်ကာလအလိုက် ရွေ့လျားပြောင်းလဲတိုးတက်နေရ

၁ Historic necessity
၂ Nationality
၃ Centrifugal
၄ Centripetal





ပေမည်။ ထိုသို့သာမဟုတ်လျှင် ကျွန်ုပ်တို့၏ဝါဒသည် ကျဉ်းမြောင်းသေးသိမ်သော အမျိုးသားရေးဝါဒ[၁] သော်လည်းကောင်း၊ စစ်မက်လိုလားသောဝါဒ[၂] သော်လည်းကောင်း ဖြစ်လာပေမည်။ ဖက်ဆစ်ဝါဒမှ ပေါ်ပေါက်လာသော ယင်းစစ်မက်လိုလားသောဝါဒသည် လူသားတို့အတွက် မည်မျှအန္တရာယ်ကြီးမားကြောင်းနှင့် ဂျာမန်နိုင်ငံတွင် ဖြစ်ခဲ့သကဲ့သို့ ကျွန်ုပ်တို့ တွေ့မြင်ခဲ့ပြီးဖြစ်သည်။ သို့သော် ကိုယ်ကျိုးရှာအချောင်သမား နိုင်ငံရေးခေါင်းဆောင်တို့သည် ပြည်သူတို့၏ ပြင်းထန်သော အမျိုးသားရေးစိတ်ဓါတ်များကို အခွင့်ကောင်းယူ၍ မိမိတို့၏တစ်ကိုယ်ကောင်း၊ သို့မဟုတ် အုပ်စုအကျိုးစီးပွားရေးအတွက် အမျိုးသားရေးဝါဒကို ခုတုံးလုပ်တတ်ကြောင်း သမိုင်းတွင်တွေ့ရပေသည်။ ထိုသို့ အမျိုးသားရေးဝါဒကို ခုတုံးလုပ် အခွင့်ကောင်းယူခြင်းများကို ကျွန်ုပ်တို့ သတိထားရပေမည်။ သတိရှိနေရပေမည်။ အကြောင်းမှာ ထိုသို့ သတိမထားလျှင်၊ သတိမရှိလျှင် ကျွန်ုပ်တို့အချင်းချင်းကြား လူမျိုးရေးမုန်းတီးမှုများနှင့် ဖက်ပြိုင်မှုများကို သက်ဆိုင်ရာအုပ်စုများက အားပေးမြှောက်ပင့်ထကြွစေခြင်းဖြင့် ကျွန်ုပ်တို့၏ အာရုံကို မူလပင်မပန်းတိုင်မှ လမ်းပြောင်းသွားအောင် ဖန်တီးသွားနိုင်သောကြောင့် ဖြစ်ပေသည်။[၁]

နိုင်ငံတကာ နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ မရှိမဖြစ်လိုအပ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက ယုံကြည်ခဲ့စေကာမူ ယင်းပူးပေါင်းဆောင်ရွက်မှုသည် နှစ်ဦးနှစ်ဖက်အကျိုးကို သယ်ပိုးနိုင်သော နှစ်ဦးနှစ်ဖက်ရပ်တည်ချက်တူညီသော၊ နှစ်ဦးနှစ်ဖက်နှောင်ကြိုးနှင့် အဖျက်သဘောမပါသော ပူးပေါင်းဆောင်ရွက်မှုမျိုး၊ အုပ်စုဖွဲ့ခြင်းမျိုးကိုသာ ယုံကြည်ခဲ့သူဖြစ်ကြောင်း၊ အထက်ဖော်ပြချက်ပါ ကောက်နုတ်ချက်စကားများအရ ထင်ရှားပေသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ခွဲခြားသော တစ်နိုင်ငံအပေါ် တစ်နိုင်ငံကကြီးစိုးခြယ်လှယ်လိုသော၊ နှောက်ယှက်ဖျက်ဆီးလိုသော ဆန္ဒသဘောဖြင့် ပူးပေါင်းခြင်း၊ အုပ်စုဖွဲ့စည်းခြင်းမျိုး

၁ Parochial nationalism
၂ Jingoism



www.burmeseclassic.com

www.burmeseclassic.com



ကိုမူ မလိုလားခဲ့ရုံမက စက်ဆုတ်ရွံရှာခဲ့သည်။ ယင်းသဘောပါသည့် အုပ်စုဖွဲ့စည်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းသည် အကျိုးမပြုနိုင်ဘဲ အပြုသဘောပါသည့် အပြန်အလှန်အကျိုးစီးပွားတိုးတက်ရေးကို မျှော်ကိုးသည့် အုပ်စုဖွဲ့စည်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည်သာ အကျိုးများနိုင်ကြောင်းကို ထပ်လောင်း၍ အောက်ပါအတိုင်း ဖော်ထုတ်ခဲ့ပေသည်။

"ကျွန်ုပ်တို့အနေဖြင့် စီးပွားရေးအုပ်စုများနှင့် အခွင့်အရေးပေးမှုများ (တစ်နည်းခွဲခြားမှုများ) ကို ဆန့်ကျင်ရလိမ့်မည်။ ကျွန်ုပ်တို့သည် မည်သည့်နိုင်ငံ(သို့) နိုင်ငံများနှင့်မဆို လွတ်လပ်စွာနှင့် အပြန်အလှန် အကျိုးပြုသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ငွေပေးငွေယူ ကိစ္စများအတွက် ရပ်တည်ရပေမည်။ မကြောင်းမှာ ၎င်းသည်သာမန် လတ်တလော အခြေအနေတွင် ကမာနှင့်ကျွန်ုပ်တို့နိုင်ငံအတွက် အလိုအပ်ဆုံး ဖြစ်နေ၍ပင် ဖြစ်သည်"[၁]

ဤဆောင်းပါးခေါင်းစဉ်ကို "အာရှနိုင်ငံများ အချင်းချင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု" ဟု တပ်ထားသော်လည်း ဖော်ပြခဲ့သည့် ကောက်နှုတ်ချက်များမှာ နိုင်ငံရေးအကြောင်းအရာများသာ ဖြစ်သည်ဟု စောဒကတက်နိုင်ပေသည်။ ဖော်ပြပါစကားများကို ဗိုလ်ချုပ်ပြောကြားခဲ့စဉ်က မြန်မာနိုင်ငံလွတ်လပ်ရေးမရသေးသဖြင့် လွတ်လပ်ရေးသည်သာ ပထမနှင့် အဓိကဖြစ်နေချိန်တွင် ဗိုလ်ချုပ်အဖို့ နိုင်ငံရေးစကားများသာ အများဆုံးပြောရမည်သာ ဖြစ်ပေသည်။ အာရှနိုင်ငံများ အချင်းချင်းပူးပေါင်းဆောင်ရွက်မှုဆိုရာ၌ နိုင်ငံရေးသဘောမျိုး အများဆုံးသက်ဝင်မည် ဖြစ်သည်မှာလည်း အမှန်ပင်ဖြစ်ပေသည်။ သို့သော် ပြောကြားခဲ့သော နိုင်ငံ

၁ ၁၉၄၆ ခု၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အင်္ဂလိပ်ဘာသာဖြင့် မြွက်ကြားခဲ့သော ပထမအကြိမ် ဖ၊ဆ၊ပ၊လ ကွန်ဂရက်မိန့်ခွန်းမှ ကောက်နှုတ်၍ ဘာသာပြန်ဖော်ပြခြင်းဖြစ်သည်။ (အပြည့်အစုံသိလိုလျှင် စာပေဗိမာန်ထုတ် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ ၁၇-၃-၄၅ မှ ၁၉-၇-၄၇ အထိ စာအုပ် Problems for Burma's Freedom မိန့်ခွန်းတွင် ကြည့်ပါ)။





ရေး စကားများထဲမှပင် ယင်းပူးပေါင်းဆောင်ရွက်မှုတွင် နိုင်ငံရေးသာမက၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာစာပေနှင့် ယဉ်ကျေးမှုတို့အကြုံးဝင်သော သီးခြားပူးပေါင်းဆောင်ရွက်မှုများအတွက်ပါ ပါဝင်နေကြောင်း တွေ့ရပေမည်။ သူမျှော်မှန်းသော သို့မဟုတ် သူလိုချင်သော ယင်းပူးပေါင်းဆောင်ရွက်မှု ပုံစံကိုလည်း ပုံဖော်ကြည့်နိုင်သည်ဟု ကောက်ချက်ချနိုင်ပေသည်။ ဗိုလ်ချုပ်မျှော်မှန်းသော သို့မဟုတ် လိုချင်သော ပုံစံတွင် ယေဘုယျအားဖြင့် အောက်ပါအချင်းအရာများနှင့် ပြည့်စုံရမည်ဟုဆိုလျှင် မှားအံ့မထင်ပေ။

(၁) နိုင်ငံတိုင်း မိမိသဘောဆန္ဒအလျောက် ပါဝင်၍ နိုင်ငံများ၏ မည်သည့် စီးပွားရေး ဆုံးဖြတ်ချက်ကို မဆိုနိုင်ငံတိုင်း တန်းတူရည်တူ အခြေခံနှင့် အများသဘောတူပြုလုပ်ရမည်။
(၂) နိုင်ငံများကြား စီးပွားရေးနှင့် ပတ်သက်၍ ခွဲခြားမှု[၁] သော်လည်းကောင်း၊အခွင့်အရေး ပိုပေးမှု[၂] သော်လည်းကောင်း မရှိစေရ။
(၃) နိုင်ငံတိုင်းသည် မည်သည့်နိုင်ငံ သို့မဟုတ် နိုင်ငံများနှင့်မဆို လွတ်လပ်စွာနှင့် အပြန်အလှန် အကျိုးပြုသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ငွေပေးငွေယူကိစ္စများကို ပြုလုပ်နိုင်ရမည်။
(၄) နိုင်ငံများ၏ အကျိုးစီးပွား တိုးတက်ရေးကို ရှေးရှု၍ ဘုံစီးပွားရေးမူဝါဒများကို ချမှတ်လုပ်ကိုင်ရင်း အပြန်အလှန် အကျိုးပြုကူညီစေရမည်။
(၅) နိုင်ငံများ၏အကျိုးစီးပွား တိုးတက်ရေးကိုသာ အဓိကထားပြီး နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ သော်လည်းကောင်း၊ တစ်နိုင်ငံနှင့် အာရှဒေသကြီး သော်လည်းကောင်း၊ နိုင်ငံရေးအရဖြစ်စေ၊

၁ "Problems for Burma's Freedom"; Presidential address to the first Congress of A.F.P.F.L. Jan. 20, 1946 မှ ကောက်နှုတ်ဖော်ပြချက်။
၂ discrimination.
၃ preference.



www.burmeseclassic.com

www.burmeseclassic.com



> လူမျိုးရေးအရ ဖြစ်စေ၊ စီးပွားရေးအင်အား၊ နိုင်ငံရေးအင်အားနှင့် အခြား မည်သည့်အင်အားအရဖြစ်စေ၊ ကြီးစိုးခြယ်လှယ်ခြင်း မရှိစေရ။

ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းသော အာရှနိုင်ငံများ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပုံစံတွင် ဖော်ပြပါ အချင်းအရာများ အနည်းဆုံး ရှိရမည်ဟု ယေဘုယျဆိုနိုင်ပေသည်။ ဤသို့ဆိုနိုင်ခြင်းအတွက် ဖော်ပြခဲ့သည့် ကောက်နှုတ်ချက်များအပြင် အခြားသာဓကများလည်း ရှိပေသည်။ ဗိုလ်ချုပ်သည် သူအသက်ရှင်စဉ်က လုပ်ငန်းစတင်ခါစ အခြေသို့ပင် တွေ့မြင်ခဲ့ရစေကာမူ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကုလသမဂ္ဂအဖွဲ့ အစည်းကြီးသည် လည်းကောင်း၊ အခြားခြားသော အနောက်အုပ်စု နိုင်ငံကြီးများ၏ စီးပွားရေးအုပ်စု၊ ငွေရေးကြေးရေးအုပ်စုများသည်လည်း ကောင်း၊ တစ်နိုင်ငံအပေါ်တစ်နိုင်ငံ ကြီးစိုးလိုရေး၊ ခွဲခြားလိုရေး၊ စွပ်ဖက်လိုရေး စသည့်ဦးတည်ချက်များကြောင့် အင်အား၊ အာဏာ၊ ချိန်ခွင်လျှာ မမျှမတဖြစ်ပေါ်ရာမှ ပဋိပက္ခများ ဖြစ်ပေါ်ကာ အလုပ်လုပ်ဖြစ်ရေးတွင် များစွာအခက်အခဲ ကြုံလိမ့်မည်ဟု ကြိုတင် တွက်ဆမိခဲ့သည်။ သူ၏ တွက်ဆချက်များကို လွန်ခဲ့သော ၂၅-နှစ်ကျော် ၂၆-နှစ်လောက်က ပြုလုပ်ခဲ့စေကာမူ တိကျ မှန်ကန်ကြောင်း ယခုအခါ ကျွန်ုပ်တို့မျက်မြင် ကြုံတွေ့နေရပေပြီ။ ပုံစံအားဖြင့် ၂၀-၁-၄၆ နေ့တွင် ကုလသမဂ္ဂအဖွဲ့ ကြီးနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက ဝေဖန်သုံးသပ်ခဲ့ပုံကို လေ့လာကြည့်ပါ။ "ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်ရွယ်ချက်နှင့် ဦးတည်ချက်များမှာ ချီးကျူးဖွယ်ဖြစ်သည်မှာ မှန်ပါသည်။ ယခင်ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီးနှင့် နှိုင်းယှဉ်လျှင် ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက်ပို၍ အစွမ်းထက်သော ယန္တယားကြီးကို ဖွဲ့စည်းထားသည်မှာ မှန်ပါသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံ နှစ်နိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ယူနီယံတို့ ဤအဖွဲ့ကြီးတွင် ပါဝင်လာခြင်းဖြင့် ဤအဖွဲ့ကြီး၏ ဆုံးဖြတ်စီရင်နိုင်ခွင့်အာဏာ တိုးတက်လာသည်လည်း မှန်ပါသည်။ တရုတ်ပြည်သည် ကြီး ၅ ကြီးအနက်တစ်ကြီး ဖြစ်သည်လည်း မှန်ပါ





သည်။ ကုလသမဂ္ဂက ဦးစီးကျင်းပသော ဘရိုက်တန်ဝုဒ်ကွန်ဖရင့်[၁]ကြောင့်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့[၂] နှင့် ကမ္ဘာ့ဘဏ်[၃] တို့ပေါ် ပေါက်လာကာ ၎င်းအဖွဲ့အစည်းကြီးနှစ်ခုက အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံကြား တည်ရှိနေသော စီးပွားရေးနှင့် ဘဏ္ဍာရေးတံတိုင်းကြီးများ[၄]ကို ဖြိုဖျက်ရန် ပြင်ဆင်မှုအစီအစဉ်များ ပြုလုပ်ထားသည်လည်း မှန်ပါသည်။ (ဤနည်းဖြင့်) ကုလသမဂ္ဂကို စိတ်ပါလက်ပါ အပြည့်အဝထောက်ခံသည်ဆိုသော သူတစ်ဦးအဖို့ပင်လျှင် လူသားများ ယနေ့အကောင်းဆုံး လုပ်နိုင်သော အချက်များမှာ ဤမျှသာဖြစ်သည်ဟု မပြောနိုင်သေးပေ။ ကိုလိုနီနိုင်ငံသူနိုင်ငံသားများပြဿနာ အထူးသဖြင့် အောင်ပွဲရသူတို့၏ ကျွန်ပြုမှုခံနေရသော လူသားများ၏ပြဿနာမှာ ချောင်ထိုးခံနေရသေးသည်။ သူတို့၏ နိုင်ငံရေးနှင့် စီးပွားရေး အနာဂတ်မှာ ယခင်ကအတိုင်းပင် ယခုထက်တိုင်အောင် အလင်းရောင် မမြင်နိုင်သေးသော အမှောင်ထဲတွင်သာ ရှိနေသေးသည်။ အစကောင်းသော ကုလသမဂ္ဂအဖွဲ့ကြီး၏ အနှောင်းလည်းကောင်းရန်မှာ ဆိုဗီယက်ယူနီယံ၊ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်တွင် တာဝန်အများဆုံးရှိပြီး ကမ္ဘာ့လူသားအများစု၏ အကျိုးစီးပွားတိုးတက်ရေးကို အထောက်အကူပြုမည့် ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် ဤနိုင်ငံကြီး ၃ နိုင်ငံသည် ယခုထက်ပိုမို၍ အပြုသဘောဖြင့် ရဲရင့်စွာ ရှေ့ဆောင်ရှေ့ရွက်ပြုလိမ့်မည်ဟု ကျွန်ုပ်တို့မြော်လင့်ပေသည်။ . . . အကယ်၍ ကုလသမဂ္ဂအဖွဲ့ကြီးအား ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အမှန်တကယ် ထိရောက်သောအဖွဲ့ကြီး ဖြစ်စေလိုလျှင် နိုင်ငံကြီးနိုင်ငံငယ်များအကြား

---

၁ Brettonwoods.

၂ International Monetary Fund.

၃ International Bank for Reconstruction and Development.

၄ Economic and Financial walls.



www.burmeseclassic.com

www.burmeseclassic.com



မလိုလားအပ်သော ခွဲခြားမှုများကိုပပျောက်အောင် လုပ်ရန် လိုပေလိမ့်မည်[၁] . . . ဗြိတိန်နိုင်ငံ၏ နိုင်ငံခြားရေးဝါဒတွင် ဗြိတိသျှနယ်ချဲ့ဝါဒသည် ထောက်ခံမှုရရေးအတွက် အမေရိကန်ပြည်ထောင်စုသို့ ချဉ်းကပ်နေရပြီး အမေရိကန်ပြည်ထောင်စုကလည်း ကူညီချင်သည့် သဘောကို ပြနေစေကာမူ ယင်းနိုင်ငံ နှစ်နိုင်ငံသည် ပင်လယ်ရပ်ခြားဒေသများတွင် စစ်အေးတိုက်ပွဲအတွက် အကြီးအကျယ် တိုးချဲ့ပြင်ဆင်နေကြသည်ကို သတိပြုမိပေလိမ့်မည်။ ဗြိတိသျှနယ်ချဲ့ဝါဒသည် စီးပွားရေးနှင့် ဘဏ္ဍာရေးအုပ်စုများနှင့် ဦးစားပေးမှုများကို ဆက်လက်ကျင့်သုံးလိုသော သဘောထားကို အမေရိကန်ပြည်ထောင်စုမှ ငွေချေးရေးကိစ္စအတွက် ဗြိတိသျှပါလီမန်တွင် ဆွေးနွေးခဲ့စဉ်နှင့် ဘရိုက်တန်ဝုဒ် ငွေကြေးစာချုပ် ချုပ်ဆိုခဲ့စဉ် တွေ့ခဲ့ရကြောင်း သတိပြုမိပေလိမ့်မည်။ ကျွန်ုပ်တို့အနေဖြင့် စီးပွားရေးအုပ်စု ဖွဲ့ရန် ဦးစားပေးအစီစဉ်(ခွဲခြားမှုပြုခြင်း) အတွက် ကြိုးစားမှုမှန်သမျှကို ဆန့်ကျင့်ရပေလိမ့်မည်။ မည်သည့်နိုင်ငံ သို့မဟုတ် နိုင်ငံအများနှင့်မဆို လွတ်လပ်သော အပြန်အလှန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ငွေပေးငွေယူမှုများကိုသာ လိုလားပေသည်"[၂]

ဤမျှလောက်ဆိုလျှင်ပင် ဗိုလ်ချုပ်အောင်ဆန်း လိုချင်ခဲ့သော အာရှနိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပုံစံကိုသိသာလောက်ပြီဟုယူဆပေသည်။ ယနေ့ အာရှဒေသတွင်ပေါ်ပေါက်နေသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့အစည်းကြီးများနှင့် ကမ္ဘာ့နိုင်ငံရေးစီးပွားရေးနှင့် လူမှုရေးစသည့် နယ်ပယ်တို့တွင် အာရှ၏တစ်

၁ "Problems for Burma's Freedom", presidential addess delivered to the First congress of AFPFL, Jan 20, 1946. မှ ကောက်နုတ် ဘာသာပြန်ဖော်ပြချက်။

၂ "Problems for Burma's Freedom",Op.cit. မှ ကောက်နုတ် ဘာသာပြန်ဖော်ပြချက်။





နေ့တစ်ခြား တိုးတက်လာနေသော အခန်းကဏ္ဍ၏ ပြောင်းလဲတိုးတက်မှုများနှင့် နှိုင်းယှဉ်ချိန်ထိုး၍ လေ့လာလျှင် များစွာ စိတ်ဝင်စားဖွယ်ကောင်းသော အချက်များကို တွေ့ရလိမ့်မည်ဟု ယုံကြည်မိပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး သို့မဟုတ် မြန်မာများ စည်းကမ်းပိုရှိရေး

မြန်မာတို့၏စရိုက်၊ မြန်မာတို့၏ စိတ်နေစိတ်ထားကို အသိဆုံးဆိုသော ခေါင်းဆောင်များထဲတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ထိပ်ဆုံးမှ ပါဝင်သည်ဟု ဆိုရပေမည်။ ယင်းစရိုက်၊ ယင်းစိတ်နေစိတ်ထားပြုပြင်ရေးနှင့် ပတ်သက်၍ တိုတိုနှင့်လိုရင်း အချက်ကျကျတစ်တစ်ခွခွဖော်ထုတ်ပြောခဲ့သူ ဟူ၍လည်း သူတစ်ယောက်သာရှိသေးသည်။ သူ့စကားကြမ်းသော်လည်း သူ့ကိုမမုန်း၊ သူ့စကားတစ်ခွသော်လည်း သူ့ကို အပြစ်မမြင်၊ သူ့စကားတိုသော်လည်း သူ့ကိုမမေ့။ အဘယ်ကြောင့်နည်း။

မြန်မာလူမျိုးတို့၏ အောက်ကျနောက်ကျဘဝကို အားမလိုအားမရဖြစ်ကာ တိုးတက်စေချင်သည့်ဆန္ဒ၊ ကြီးပွားစေလိုသည့်စေတနာ၊ ရှေ့တန်းရောက်စေချင်သည့် အာသီသ တို့ကြောင့် ကရုဏာဒေါသနှင့် ကြမ်းခဲ့ခြင်း၊ တစ်ခွခဲ့ခြင်းဖြစ်ကြောင်း လူတိုင်းသဘောပေါက်၍ဖြစ်သည်။ တိုးတက်လိုလျှင်၊ ကြီးပွားလိုလျှင်၊ ရှေ့တန်းရောက်လိုလျှင် . . . တိုးတက်ကြီးပွားပြီး ရှေ့တန်းရောက်နိုင်မည့် နိုင်ငံကြီးသားပီသအောင် ကျင့်ကြံအားထုတ် လုပ်ကိုင်ရပေမည်။ နိုင်ငံကြီးသားပီသအောင် ကျင့်ကြံအားထုတ်လုပ်ကိုင်မှုများကား အဘယ်နည်း။ ယင်းတို့ကား အခြားမဟုတ် . . . .

" ဗမာတွေ တလွဲဆံပင် ကောင်းနေကြတယ်"

"ဒီသောက်ကျင့်တွေ ပြင်မှ . . . "





အစရှိသည်ဖြင့် ဒုံဒိုးပင် ဗိုလ်ချုပ်အောင်ဆန်းက လက်ညှိုးညွှန်ဖော်ထုတ်ခဲ့သည်။ မကောင်းသောအကျင့်၊ မကောင်းသောအကြံ၊ မကောင်းသောမှု၊ မကောင်းသော စရိုက်တို့ကို ဖယ်ရှားပြီး သွားလာ၊ နေထိုင်စားသောက်လုပ်ကိုင်မှု အဝဝတွင် "စည်းကမ်း" ပိုရှိခြင်း . . .။

**"ဟိုလူ့မျက်နှာချိုသွေးရ၊ ဒီလူ့မျက်နှာသွေးရနဲ့ ဖာသယ်နိုင်ငံ ဖြစ်သွားမယ်"** ဟု ဗိုလ်ချုပ်အောင်ဆန်းက တစ်တစ်ခွခွကြီး သတိပေးခဲ့သော အဖြစ်မျိုး မရောက်အောင်၊ **"ပဒေသာပင်ဆိုတာ မြေကပေါက်လာမှ မဟုတ်ဘူး"** ဟူသော သတိတရားကို အမြဲဆင်ခြင်၍ **"သူများတစ်လှမ်းလှမ်းရင် ကိုယ်က ဆယ်လှမ်း ဆယ့်ငါးလှမ်း လှမ်းနိုင်မှ နောင်အနှစ် နှစ်ဆယ်လောက်ကျရင် တန်ကာကျမယ်"** ဟူသည့် အသိဖြင့် **"ကုန်းရုန်းလုပ်မှ ပြနေအောင်လုပ်နိုင်မှ . . ."** ဟူသော သဘောကိုဆောင်သည့် မခိုမကပ်ဘဲ "အလုပ်" ပိုလုပ်ခြင်းတို့ ဖြစ်ပေသည်။

စည်းကမ်းရှိသူတိုင်း တိုးတက်ကြီးပွားသလောဟု သံသယဝင်နိုင်သော်လည်း တိုးတက်ကြီးပွားသူတိုင်း စည်းကမ်းရှိသည်ကိုမူ မည်သူမျှ မငြင်းနိုင်ပေ။ တိုးတက်ကြီးပွားသူတိုင်း အလုပ်ပိုလုပ်ကြသူများဖြစ်သည်ကို အားလုံးအသိပင်ဖြစ်သည်။ ယနေ့တိုးတက်ကြီးပွားပြီး ရှေ့တန်းရောက်နေသော နိုင်ငံကြီးတိုင်း၊ လူမျိုးကြီးတိုင်းသည် စည်းကမ်းပိုရှိပြီး အလုပ်ပိုလုပ်သူများဖြစ်သည်မှာ ငြင်းဖွယ်ရာမရှိချေ။ စည်းကမ်းမရှိဘဲ၊ လုပ်မယူဘဲ၊ အားမထုတ်ဘဲ၊ မည်သည့် ပြောင်းလဲတိုးတက်မှုကိုမှ မရနိုင်သည်မှာမူ ကမ္ဘာတည်သရွေ့ ထာဝရမှန်ကန်နေမည့် နိယာမတစ်ရပ်ပင်။

ထို့ကြောင့် ဤနိဂုံးမှာ . . . ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးအမြင်၊ စီးပွားရေးအယူအဆများနှင့်သာ အကြုံးဝင်သော နိဂုံးမဟုတ်ပါ။ အကြောင်းမှာ ဤစာအုပ်ပါ အချက်အလက်များသည် ဗိုလ်ချုပ်၏ စီးပွားရေးအမြင် စီးပွားရေးအယူအဆများနှင့် ပတ်သက်၍ ပြည့်စုံလုံလောက်ပြီဟု မယူဆ၍ ဖြစ်ပေသည်။ ဤနိဂုံးမှာ ဤစာအုပ်



www.burmeseclassic.com

www.burmeseclassic.com



အတွက် နိဂုံး သို့မဟုတ် မြန်မာများ စည်းကမ်းပိုရှိရေး၊ အလုပ်ပိုလုပ်ရေးတည်းဟူသော ဗိုလ်ချုပ်၏ဆန္ဒ နိဂုံးလည်း ဖြစ်ချေသည်။

လူ့သမိုင်းကို လူတို့သည် စည်းကမ်းနည်းလမ်း အလုပ်တို့ဖြင့် တည်ဆောက်ခဲ့ကြသည်။ လူ့ဘောင်ဘဝသည် လူတို့၏အလုပ်ဖြင့် တည်ဆောက်သောဘဝဖြစ်သည်။ မြန်မာ့သမိုင်းမှာလည်း မြန်မာတို့သည် စည်းကမ်း နည်းလမ်းအလုပ်ဖြင့်သာ တည်ဆောက်ခဲ့ကြသည်။ မြန်မာ့လူ့ဘောင်ဘဝသည် မြန်မာတို့၏အလုပ်ဖြင့်သာ တည်ဆောက်ခဲ့သော ဘဝဖြစ်သည်။ ထို့ကြောင့် တစ်ဆင့်တိုးတက်သော၊ ကြီးပွားသော၊ ရှေ့တန်းရောက်သော မြန်မာ့သမိုင်းလူ့ဘောင်ဘဝကိုလည်း တစ်ဆင့်တက်သော ပို၍စည်းကမ်းရှိခြင်း၊ ပို၍အလုပ်လုပ်ခြင်းဖြင့်သာ ဆက်လက်တည်ဆောက်သွားရမည်မဟုတ်ပါလော။

**တင်စိုး (ဘောဂဗေဒ)**

စာပြီးချိန်။ ။ ၁၉၇၃ ခု၊ ဒီဇင်ဘာလ ၂၅ ရက်



## စီးပွားရေးဖက်ဆစ်ဝါဒနှင့် ဗမာပြည်

အဓိပ္ပာယ်မဲ့သော စစ်ပေါ်လီစီကြောင့် မြန်မာတို့၏ ထောက်ခံမှုမရ၊ ရေပန်းမစားတော့ခြင်းနှင့်အတူ ဖက်ဆစ်တို့၏ ထိုးစစ်လည်း ပြင်းထန်လာမှု တို့ကြောင့် အရှုံးနှင့်ရင်ဆိုင်ကာ မျက်နှာပန်းမလှသည့် ဘဝနှင့် ဆင်းမလားသို့ ဆုတ်ခွာနေခဲ့ရစဉ်က ဖော်ထုတ်ခဲ့သော "ပြန်လည်ထူထောင်ရေး" အမည်ခံ စီမံကိန်းနှင့် ပရောဂျက်များငြင့် ဗြိတိသျှနယ်ချဲ့တို့သည် စီးပွားရေးဖက်ဆစ်ဝါဒကို မြန်မာနိုင်ငံတွင်း မသိမသာ သွတ်သွင်းနေကြပေသည်။ ယင်းစီမံကိန်းနှင့် ပရောဂျက်များ အကြောင်းကို တစ်ခုစီ ရှင်းပြချိန်မရ၍ ကျွန်တော့်အနေဖြင့် ယေဘုယျမျှသာ သုံးသပ်တင်ပြလိုပါသည်။

မြန်မာနိုင်ငံ အစိတ်အပိုင်းတိုင်းအဖို့ သက်သာချောင်ချိရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လတ်တလော အရေးတကြီး လိုအပ်အနေဆုံးဖြစ်ကြောင်း မည်သူမျှ ငြင်းနိုင်မည်မဟုတ်၊ သို့သော် လိုအပ်ချက်အတွက် ဗြိတိသျှအစိုးရအနေဖြင့် မည်သို့ အရေးယူဆောင်ရွက်ခဲ့သနည်း။ "ပြန်လည်ထူထောင်ရေး" အမည်ခံ ပရောဂျက်များအတွက် ဘုရင်ခံသည် ပေါင်စတာလင်ငွေ ၈၇ သန်းကို အတိုးမဲ့ ချေးယူရရှိခဲ့သည်ဟု ဆိုသည်။ "အတိုးမဲ့" ဟူသော စကားကိုဂရုစိုက်ပါ။ ဗြိတိသျှ အစိုးရကိုယ်နှိုက်က အမေရိကန်ပြည်ထောင်စုမှ ၂ ရာခိုင်နှုန်းအတိုးနှုန်းဖြင့် ငွေချေးနေရချိန်တွင် မြန်မာနိုင်ငံအတွက် မည်သို့ အတိုးမဲ့ငွေချေးနိုင်ရသနည်း၊ ခပ်ရှင်းရှင်း ပြောရလျှင် ဖော်ပြပါ ငွေပမာဏသည် ကျွန်တော်တို့အတွက် ချေးငွေ



www.burmeseclassic.com

www.burmeseclassic.com



လည်းမဟုတ် အတိုးမဲ့လည်း မဟုတ်ပါ၊ တစ်ဖန် ငွေချေးသည် ဆိုစေကာမူ ငွေသားရခြင်းမဟုတ်၊ ကုန်ပစ္စည်းများကို ရခြင်းသာ ဖြစ်သည်။ ချေးမည့် ကုန်ပစ္စည်းများကို ဈေးနှုန်းသတ်မှတ်ကတည်းက သူတို့လိုချင်သော အတိုးနှုန်းများပါအောင် ထည့်တွက်ထားပြီးသား ဖြစ်သည်။ ထို့ကြောင့် ချေးငွေကိစ္စ သူတို့ပြောသမျှဆိုသမျှကို အမှန်တကယ် ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထား၍ မဖြစ်နိုင်၊ ယုံကြည်စရာအကြောင်း မရှိ။

အမေရိကန်ပြည်ထောင်စုမှ ငွေချေးရေးကိစ္စကို ဗြိတိသျှပါလီမန်နှင့် ပြည်သူများအတွင်း ဆွေးနွေးခဲ့ချိန်၌ ခံပြင်းသူခံပြင်း၊ မကျေနပ်သူ မကျေနပ်နှင့် အမျိုးမျိုးဖြစ်ခဲ့ကြရာ အမေရိကန်မှ ငွေချေးယူခြင်းကြောင့် နှောင်ကြိုးတစ်စုံတစ်ရာ မပါစေရပါဟု ဗြိတိသျှအစိုးရက ပါလီမန်တွင်လည်းကောင်း၊ ပြည်သူတို့အားလည်းကောင်း အမျိုးမျိုး ကတိပေးနှစ်သိမ့်ခဲ့သည်။ အချို့က အမေရိကန်ပြည်ထောင်စု၏ အလုပ်သဘောဆန်လွန်းခြင်းနှင့် မငဲ့ညှာလွန်ခြင်းတို့အတွက် အပြစ်တင်ရှုတ်ချခဲ့ကြသကဲ့သို့ အချို့ကလည်း(ကုန်သွယ်ရေး)တွင် အင်္ဂလန်နိုင်ငံက အင်ပါယာအခွင့်အရေးများကို ပေးရလျှင် အမေရိကန်ပြည်ထောင်စုကလည်း သူ၏ သွင်းကုန်ကန့်သတ်မှု[၁] များကို အပြန်အလှန် လျှော့ပေးသင့်သည်ဟု ဆိုခဲ့ကြသည်။

သို့သော် ဗြိတိသျှအစိုးရက မြန်မာနိုင်ငံသို့ငွေချေးသောအခါတွင်မူ ရှင်းရှင်းလင်းလင်းဖော်ပြ မထားစေကာမူ သူတို့၏ ချေးငွေလက်ခံရေးနှင့်ပတ်သက်၍ သူတို့လိုချင်သော အခြေအနေများကိုပါအောင် ထည့်သွင်း

၁ Import Controls.





ထားခဲ့သည်။ မည်သို့သော အခြေအနေများနည်း၊ အခြေအနေများကား . . . ချေးငွေကို ဗြိတိန်တွင် သုံးရမည်ဟူသော အခြေအနေကို အပထားပြီး ဘုရင်ခံ၏ ပြန်လည်ထူထောင်ရေး ပရောဂျက်များကို ဆန်းစစ်လိုက်လျှင်ပင် ၎င်းချေးငွေသည် မြန်မာပြည်သူများ၏စီးပွားရေးဘဝကို ပြန်လည်ထူထောင်ရန် မဟုတ်ဘဲ မြန်မာနိုင်ငံရှိ ဗြိတိသျှတို့၏ အကျိုးစီးပွားကို ပြန်လည်နေရာချထား အကောင်အထည်ဖော်ရေးအတွက် ဖြစ်ကြောင်း တွေ့ရမည်။ အစိုးရ၏ထိန်းချုပ်ကွပ်ကဲမှုနှင့် မစားရဝခမန်းရည်မှန်းချက်များကို အကြောင်းပြပြီး ဗြိတိသျှအစိုးရသည် အချိန်တိုအတွင်း ဗြိတိသျှအကျိုးစီးပွားနှင့် လက်ဝေခံများ၏ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူထောင်မည်။ မကြာမီ ထိုလုပ်ငန်းများကို ဗြိတိသျှနှင့် လက်ဝေခံ လုပ်ငန်းရှင်များအား စစ်အတွင်းပျက်စီးဆုံးရှုံးခဲ့သည့် သူတို့၏လုပ်ငန်းများအတွက် လျော်ကြေးသဘောဖြင့် ပြန်လည်လွှဲပြောင်းပေးမည်။ ဤကား မြန်မာနိုင်ငံတွင် ဗြိတိသျှအစိုးရက လုပ်ရန်မျှော်မှန်းထားသော ခြေလှမ်းပင် ဖြစ်သည်။ သို့သော် ဗြိတိသျှအစိုးရသည် ကျွန်ုပ်တို့နိုင်ငံသူနိုင်ငံသားများထဲမှ ထောင်ပေါင်းများစွာသော သူတို့၏ အသက်နှင့်စည်းစိမ် ဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့မှုအတွက် လျော်ကြေးပေးခဲ့သည်ဟုမူ တစ်ခါမျှ မကြားခဲ့ဘူးသေးပါ။ ကျွန်ုပ်တို့နိုင်ငံ၏ ပျက်စီးဆုံးရှုံးမှုအများဆုံး ဖြစ်ပေါ်ခဲ့ရခြင်းမှာ ၁၉၄၂ ခုနှစ်တွင် ဗြိတိသျှတပ်များ ဆုတ်ခွာခဲ့ရစဉ် ကျင့်သုံးခဲ့သောမြေလှန်စနစ်နှင့် ဗုံးကြဲဖျက်ဆီးမှုများကြောင့် ဖြစ်သည်။ ၎င်းပြင် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံကို မကာကွယ်နိုင်ခဲ့၍လည်းကောင်း၊ နယ်ချဲ့ဗျူဟာသဘောအရ ဘေးဒုက္ခများ



www.burmeseclassic.com

www.burmeseclassic.com



အတွင်း လျှစ်လျူရှုပစ်ထားခဲ့၍ လည်းကောင်း၊ ဤနိုင်ငံနှင့် ဤနိုင်ငံသားများသည် စစ်၏ဒဏ်ကို အကြီးအကျယ်အလူးအလှိမ့် ခံခဲ့ကြရသည်။ ဤဆိုးကျိုးများအတွက် သူတို့တွင် တာဝန်မကင်းဟု သူတို့၏ ပါလီမန်တွင်ပင်ဝန်ခံခဲ့ကြသည်။ ကျွန်ုပ်မှတ်မိလောက် ပြောရလျှင် မြန်မာနိုင်ငံကို ကာကွယ်ရေးသည် အင်ပါ၏တာဝန်ဖြစ်သည်ဟုပင် သူတို့ကိုယ်တိုင် ပြောခဲ့ကြသည်။ ထို့ကြောင့် ၁၉၃၁ ခုနှစ်အဆင့် အခြေအနေရောက်အောင် မြန်မာနိုင်ငံပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ဘဏ္ဍာငွေများကို ဗြိတိသျှအစိုးရက ထောက်ပံ့ခဲ့လျှင် ဗြိတိသျှအစိုးရသည် ၁၉၄၂ ခုနှစ်တွင် မြန်မာနိုင်ငံကို လုံခြုံအောင် ကာကွယ်ရန် မတတ်နိုင်ခဲ့၍လည်းကောင်း၊ မြေလှန်စနစ်နှင့် အခြားလုပ်ရပ်အမျိုးမျိုးဖြင့် အပျက်အစီး အဆုံးအရှုံးအမျိုးမျိုးကို မြန်မာနိုင်ငံက ရင်ဆိုင်ခဲ့ရ၍လည်းကောင်း၊ ဖော်ပြပါ ထောက်ပံ့ငွေများကို အခမဲ့နှောင်ကြိုးမဲ့ ပေးသင့်သည်။ ယခုမူ ထိုသို့မဟုတ်။ သူတို့ပေးသော ချေးငွေဆိုသည်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားများက ထမ်းဆောင်ရမည့် အချိန်ဆိုင်းအတိုးတစ်မျိုး[၁] ဖြစ်နေသည်။ ဤအချက်ကိုလည်း အပထားဦး၊ အကယ်၍ ဖော်ပြပါချေးငွေသည် မြန်မာပြည်သူပြည်သားများအား တနည်းနည်း အကျိုးပြုလျှင် တော်သေးသည်။ ယခုမူ ထိုသို့မဟုတ်ဘဲ ဗြိတိသျှတို့၏အကျိုးစီးပွားကို ပြန်လည်အသက်သွင်းရန် ဖြစ်နေသည်။ ထို့ကြောင့် ဗြိတိသျှတို့ပေးခြင်းမှာ ရှင်းရှင်းဆိုရလျှင် ချေးငွေမဟုတ်။ မြန်မာနိုင်ငံသူနိုင်ငံသားများထံမှ စစ်စရိတ်ကောက်ခံခြင်းဖြစ်ပေသည်။ စစ်လျော်ကြေး တောင်းခံခြင်းတစ်မျိုး

၁ Defferred Taxation





လည်း ဖြစ်ပေသည်။

မြန်မာပြည်သူတို့သည် စစ်လျော်ကြေးရရမည့်အစား စစ်လျော်ကြေးပေးနေရသည်။ စစ်စရိတ်ကို ကျခံနေရသည်။ ဤကားအမှန် ဖြစ်နေသည်။ "မြန်မာပြည်သူတို့အား စစ်လျော်ကြေးပေးရန် အဘယ်ကြောင့် မဆောင်ရွက်သနည်း"ဟု အစိုးရအား ကျွန်တော်တို့မေးသောအခါ အစိုးရက "လွန်ခဲ့သော ၃ နှစ်အတွင်းဘာတွေဖြစ်နေတယ်ဆိုတာ သူတို့မသိရလို့ ဘာမှမလုပ်နိုင်ကြောင်း၊ လေထီးနှင့်ဆင်းလာပြီး အခြေအနေစုံစမ်းရမလား။ ပြည်သူတွေရဲ့ သဘောကို မေးမြန်းရမလား။ ဒီလိုတော့ မလုပ်နိုင်ဘူး"ဟု ခပ်တုံးတုံးပင် ဖြေခဲ့ကြသည်။ တစ်ဖန်နိုင်ငံခြားမှ လာရောက်ရင်းနှီးအောင် အရင်းအနှီးကို ဆွဲဆောင်မှုနှင့် ပတ်သက်၍လည်း နားလည့်ပါးရိုက်ထားပုံများကို ကျွန်ုပ်တို့ သိထားရန်လိုသည်။ ကျွန်တော်တို့နိုင်ငံအဖို့ နိုင်ငံခြားမှ အရင်းအနှီးကို ဆွဲဆောင်ရန် အမှန်ပင်လိုပါသည်။ သို့သော် ကျွန်တော်တို့အဖို့ အရင်းအနှီးဆွဲဆောင်မှု အမည်ခံထားသော စစ်စရိတ် ကောက်ခံခြင်းကိုလည်းကောင်း၊ လက်ဝါးကြီးအုပ်လုပ်ငန်းကြီးများ[၁] ကိုလည်းကောင်း၊ တစ်ဦးချုပ်ရင်းနှီးမြှုပ်နှံမှုများ[၂] ကိုလည်းကောင်း မလိုချင်ပါ။

မြို့ပြဆပ္ပလိုင်းဘုတ်[၃]၊ လယ်ယာစိုက်ပျိုးရေးပရောဂျက်[၄] စသည်တို့ကဲ့သို့ ပရောဂျက်အချို့ကို ရေးဆွဲထုတ်ပြန်ခဲ့ရာ၌ "အစိုးရသည် ပြည်တွင်းလိုအပ်မှုထက်ပိုလျှံသော သီးနှံများအားလုံးကို တာဝန်ခံဝယ်ယူရမည်"ဟု အဆိုပြုခဲ့ကြသည်။ ထိုသို့ဝယ်ယူမှုသာ မက်လုံးဖြစ်

၁ Monopolies

၂ Unilateral Investment

၃ Civil Supply Board

၄ Agricultural Project



www.burmeseclassic.com

www.burmeseclassic.com



စရာ ဆွဲဆောင်နိုင်သော ဈေးနှုန်းရှိသည့် ဈေးကွက် အာမခံချက်ရှိခြင်းဖြင့် ကုန်ထုတ်လုပ်မှု အများဆုံးရကာ ပုံမှန်အခြေအနေ မြန်မြန်ရောက်ခြင်းဖြင့် ပရောဂျက်များ အတွက် လိုအပ်သောတည်ငြိမ်မှုကို ရနိုင်မည်ဟု အစိုးရ က မျှော်လင့်ထားခဲ့သည်။ မက်လုံးဖြစ်စရာ ဆွဲဆောင်နိုင် သော ဈေးနှုန်းများကား မည်သူ့အတွက်နည်း။ စိုက်ပျိုး ထုတ်လုပ်သူ လယ်သမားများအတွက်လော။ သို့မဟုတ် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်များဆိုသူ (အရင်းရှင် ကုန်သည်ပွဲစား)တို့အတွက်လော။ လယ်ယာကုန်ထွက် ပစ္စည်းများ၏ ဈေးနှုန်းများကို အစိုးရသတ်မှတ်ပေး ရမည်ကို ကျွန်တော်လက်ခံပါသည်။ ၎င်းကိစ္စအတွက် စစ်မဖြစ်ခင် ကတည်းက ကျွန်တော်တို့ပြောခဲ့၊ တောင်းဆို ခဲ့သော်လည်း အရာမထင်ခဲ့၊ အချည်းနှီးဖြစ်ခဲ့ရသည်။ ယခု ငွေကြေးဖောင်းပွမှု အခြေအနေ အထိပ်အခေါင်ရောက် နေချိန်မှ ဈေးနှုန်းများကို သတ်မှတ်တော့မည်။ မည်သို့ လုပ်မည်နည်း။ အခြေခံကုန်စည်များကို ကမ္ဘာ့ဈေးကွက် နှင့် စားသုံးသူများ၏ အခြေအနေပေါ်မူတည်၍ ဈေး နှုန်းသတ်မှတ်ရမည့် အချက်ကို ကျွန်တော် လက်ခံပါ သည်။ သို့သော် ယင်းဈေးနှုန်းများကို မသတ်မှတ်မီ ငွေကြေးဖောင်းပွမှု (ကုန်ဈေးနှုန်းများတက်နေမှု) ပြဿနာကို အရင်ရှင်း ရန်လိုသည်။ ငွေကြေးဖေါင်းပွမှု (ကုန်ဈေးနှုန်းများ တက်နေမှု)ပြဿနာကို မရှင်းဘဲ ဈေးနှုန်းသတ်မှတ်မည်ဆိုလျှင် ကျွန်တော်တို့ လယ်သမား အလုပ်သမားတို့၏လည်ပင်းကို ညှစ်ခြင်းနှင့် ဘာမျှခြား မည်မဟုတ်။ ထိုသို့ သတ်မှတ်လျှင် မည်သည့်အကျိုး ဆက်များ ဖြစ်ပေါ်မည်နည်း။ စားပြမှုများ၊ လုယက်မှုများ၊ စစ်သုံးပစ္စည်းမှောင်ခိုရောင်းချမှုများ ဖြစ်ပေါ်မည်မလွဲပါ။





(ယခုလည်း ဖြစ်နေသည်မှာ အားလုံးအသိ ဖြစ်သည်) ငွေကြေးဖေါင်းပွမှု (ကုန်ဈေးနှုန်းတက်နေမှု)ပြဿနာကို မည်သို့ဖြေ ရှင်းမည်နည်း။ ၎င်းအတွက် ပထမဆုံး လုပ်ရ မည့်အလုပ်မှာ ကုန်စည်များ ပြည်တွင်းတွင်လည်း ကောင်း၊ ပြည်ပမှလည်းကောင်း၊ လွတ်လပ်စွာ လည်ပတ် စီးဝင်နိုင်အောင် လုပ်ရေးဖြစ်ကြောင်း လူတိုင်းအသိပင် ဖြစ်ရာ ထိုအတွက် လိုအပ်သော ကုန်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေး စသည့် အရေးယူပြင်ဆင်မှုများကို လုပ်ပေးရမည်။ အစိုးရအနေဖြင့် ယင်းတာဝန်အားလုံးကို မယူနိုင်စေကာမူ စီးပွားရေးတွင် အလေအလွင့် အပျက် အစီးနည်းအောင် ဝရုန်းသုန်းကား မဖြစ်အောင် အနည်း ဆုံး ကြည့်ရှုကြပ်မတ်ပေးရမည်။ ဤနေရာတွင် ပို့ကုန် သွင်းကုန်ကိစ္စကိုလည်း ပြောချင်သေးသည်။ မြန်မာနိုင်ငံ ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းတို့ကို အစိုးရက တစ်ဦးချုပ် လက်ဝါးကြီးအုပ်လုပ်တော့မည် ဖြစ်သည်။ သို့သော် ယခု လုပ်မည့် တစ်ဦးချုပ်လက်ဝါးကြီးအုပ် လုပ်ကိုင်မှုသည် ပုံစံအားဖြင့် ဆိုဗီယက်ပြည်ထောင်စုက တစ်ဦးချုပ် လက်ဝါးကြီးအုပ်လုပ်ကိုင်သည့် နိုင်ငံ ခြားကုန်သွယ်ရေး မျိုးလည်း မဟုတ်။ အစိုးရသည် ကုန်သွယ်မှုတွင်အတွေ့ အကြုံ မရှိဟူသော အကြောင်းပြချက်ဖြင့် ကိုယ်စားလှယ် များကို ဝင်လုပ်စေမည် ဖြစ်သည်။

ကောင်းပါပြီ။ အကယ်၍ အစိုးရက တာဝန် အားလုံးကို မယူနိုင်လျှင် အဘယ်ကြောင့် ယခင်တစ်ဦး ချုပ် လုပ်ငန်းရှင်ကြီးများကိုပင် ကိုယ်စားလှယ်အဖြစ် ပြန်လည်အပ်ရသနည်း။ ကျွန်တော်တို့ အမျိုးသားများ ထဲမှ ကိုယ်စားလှယ်များ မခန့်ထားနိုင်သလော။ အဘယ် ကြောင့် ကိုယ်စားလှယ် မခန့်ရသနည်း။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားများထဲမှ အတွေ့အကြုံမရှိဟု သူတို့ဆင်ခြေပေးကြသည်။ အတွေ့အကြုံ. . . ဤ အတွေ့အကြုံဟူသော စကားလေးနှင့်ပင် ကျွန်တော်တို့ အမျိုးသားများမှာ အတွေ့အကြုံရအောင် လေ့လာခွင့်သင်ကြားခွင့်ပင် မရတော့။ မြန်မာများ မလုပ်နိုင်လောက်အောင်၊ ရောင်းခြင်းဝယ်ခြင်းတည်းဟူသော အလုပ်တွင် ဘယ်လိုများ၊ ဘယ်လောက်များ အခက်အခဲ ရှိပါသနည်း။

အကြံဉာဏ်လေးများလိုလျှင် ယင်းအတွက်ပင် အစိုးရက မပေးနိုင်တော့သလော။ ဤအခြေအနေများတွင် ဂျပန်ငွေစက္ကူများကို တရားမဝင် ကြေညာလိုက်သည့်အတွက် ကျွန်တော်တို့နိုင်ငံသားများ အထူးသဖြင့် တောကျေးလက်ဒေသမှ လူများ လွန်စွာ ထိခိုက်ကြရသည်။ မြန်မာနိုင်ငံတွင် ဂျပန်ငွေစက္ကူများ လုံးဝတန်ဖိုးမရှိအောင် တရားမဝင်ဟု ကြေညာချိန်တွင် ယင်းဂျပန်ငွေစက္ကူကိုပင် အရှေ့တောင်အာရှရှိ အခြားသိမ်းပိုက်ဒေသများတွင် တန်ဖိုးရှိအောင် လုပ်ထားခြင်းမှာ ခံပြင်းစရာ ရင်နာစရာ ကောင်းသည်။ ထိုသို့လုပ်ရန် မည်သည့်အကြောင်းရင်းများက လမ်းညွှန်ခဲ့သနည်း။ မြန်မာနိုင်ငံကို ဗြိတိသျှကိုလိုနီ မဟုတ်သော ဒေသများလောက်ပင် စိတ်မဝင်စား၍လော။ ယခုအခါ စစ်ဆင်ရေးများ ပြီးသွားပေပြီ။ ရန်သူများအနေဖြင့် အကန့်အသတ်မဲ့ ဂျပန်ငွေစက္ကူများ ရိုက်ထုတ်မည့် အန္တရာယ်လည်း ကျော်လွန်ခဲ့ပေပြီ။ အချို့ဒေသများတွင် လုပ်သကဲ့သို့ သတိထားပြင်ဆင်ကာ ယင်းငွေစက္ကူများတွင် တန်ဖိုးရှိလာအောင်နှင့် ပြန်လည်လည်ပတ်အောင် အဘယ်ကြောင့် ယနေ့အထိ မသတ်မှတ်နိုင်ရသနည်း။ မြန်မာနိုင်ငံကို ဗြိတိသျှအစိုးရခန့် ကိုယ်စားလှယ်များမဟုတ်ဘဲ ပြည်သူ့ကိုယ်စား





လှယ်များဖြင့် မိမိတို့အား နိုင်ငံတကာက အသိအမှတ်ပြုအောင် တောင်းဆိုနိုင်ရေးအတွက် အားပေးထောက်ခံနိုင်ပါလျက် အဘယ်ကြောင့် ဂျပန်ငွေစက္ကူကို တန်ဖိုးရှိအောင် လူထုလက်ထဲ ပြန်လည် လည်ပတ်သုံးစွဲနိုင်အောင် မလုပ်နိုင်ရသနည်း။

မြန်မာနိုင်ငံသို့ ဗြိတိသျှနယ်ချဲ့များက စီးပွားရေးဖက်ဆစ်ဝါဒကို သွတ်သွင်းလာခြင်းနှင့် ပတ်သက်၍ ဆင်ခြေဆင်လက်များကို ဖော်ပြလျှင် ဆုံးနိုင်တော့မည်မဟုတ်။ ကျွန်တော်တို့၏ နိုင်ငံမှာ ငွေကြေးဖောင်းပွမှုပြဿနာကြောင့် အကြီးအကျယ် ဒုက္ခရောက်နေသည်။ ပြည်သူအမြောက်အများ အလုပ်လက်မဲ့ဖြစ်နေကြသည်။ လက်ထဲတွင် ငွေကြေးမရှိကြ။ ဤအချက်များနှင့် အခြားအချက်များစွာက လက်ရှိမြန်မာ နိုင်ငံတွင် အသက်ဝင်လှုပ်ရှားနေသော စီးပွားရေးအင်အားစုများ၏ အခြေအနေကို ပို၍ဆိုးဝါးသွားအောင် ဖန်တီးနေပေသည်။ ဗြိတိသျှအစိုးရသည် သူကိုယ်တိုင်ကလည်း ကုန်ပစ္စည်းများကို အလုံအလောက် မဖြန့်ဖြူးနိုင်၊ ကုန်သွယ်ရေးကို ပြည်တွင်းပြည်ပ လွတ်လပ်စွာ စီးဆင်းခွင့်လည်း မပြု။ ထိုသို့ပြုရမည့်အစား အခြားနိုင်ငံများမှ ဝင်လာမည့် ကုန်စည်အားလုံးကို ပိတ်ပင်ကာ "ကောက်ရိုးပုံစောင့်ခွေးဝါဒ"[၁] မျိုးကျင့်သုံးနေသည်။ ကုလသမဂ္ဂပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးအေဂျင်စီ[၂] နှင့်ပင် အဆက်ဖြတ်ထားသည်။ သို့သော် ဤလုပ်ရပ်များဖြင့် ဗြိတိသျှနယ်ချဲ့ဝါဒသည် မြန်မာနိုင်ငံသို့ မူလအခြေအနေပြန်ရအောင် လုပ်နိုင်လိမ့်မည်မဟုတ်။ ဤလုပ်ရပ်နှင့် နည်းလမ်းများသည် မြန်မာနိုင်ငံအတွက် အရှုံးနှင့်

၁ Dog-In-The-Manger Policy

၂ U.N.R.R.A



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဝါးမှုများကို ရင်ဆိုင်ရရန်သာ ရှိသည်။ မြန်မာနိုင်ငံအဖို့ လုံးဝဥပေက္ခာ ပြုခံထားရသည်နှင့်အညီ အခြေအနေမှာ ဆိုးဝါးလျက်ပင် ရှိနေသေးသည်။

(ဤဆောင်းပါးမှာ The Burma Digest Publishing House, Rangoon တိုက်မှ ၁၉၄၆ ခု၊ မေလထုတ် "The Burma Digest" ဂျာနယ် အတွဲ ၁၊ အမှတ် ၅ တွင် "Economic Fascism in Burma" ခေါင်းစဉ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သော ဆောင်းပါးတစ်ပုဒ်ဖြစ်ပြီး စာရေးသူက ၁၁-၇-၇၂ ထုတ် "ဗိုလ်တထောင်" သတင်းစာတွင် ဘာသာပြန် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းဆောင်းပါးပါ အယူအဆ အချို့ကို ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းအချို့၌ ဟိုတစ်စ၊ ဒီတစ်စ တွေ့ရှိရမည် ဖြစ်ပေသည်။ သို့သော် စီးပွားရေး အယူအဆအချို့ကို သီးသန့်ဖော်ပြထားသော ဗိုလ်ချုပ် ကိုယ်တိုင်ရေးဆောင်းပါးမှာ ရှားပါးလှသဖြင့် ယင်းရှားပါးလှသည့် ဗိုလ်ချုပ်၏ဆောင်းပါးများ မတိမ်မြုပ်မပျောက်ကွယ်သွားစေရန် မှတ်တမ်းတင် သိမ်းဆည်းထားသည့်အနေဖြင့် သတင်းစာတွင် ဘာသာပြန်ဖော်ပြပြီးဆောင်းပါးကိုပင် ဤစာအုပ်တွင် နောက်ဆက်တွဲအဖြစ် ထပ်မံဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။ မဖတ်မိသေးသော မလေ့လာမိသေးသော စာဖတ်သူများအတွက် အကျိုးရှိလိမ့်မည်ဟု မျှော်လင့်ပါသည်)။



ကမ္ဘာ့စာပေသမိုင်း၌ ပြည်သူ့အပေါ်တွင်
သြဇာအရှိဆုံး စာပေလက်ရာကို ညွှန်ပြပါဆိုလျှင်
ဝါလမီကိ၏ ရာမယဏကို ညွှန်ပြရပေလိမ့်မည်။

ရာမသမိုင်း

ပါရဂူ

စာမူခွင့်ပြုချက် - ၄၀၀၃၆၅၀၄၀၉

ထွက်ပြီ

ဇာတ်လမ်း၊ ဇာတ်ဆောင်၊ စရိုက်
တွေးထောင့်၊ ရှုထောင့်၊ ရေးဟန်၊ အပြော၊ အပြု
ရေးသူဖတ်သူ အကွာအဝေးနှင့် ရသအတွေးအမြင်စာစု

ဝတ္ထုရေးရာဆောင်းပါးများ

အောင်သင်း

စာမူခွင့်ပြုချက် - ၄၀၀၈၇၈၀၇၀၉


ရွှန်းပွင့်စာအုပ်တိုက် - ဖုန်း ၀၉ ၅၀ ၉၈၆၀၆၊ ၀၉ ၅၀ ၄၃၁၆

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့နိုင်ငံရေးနှင့် စီးပွားရေးခေါင်းဆောင်တို့အတွက်
ဆက်လက်ခြေရာခံ သုံးသပ် လေ့လာရန်နှင့်
ပေါ်လစီကိစ္စများကို စဉ်းစားဆုံးဖြတ် လက်တွေ့လုပ်ကိုင်နိုင်ရန်




တင်စိုး(ဘောဂဂုဏ်)

# ဗိုလ်ချုပ်အောင်ဆန်း၏ စီးပွားရေးအမြင်

Design : N min(Knowledge bridge), 2010

www.burmeseclassic.com